AASYC

# ၂၀၂၀ ခုနှစ်၊ မေလအတွင်း ရခိုင်ပြည်အရေးနှင့် ပတ်သက်သည့် သတင်းသုံးသပ်ချက်

ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC) သုတေသနနှင့် မှတ်တမ်းဌာန မှ ထုတ်ဝေသည်။


၂၀၂၀ခုနှစ် မေလအတွင်း ရခိုင်ပြည်၌ လူ့အခွင့်အရေး ချိုးဖောက်မှု
သေဆုံး (၅) မှု
ဒဏ်ရာရ (၁၂) မှု
ဖမ်းဆီး (၂၆) မှု
ပျောက်ဆုံး (၃) မှု
ပစ္စည်းဥစ္စာ သိမ်းဆည်းခြင်းနှင့် ဖျက်ဆီးခြင်း (၅) မှု
အတင်းအဓမ္မ နေရပ်မှ ရွှေ့ပြောင်းခြင်း (၉) မှု
ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များ အစည်းအရုံး
(AASYC)
aasyc.arakan
aasyc_ghq
aasyc.ghq@gmail.com
www.aasyc.info

# မာတိကာ


၁။ **နိုင်ငံရေး-စစ်ရေးသတင်းတိုများ**

- ၁.၁. ရက္ခိုင့်တပ်တော် (ULA/AA)လှုပ်ရှားမှု
- ၁.၂. မြန်မာအစိုးရလက်နက်ကိုင်အဖွဲ့များလှုပ်ရှားမှု
- ၁.၃. နစ်ဖက်ပစ်ခတ်တိုက်ခိုက်မှု
- ၁.၄. နစ်ဖက်ထုတ်ပြန်ချက်နှင့်စွပ်စွဲပြောဆိုချက်များ
- ၁.၅. အခြားလက်နက်ကိုင်အဖွဲ့များ၏ လှုပ်ရှားမှုနှင့် ပစ်ခတ်တိုက်ခိုက်မှုများ
- ၁.၆. အထွေထွေနိုင်ငံရေးနှင့်ဆက်စပ်အကြောင်းအရာများ

၂။ **လူမှု-စီးပွါးရေးသတင်းတိုများ**

- ၂.၁. လူ့အခွင့်အရေးချိုးဖောက်မှုသတင်းများ
  - ၂.၁.၁. မတရားဖမ်းဆီးချုပ်နှောင်ခြင်း
  - ၂.၁.၂. ညှင်းပန်းနှိပ်စက်ခြင်းနှင့် အခြားထိခိုက်ဒဏ်ရာရရှိခြင်း
  - ၂.၁.၃. သတ်ဖြတ်ခြင်း
  - ၂.၁.၄. အစအနပျောက်ဆုံးခြင်း
  - ၂.၁.၅. ပစ္စည်းဥစ္စာများကို သိမ်းဆည်းခြင်းနှင့် ဖျက်ဆီးခြင်း
  - ၂.၁.၆. လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုများကို ကန့်သတ်ခြင်း၊ ပိတ်ပင်တားဆီးခြင်း
  - ၂.၁.၇. လွတ်လပ်စွာ လှုပ်ရှားသွားလာမှုကို ကန့်သတ်ခြင်း၊ ပိတ်ပင်ခြင်း
- ၂.၂. **စစ်ဘေးရှောင်သတင်းများ**
  - ၂.၂.၁. စစ်ဘေးရှောင်ဦးရေအတိုးအလျှော့ (စစ်ဘေးရှောင်ဦးရေနှင့်စခန်းအတိုးအလျှော့)
  - ၂.၂.၂. စစ်ဘေးရှောင်များ၏စား၊ဝတ်၊နေရေး
  - ၂.၂.၃. စစ်ဘေးရှောင်များ၏ ပညာရေး
  - ၂.၂.၄. စစ်ဘေးရှောင်များ၏ လုံခြုံရေး
  - ၂.၂.၅. စစ်ဘေးရှောင်များ၏ ကျန်းမာရေး
- ၂.၃. **လူမှု-စီးပွါးရေးအထွေထွေ**
  - ၂.၃.၁. စား၊ ဝတ်၊ နေရေး
  - ၂.၃.၂. ကျန်းမာရေး
  - ၂.၃.၃. လုံခြုံရေး
  - ၂.၃.၄. ပို့ဆောင်ဆက်သွယ်ရေး
  - ၂.၃.၅. စီးပွါးရေး
  - ၂.၃.၆. ယဉ်ကျေးမှု

၃။ တွေ့ရှိချက်

၄။ သုံးသပ်ချက်

၅။ အကြံပြုချက်

၆။ Infographics

# ၁. နိုင်ငံရေး-စစ်ရေးသတင်းတိုများ

## ၁.၁. ရက္ခိုင့်တပ်တော် (ULA/AA)လှုပ်ရှားမှု

(၁) (၀၅.၀၅.၂၀) ရက်နေ့တွင် တောက်ကုတ်မြို့နယ်၊ ဘူးရွှေမော်ကျေးရွာရှိ COVID– 19 ရောဂါကာကွယ် စောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌအဖြစ်ဆောင်ရွက်နေသည့် ဦးသန်းရွှေ အား ULA/AA အဖွဲ့မှ ဖမ်းဆီးသွားကြောင်း တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ထုတ်ပြန်သည်။[The Ladies News][RFA][DMG] [Cincds]

(၂) (၁၀.၀၅.၂၀) ရက်နေ့တွင် အမ်းမြို့နယ်၊ ကဖူးကိုင်း ကျေးရွာအနီး၌ တပ်မတော် စစ်ကြောင်းမှ လုံခြုံရေး ဆောင်ရွက်နေစဉ် ULA/AA အဖွဲ့ဝင် (၁) ဦးအားတွေ့ရှိသဖြင့် စစ်ဆေးရန်ခေါ်ယူရာ ထွက်ပြေးသောကြောင့် ပစ်ခတ်ဖမ်းဆီးခဲ့ပြီး ခလုတ်မိုင်း၊ ဆက်စပ် ပစ္စည်းများနှင့်အတူ အသေ ဖမ်းဆီးရမိကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်သည်။ [Cincds]

(၃) (၁၁.၀၅.၂၀) ရက်နေ့၌ ကျောက်တော်မြို့တွင်းမှ လုံခြုံရေးဆောင်ရွက်ပြီး ပြန်လာသည့် တပ်ဖွဲ့ဝင်များအား ကစ္စပနဒီတံတား အနောက်ဖက် မီတာ (၃၀၀) ခန့်အကွာသို့ အရောက်တွင် ရန်ကုန်-စစ်တွေ ပြည်ထောင်စု လမ်းမကြီး၏ ညာဘက်လမ်း၌ ထောင်ထား သည့် ရီမုမိုင်း (၂) လုံးဖြင့် ULA/AA မှ ဖောက်ခွဲ တိုက်ခိုက်ခဲ့ကြောင်း တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်သည်။[DMG]

(၄) (၂၉.၀၅.၂၀) ရက်နေ့၊ (၀၂း၀၀) နာရီတွင် ရသေ့တောင်မြို့နယ်ရှိ သဖင်မြိုင်ပင်မ ရဲကင်းစခန်းအား ULA/AA အဖွဲ့ဝင် (၁၀၀) ခန့် ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် ပြန်လည် ပစ်ခတ်မှုဖြစ်ပွါးရာ အင်အား မမျှသောကြောင့် ကားကင်းကုန်းစခန်းသို့ သွားရောက် ပူးပေါင်းခဲ့ပြီး တိုက်ခိုက်မှုအတွင်း ရဲတပ်ဖွဲ့ဝင် (၁၀) ဦး၊မိသားစုဝင် (၃) ဦး (ကလေး ၁ ဦး အပါ) တို့ ပျောက်ဆုံးနေကြောင်း (၂၉.၀၅.၂၀) ရက်နေ့တွင် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ထုတ်ပြန်သည်။ [Cincds] [DMG] [Narinjara] [RFA] [The Ladies News] [BBC] [VOA] [Khit Thit Media]

## ၁.၂. မြန်မာအစိုးရ လက်နက်ကိုင် အဖွဲ့များ လှုပ်ရှားမှု

(၁) (၀၁.၀၅.၂၀) ရက်နေ့၊ (၁၁း၀၀) နာရီတွင် တိုက်ပွဲဖြစ်ပွါးမှုမရှိဘဲ ပလက်ဝအခြေစိုက် ခလရ (၂၈၉) တပ်ရင်းမှ ပလက်ဝမြို့၊ ပလုတ်တောင် ရပ်ကွက်အတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက် ခဲ့ကြောင်း ULA/AA မှထုတ်ပြန်သည်။ [ULA/AA]

(၂) (၀၁.၀၅.၂၀) ရက်နေ့၊ (၁၅း၀၃) နာရီတွင် အစိုးရတပ်မတော်မှ မြေပုံမြို့နယ် စည့ည်းရွာ မြောက်ဖက် တောင်ကြောသို့ ဂျက်တိုက်လေယာဉ် (၁) စီးဖြင့် မိနစ် (၂၀) ခန့်လာရောက် ဗုံးကြဲ တိုက်ခိုက်ခဲ့ပြီး (၁၅း၂၃) နာရီမှစ၍ ရဟတ်ယာဉ် (၁) စီးဖြင့် (၁၅) မိနစ်ခန့် လာရောက် ပစ်ခတ် တိုက်ခိုက်ခဲ့ကြောင်း ULA/AA မှထုတ်ပြန်သည်။ [ULA/AA]

(၃) (၀၄.၀၅.၂၀) ရက်နေ့တွင် အစိုးရတပ်မတော်သည် မြေပုံမြို့နယ်၊ စည့ည်းရွာ မြောက်ဖက် (၅) ကီလိုမီတာ အကွာရှိ တောင်တန်းအား ဂျက်တိုက်လေယာဉ်(၁) စီးဖြင့် (၁၅း၀၀) နာရီမှ (၁၅း၂၀) နာရီထိ ဗုံးကြဲ တိုက်ခိုက်ခဲ့သည်။
ထို့နောက် ရဟတ်ယာဉ် (၁) စီးဖြင့်လည်း (၁၅) မိနစ်ကြာ လာရောက်တိုက်ခိုက်ပြီး လက်နက်ကြီး များဖြင့် အကြိမ် (၁၀၀) ကျော် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ULA/AA မှ ထုတ်ပြန်သည်။ [ULA/AA]

## ၁.၃. နစ်ဖက်ပစ်ခတ်တိုက်ခိုက်မှု

(၁) (၀၁.၀၅.၂၀) ရက်နေ့တွင် မင်းပြားမြို့နယ်၊ ဖားပြုံရွာ အရှေ့တောင်ဖက် (၁.၆) ကီလိုမီတာအကွာရှိ တောင်တန်း၌ အစိုးရတပ်မတော်နှင့် ULA/AA တို့ (၃) နာရီခန့် တိုက်ပွဲဖြစ်ပွါးခဲ့ကြောင်း ULA/AA မှ ထုတ်ပြန်သည်။[ULA/AA]

(၂) (၀၁.၀၅.၂၀) ရက်နေ့(၀၈း၀၀) ကျော်တွင် ပလက်ဝမြို့၊ ရပ်ဝရွာ အနောက်မြောက်ဖက် တောင် တန်းရှိ ULA/AA အဖွဲ့ဝင်များ ရှိသည့်နေရာအား အစိုးရတပ်မတော်မှ လက်နက်ကြီးများဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့ပြီး (၁၄း၃၀) နာရီမှစ၍ မြေပြင်မှ လက်နက်ကြီး ပစ်ကူထိုးစစ်ဆင် တိုက်ခိုက် ခဲ့သောကြောင့် နာရီဝက်ခန့် တိုက်ပွဲဖြစ်ပွါးခဲ့ကြောင်း ULA/AA မှထုန်ပြန်သည်။[ULA/AA]

(၃) (၀၂.၀၅.၂၀) ရက်နေ့၊ (၁၄း၀၀) နာရီတွင် ရသေ့တောင်မြို့နယ်၊ ဒုံးပိုက်ကျေးရွာအနီးရှိ ဈေးဆိုင် တွင် အရက်သောက်နေသော နယ်ခြားစောင့်ရဲဝန်ထမ်း (၃) ဦးအား ULA/AA အဖွဲ့မှ လာရောက် ပစ်ခတ် သောကြောင့် မိနစ်(၂၀) ခန့် နစ်ဖက်ပစ်ခတ်မှု ဖြစ်ပွါးခဲ့ပြီး နယ်ခြားစောင့်ရဲဝန်ထမ်း (၂) ဦး ဒဏ်ရာ ရရှိသွားကြောင်း ရသေ့တောင်မြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် နှင့် ဒုံးပိုက်ကျေးရွာမှ ဒေါ်ခင်စောရီမှ ပြောသည်။ [DMG]

(၄) (၀၂.၀၅.၂၀) ရက်နေ့ (၀၅း၁၀) နာရီတွင် မင်းပြားမြို့နယ်၊ ဖားပြုံရွာတောင်ဖက် (၂.၄) ကီလိုမီတာအကွာရှိ ULA/AA အဖွဲ့ဝင်များရှိသည့်နေရာအား အစိုးရတပ်မတော်မှ ဝင်ရောက် လာသောကြောင့် တိုက်ပွဲဖြစ်ပွါးခဲ့ပြီး အစိုးရတပ်မတော်ဖက်မှ (၅) ဦး ကျဆုံးခဲ့ ကြောင်း ULA/AA မှ ထုတ်ပြန်သည်။ [ULA/AA]

(၅) (၀၂.၀၅.၂၀) ရက်နေ့ (၁၀း၂၇) နာရီတွင် ပလက်ဝမြို့၊ ရပ်ဒုန်ရွာ မြောက်ဖက်(၁.၅) ကီလိုမီတာအကွာရှိ တောင်တန်း၌ ULA/AA ရှိသည့်နေရာအား အစိုးရတပ်မတော်မှ နစ်ဖက်ညှပ်၍ တိုက်ခိုက်လာသောကြောင့် တိုက်ပွဲဖြစ်ပွါးခဲ့ပြီး (၁၄း၃၀) နာရီမှစ၍ အစိုးရ တပ်မတော်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ULA/AA မှထုတ်ပြန် သည်။ [ULA/AA]

(၆) (၀၃.၀၅.၂၀) ရက်နေ့ (၀၉း၁၅) နာရီတွင် အစိုးရတပ်မတော်မှ ပလက်ဝမြို့၊ ရပ်ဝကျေးရွာအနောက်မြောက်ဖက် တောင်တန်းရှိ ULA/AA အဖွဲ့အား ထိုးစစ်ဆင် တိုက်ခိုက်သည့် အတွက် အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွါးခဲ့ပြီး အစိုးရတပ်မတော်ဘက်မှ (၁၀) ဦး ကျဆုံး ကြောင်း ULA/AA မှထုတ်ပြန်သည်။ [ULA/AA]

(၇) (၀၅.၀၅.၂၀) ရက်နေ့ (၁၁း၄၀) နာရီတွင် ပလက်ဝမြို့နယ်၊ နမ်းချောင်းရွာ အရှေ့ မြောက်ဖက်၊ မီတာ (၈၀၀) အကွာတောင်တန်းရှိ ULA/AA အဖွဲ့ဝင်များအား အင်အား (၁၅၀) ခန့်ရှိသော အစိုးရတပ်မတော်မှ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။[ULA/AA]

(၈) (၀၆.၀၅.၂၀) ရက်နေ့ (၁၉း၀၀) နာရီတွင် ပလက်ဝမြို့နယ်၊ ရွှေချောင်းဝရွာ အနောက် မြောက်ဖက် (၁.၄) ကီလိုမီတာအကွာ၌ အစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲ ဖြစ်ပွါး ခဲ့ကြောင်း ULA/AA မှထုတ်ပြန်သည်။[ULA/AA]

(၉) (၀၆.၀၅.၂၀) ရက်၊ (၂၀း၂၃) နာရီတွင် မင်းပြားမြို့နယ်၊ ရာမောင်တောင်တန်း၌ အစိုးရတပ်မတော်နှင့် ULA/AA တို့ (၁) နာရီခန့် တိုက်ပွဲဖြစ်ပွါးခဲ့ကြောင်း ULA/AA မှထုတ်ပြန် သည်။ [ULA/AA]

(၁၀) (၀၇.၀၅.၂၀) ရက်နေ့ (၁၃း၄၀) နာရီတွင် ပလက်ဝမြို့နယ်၊ လောင်းကဒူးရွာ အနောက် ဖက်၊ ပွိုင့်-၆၀၂ တောင်ကုန်း၌ အစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲဖြစ်ပွါးခဲ့ကြောင်း ULA/AA မှထုတ်ပြန်သည်။[ULA/AA]

(၁၁) (၀၇.၀၅.၂၀) ရက်နေ့ (၁၄း၄၀) နာရီတွင် ပလက်ဝမြို့နယ်၊ ရပ်ဝရွာအနီးရှိ တောင်တန်းများတွင် အစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲဖြစ်ပွါးခဲ့ကြောင်း ULA/AA မှထုတ်ပြန်သည်။[ULA/AA]

(၁၂) (၀၇.၀၅.၂၀) ရက်နေ့ (၁၃း၀၀) နာရီတွင် မင်းပြားမြို့နယ်၊ ရာမောင်တံတား အရှေ့ဖက် တောင်တန်း၌ အစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲဖြစ်ပွါးခဲ့ကြောင်း မင်းပြားမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစစ်နိုင်မှပြောသည်။ [DMG] [Narinjara] [ULA/AA]

(၁၃) (၀၇.၀၅.၂၀) ရက်နေ့တွင် ပလက်ဝမြို့အနီး၌ အစိုးရတပ်မတော်နှင့် ULA/AA အဖွဲ့ တိုက်ပွဲဖြစ်ပွါးပြီး အစိုးရတပ်မတော်ဖက်မှ မြို့အနောက်ဘက် TV တိုင်ရှိသည့် တောင်ကုန်းနှင့် မြို့အနီးဝန်းကျင်

ရှိ တောင်တန်းများအား ဂျက်ဖိုက်တာ (၂) စီး၊ ရဟတ်ယာဉ် (၂) စီး ဖြင့် လှည့်ပတ် တိုက်ခိုက်ခဲ့ကြောင်း မြို့ခံများမှ ပြောသည်။ [Irrawaddy]

(၁၄) (၁၈.၀၅.၂၀) ရက်နေ့၊ (၁၅း၃၀) နာရီတွင် ပလက်ဝမြို့အရှေ့ဖက်၊ ရပ်ဝကျေးရွာအနီးရှိ တောင်တန်းများတွင် အစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲဖြစ်ပွါးနေပြီး နေ့လည်ပိုင်းတွင်တပ်မတော်ဖက်မှ ဂျက်လေယာဉ်များဖြင့် ပစ်ခတ်ကြောင်း ပလက်ဝမြို့ပေါ် အရပ်ဖက်လူမှုအဖွဲ့အစည်းမှ ဦးအိုက်ထွန်းမင်းနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝေ့တင်းတို့မှ ပြောသည်။

[Irrawaddy] [The Ladies News]

(၁၅) (၁၈.၀၅.၂၀) ရက်နေ့၊ (၁၇း၀၀) နာရီတွင် မင်းပြားမြို့နယ်၊ ရာမောင်တံတားအနီးနှင့် အမ်း-စစ်တွေပြည်ထောင်စုကားလမ်းအနီးရှိ ပွိုင့်-၁၁၄ တောင်ကုန်း၌ နေရာယူထားသည့် ULA/AA ၏ ခြေကုတ်စခန်းအား သိမ်းပိုက်ရရှိပြီး ULA/AA ထံမှ အလောင်း၊ လက်နက်နှင့် ဆက်စပ်ပစ္စည်းများ ရရှိခဲ့ကြောင်း (၁၈.၀၅.၂၀) ရက်နေ့တွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှထုတ်ပြန်သည်။ [Cincds]

(၁၆) (၁၂.၀၅.၂၀) ရက်နေ့တွင် ပလက်ဝမြို့နယ်၌ အစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲ ဖြစ်ပွါးကြောင်း ချင်းပြည်နယ် အစိုးရအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဝန်ကြီးဟောင်း ဦးစိုးထက်မှ ပြောသည်။ [The Ladies News]

(၁၇) (၁၆.၀၅.၂၀) ရက်နေ့၊ (၂၃း၀၀) နာရီတွင် မြောက်ဦးမြို့နယ်၊ ဗူးရွက်မညိုး ကျေးရွာ အရှေ့ဖက်ရှိ တံတားအနီး၌ အစိုးရတပ်မတော်နှင့် ULA/AA တို့ (၁၀) မိနစ်ခန့် ပစ်ခတ်မှု ဖြစ်ပွါးခဲ့ကြောင်း ဒေသခံများမှ ပြောသည်။ [BBC]

(၁၈) (၁၆.၀၅.၂၀) ရက်နေ့၊ (၁၃း၄၀) နာရီတွင် မြောက်ဦးမြို့နယ်၊ လက္ကာရွာတောင်ဖက်၊ မီတာ(၄၀၀) ခန့်အကွာ၌ အစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲဖြစ်ပွါးခဲ့ကြောင်း ULA/AA မှထုတ်ပြန်သည်။[ULA/AA]

(၁၉) (၂၄.၀၅.၂၀) ရက်နေ့၊ (၀၃း၀၀) နာရီကျော်တွင် မြောက်ဦးမြို့နယ်၊ ဝေသာလီ ကျေးရွာ မြောက်ဖက် (၁) မိုင်ခန့်အကွာ တစ်ပင်တိုင်ခွဆုံအနီး၌ အစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲဖြစ်ပွါးခဲ့ပြီး (၅) နာရီကျော်တွင် သေနတ်ပစ်ခတ်သံများ ရပ်စဲသွားကြောင်း ဝေသာလီ ကျေးရွာသား (၁) ဦးမှပြောသည်။ [Narinjara]

(၂၀) (၂၄.၀၅.၂၀) ရက်နေ့၊ (၁၈း၀၀) နာရီတွင် ပလက်ဝမြို့၊ ကုလားတန်မြစ်အရှေ့ခြမ်းရှိ ရေတံခွန်တောင်ဖက်၊ တပ်ရင်း (၂၈၉) အနီး၌ အစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲဖြစ်ပွါးခဲ့သည်။ [Narinjara]

(၂၁) (၂၄.၀၅.၂၀) ရက်၊ (၁၂း၀၀) နာရီတွင် ပလက်ဝမြို့နယ်၊ လောင်းကဒူးရွာအနောက်ဖက် (၂) ကီလိုမီတာ အကွာရှိ ULA/AA အဖွဲ့မှ ဒဏ်ရာရလူနာများ ဆေးကုနေသည့် စခန်းငယ် (၁) ခု အား အစိုးရ တပ်မတော်မှ ဂျက်တိုက်လေယာဉ်(၂) စီးဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သောကြောင့် နစ်ဘက် ပစ်ခတ်မှု ဖြစ်ပွါးခဲ့ကြောင်း ULA/AA မှထုတ်ပြန်သည်။ [ULA/AA]

(၂၂) (၂၅.၀၅.၂၀) ရက်နေ့၊ (၀၈း၃၀) နာရီတွင် ပလက်ဝမြို့နယ်၊ လောင်းကဒူးရွာ အနောက် ဖက် (၁.၇) ကီလိုမီတာ အကွာရှိ ULA/AA အဖွဲ့ဝင်များအား အစိုးရတပ်မတော်မှ တိုက်ခိုက် လာသည့်အတွက် နစ်ဖက်ပစ်ခတ်မှု ဖြစ်ပွါးခဲ့ပြီး (၁၈) နာရီခန့်တွင် ULA/AA အဖွဲ့ဝင်များသည် ၎င်းနေရာမှ ဆုတ်ခွါ ခဲ့ရကြောင်း ULA/AA မှထုတ်ပြန်သည်။ [ULA/AA]

(၂၃) (၂၉.၀၅.၂၀) ရက်နေ့၊ (၀၂း၀၀) နာရီတွင် ရသေ့တောင်မြို့နယ်ရှိသဇင်မြိုင် ပင်မရဲကင်း စခန်းအား ULA/AA အဖွဲ့ဝင် (၁၀၀) ခန့် ဝင်ရောက်တိုက်ခိုက်ခဲ့သောကြောင့် နှစ်ဘက် ပစ်ခတ်မှုဖြစ်ပွါးခဲ့သည်။ [Cincds] [DMG] [Narinjara] [RFA] [The Ladies News]

(၂၄) (၂၉.၀၅.၂၀) ရက်နေ့၊ နံနက်တွင် မင်းပြားမြို့၊ ရာမောင်တံတားအနီး၌ အစိုးရ တပ်မတော် နှင့် ULA/AA တို့ တိုက်ပွဲဖြစ်ပွါးခဲ့သည်။ [VOA]

(၂၅) (၂၉.၀၅.၂၀) ရက်နေ့၊ (၀၇း၁၄) နာရီတွင် မင်းပြားမြို့နယ်၊ ဖားပြုံရွာ အရှေ့တောင်ဖက်၌ အစိုးရ တပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွါးခဲ့သည်။ [VOA]

(၂၆) (၃၀.၀၅.၂၀) ရက်နေ့၊ နံနက်တွင် သဇင်မြိုင်ရဲစခန်း၏ အနောက်မြောက်ဖက် မီတာ (၄၀၀) ခန့် အကွာရှိ တောင်ကုန်းနှင့် (၂၁း၀၀) နာရီတွင် ရသေ့တောင်မြို့နယ်၊ ရပ်ခံတိုင် ကျေးရွာအနီး၌ အစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲဖြစ်ပွါးခဲ့ကြောင်း တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ထုတ်ပြန်သည်။ [Cincds]

(၂၇) (၃၁.၀၅.၂၀) ရက်နေ့၊ (၀၈း၀၀) နာရီတွင် ပလက်ဝမြို့၏ အနောက်တောင်ဖက် မီတာ (၂၅၀၀) ခန့်အကွာ၌ အစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲဖြစ်ပွါးခဲ့သည်။ [Mizzima- News] [Khit Thit Media]

## ၁.၄. နစ်ဖက်ထုတ်ပြန်ချက်နှင့် စွပ်စွဲပြောဆိုချက်များ

(၁) (၂၀.၀၄.၂၀) ရက်နေ့တွင် မင်းပြားမြို့နယ်၊ ရာမောင်ဇက်ဆိပ်အနီး WHO (ကမ္ဘာ့ကျန်းမာရေး အဖွဲ့) ယာဉ်မောင်း ဦးပြည့်စုံဝင်းမောင်နှင့် အရပ်သားဝန်ထမ်း ဦးအောင်မျိုးဦး တို့ကို ULA/ AA မှ ပစ်ခတ်ခဲ့ပြီး WFP ယာဉ်တန်းအားလည်း ပစ်ခတ်ခဲ့ကြောင်း (၀၁.၀၅.၂၀) ရက်နေ့တွင် နိုင်ငံတော် သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးမှ ပြော သည်။ [Khit Thit Media]

(၂) ရခိုင်ပြည်တွင် WHO ၏ မော်တော်ယာဉ်အား ULA/ AA အဖွဲ့မှ ပစ်ခတ်သည်မှာ သေချာ နေပြီး၊ ပစ်ခတ်မှုတွင် ကုလသမဂ္ဂဝန်ထမ်း (၁) ဦးသေဆုံးခဲ့သောကြောင့် သက်ဆိုင်ရာ နိုင်ငံနှင့် နိုင်ငံတကာမှ ရှင်းရှင်းလင်းလင်း သရှိစေရန် စုံစမ်းစစ်ဆေးရေး ကော်မတီ ဖွဲ့စည်းခြင်းဖြစ်ကြောင်း (၀၁.၀၅.၂၀) ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးပြော ရေးဆိုခွင့် ရှိသူ ဦးဇော်ဌေးမှပြောသည်။ [Eleven Media Group]

(၃) WHO ယာဉ်နှင့် WFP ယာဉ်တန်းအား ULA/AA မှပစ်ခတ်ကြောင်း (၁၁.၀၅.၂၀) ရက်နေ့ တွင် ဦးဇော်ဌေးပြောကြားသည်မှာ မဟုတ်မှန်ကြောင်း၊ UN ဝန်ထမ်းများ၊ အရပ်သား ပြည်သူများအား အသုံးချပြီး ဝါဒဖြန့် လုပ်ဆောင်နေခြင်း ဖြစ်ကြောင်းနှင့် ULA/AA မှ ပစ်ခတ်မှုမရှိကြောင်း ထိုနေ့တွင် ULA/AA ပြောခွင့်ရ ခိုင်သုခမှပြောသည်။ [Khit Thit Media]

(၄) ULA/AA သည် ဒေသခံများထံသို့ ပို့မည့်ရိက္ခာယာဉ်တန်းများအား ဖြတ်တောက်ခြင်းနှင့် အရပ်သား များကို ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်နေသည့်အတွက် အစိုးရတပ်မတော်မှ အကြမ်းဖက်နှိမ်နင်း ရေး လုပ်သည့်အချိန်တွင် မလွဲမရှောင်သာအရပ်သားထိခိုက်မှုများရှိပြီး တမင်ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်မှု မရှိသည့်အတွက် ကုလသမဂ္ဂလူ့အခွင့်အရေး အထူးကိုယ်စားလှယ် ပါမောက္ခ ယန်ဟီးလီ၏ (၂၉.၀၄.၂၀) ရက်နေ့ထုတ်ပြန်ချက်တွင် ဖော်ပြထားချက်များသည် တစ်ဖက်သတ် ရေးသားချက်ဖြစ်ကြောင်း (၁၁.၀၅.၂၀) ရက်နေ့ တွင် နိုင်ငံတော်သမ္မတရုံး ပြောခွင့်ရဦးဇော်ဌေးမှ ပြောသည်။
ထို့နောက် အစီရင်ခံစာတွင် ULA/AA လုပ်ရပ်များအား အပြစ်ပြောမှုနည်းပြီး တပ်မတော် ဘက်သို့ ပြစ်တင်စွပ်စွဲထားကြောင်းလည်းပြောသည်။ [RFA]

(၅) (၂၀.၀၄.၂၀) ရက်နေ့တွင် မင်းပြားမြို့နယ်၊ ရာမောင်တံတားအနီး၌ WHO ပိုင် မော်တော်ယာဉ် အား အစိုးရတပ်မတော်မှ ပစ်ခတ်ခြင်းဖြစ်ပြီး အစိုးရတပ်မတော် ကျူးလွန်သည်ကို နိုင်ငံတကာမှ သိရှိသွားမည် စိုးရိမ်သောကြောင့် အသက်ရှင် ကျန်နေသူအား မီဒီယာများ နှင့် ပေးမတွေ့ ခြင်းဖြစ်ကြောင်း (၁၁.၀၅.၂၀) ရက်နေ့တွင် ULA/AA မှထုတ်ပြန်သည်။ [ULA/AA]

(၆) (၁၃.၀၅.၂၀) ရက်နေ့၊ (၁၈း၀၀) နာရီတွင် ရသေ့တောင်အခြေစိုက်၊ ခမရ (၅၃၈) တပ်ရင်း နှင့် (၁) ကီလိုမီတာခန့်အကွာရှိ ငတောက်တူချောင်းရွာဟောင်းနှင့် ငတောက်တူရွာသစ်တို့အား အစိုးရ တပ်မတော်မှ အားမီးရှို့ဖျက်ဆီးခဲ့ကြောင်း ULA/AA မှ (၁၄.၀၅.၂၀) ရက်နေ့ တွင် ထုတ်ပြန် သည်။ [ULA/AA] [RFA]

(၇) (၁၇.၀၅.၂၀) ရက်နေ့တွင် အစိုးရတပ်မတော်မှ မင်းပြားမြို့နယ်၊ အမ်းသားရွာအတွင်းလက်နက်ကြီး များဖြင့် ပစ်ခတ်တိုက်ခိုက်၍ ဒေါ်အေးချမ်းခိုင်အသက် (၃၆) နှစ်အား လက်နက်ကြီးစ ထိမှန် ခဲ့ကြောင်း ULA/AA မှထုတ်ပြန်သည်။ [ULA/AA]

(၈) ကမ္ဘာအနှံ့တွင် COVID-19 ကပ်ရောဂါ ရင်ဆိုင်နေရသောကြောင့် မြန်မာနိုင်ငံတွင်လည်း ရောဂါ ထိန်းချုပ်၊ ကာကွယ်၊ ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်အောင် ဆောင်ရွက် နိုင်ရေးနှင့် ထာဝရ ငြိမ်းချမ်းရေးအတွက် ၂၀၂၀ ခုနှစ်၊ မေလ (၉) ရက်နေ့မှ ဩဂုတ်လ (၃၁) ရက်နေ့ထိ နိုင်ငံတော်မှ အကြမ်းဖက်အဖြစ် သတ်မှတ် ကြေညာထားသော အကြမ်းဖက်အဖွဲ့အစည်းများ ရှိသည့် နေရာများ မှအပ ကျန်နယ်မြေများ၌ ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲထားကြောင်း (၀၉.၀၅.၂၀) ရက်နေ့တွင် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ရုံးက ထုတ်ပြန်သည်။[DMG] [Narinjara] [RFA][BBC] [The Ladies News] [VOA]

(၉) တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူလူထု လိုလားနေသည့် ထာဝရငြိမ်းချမ်းရေးကို ပြည်သူ့ လက်သို့ အရောက်အပ်မည်ဟူသည့် သံန္နိဋ္ဌာန်အတိုင်း ဖြစ်မြောက်အောင် ကြိုးပမ်း ဆောင်ရွက် သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၌ COVID-19 ကမ္ဘာ့ကပ်ရောဂါ ထိန်းချုပ်၊ ကာကွယ်၊ ကုသရေး

လုပ်ငန်း စဉ်များအား နိုင်ငံအရေး၊ အမျိုးသားအရေးအဖြစ် အင်တိုက် အားတိုက် ထိထိရောက်ရောက် ဆက်လက် ပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း (၁၉.၀၅.၂၀) ရက်နေ့တွင် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန် သည်။[Cincds]

(၁၀) (၁၈.၀၅.၂၀) ရက်နေ့၊ (၁၇း၀၀) နာရီတွင် မင်းပြားမြို့နယ်၊ ရာမောင်တံတားအနီးနှင့် အမ်း-စစ်တွေ ပြည်ထောင်စုကားလမ်းအနီးရှိ ပွိုင့်-၁၁၄ တောင်ကုန်း၌ နေရာယူထားသည့် ULA/AA ၏ ခြေကုတ်စခန်းအား သိမ်းပိုက်ရရှိပြီး ULA/AA ထံမှ အလောင်း၊ လက်နက်နှင့် ဆက်စပ်ပစ္စည်းများ ရရှိခဲ့ကြောင်း (၁၈.၀၅.၂၀) ရက်နေ့တွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှထုတ်ပြန်သည်။ [Cincds]

(၁၁) ULA/AA မည်သည့်နေရာ၌ ရှိသည်ဖြစ်စေ၊ မြို့ပေါ်၌ရှိသည့် လူများကိုပင် အကြမ်းဖက် ဥပဒေတွင် ရှင်းရှင်းလင်းလင်း ပြဌာန်းပြီးဖြစ်သည့်အတွက် အကြမ်းဖက်အဖြစ် သတ်မှတ် သည့်အခါ ULA/AA နှင့် ပတ်သက်သည့် အရာအားလုံးကို ဥပဒေအရ အကြမ်းဖက် အဖွဲ့အစည်းအဖြစ် သတ်မှတ် သောကြောင့် ပတ်သက်ခြင်း၊ ကူညီခြင်းများအား သွယ်ဝိုက် ၍သော်လည်းကောင်း၊ တိုက်ရိုက် သော်လည်းကောင်း ဆောင်ရွက်သူမှန်သမျှသည် အကြမ်းဖက်ဥပဒေဖြင့် ငြိစွန်းပြီး အကြမ်းဖက်ကို အားပေးခြင်း ဖြစ်ကြောင်း (၁၁.၀၅.၂၀) ရက်နေ့တွင် တပ်မတော် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ဇော်မင်းထွန်းမှပြောသည်။[7 Day News]

(၁၂) ၂၀၂၀ ခုနှစ်၊ မေလ (၁၀) ရက်နေ့မှ ဩဂုတ်လ (၃၁) ရက်နေ့ထိ တပ်မတော်၏ ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲထားကြောင်း ထုတ်ပြန်ချက်သည် ဟန်ပြထုတ်ပြန်ချက်ဖြစ်ကြောင်းနှင့် COVID-19 ထိန်းချုပ်ရေး အပါအဝင် ဖြစ်ပွါးနေသည့် တိုက်ပွဲများရပ်ဆိုင်းသွားရန် လက်တွေ့ အလုပ် မဖြစ်နိုင်သည့် ထုတ်ပြန်ချက် ဖြစ်ကြောင်း (၁၀.၀၅.၂၀) ရက်နေ့တွင် ညီနောင်မဟာမိတ် (၃) ဖွဲ့မှ သဘောထားထုတ်ပြန်သည်။
ယခုကဲ့သို့ ကြိုတင်ကန့်သတ်ချက်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲကြောင်း ထုတ်ပြန်ချက် သည် အစိုးရစစ်တပ်တစ်ခု၏ လုပ်ပိုင်ခွင့်များအားအသုံးချ၍ ဆက်လက်ချေမှုန်း တိုက်ခိုက် နေမည့် သဘောထားအမှန်ကို ဖော်ပြလိုက်ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်ထဲတွင် ပါသည်။ [DMG]

(၁၃) EAO သည် ၎င်းတို့ နိုင်ငံရေးရည်မှန်းချက်နှင့် အမျိုးရေးရည်မှန်းချက်အား တောင်းဆိုပြီး လက်နက် ကိုင် တိုက်ပွဲဝင်နေသည့် အချိန်တွင် အကြမ်းဖက်လုပ် ရပ်တချို့ ကျူးလွန်ခြင်း ရှိသော်လည်း ULA/AA သည် အဖွဲ့စဖြစ်စဉ်ကပင် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန် နေသည့် အဖွဲ့ဖြစ်သည့် အတွက် အကြမ်းဖက် အဖွဲ့အစည်းနှင့် EAO အဆင့်အတန်း မတူကြောင်း (၁၁.၀၅.၂၀) ရက်နေ့ တွင် ဗိုလ်မှူးချုပ်ဇော်မင်း ထွန်းမှပြောသည်။
ထို့ကြောင့် တပ်မတော်အနေဖြင့် ULA/AA အား တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် အဆင့်တူ မသတ်မှတ်ကြောင်း၊ အကြမ်းဖက်အဖွဲ့နှင့် ညှိနှိုင်းရန် မရှိကြောင်းပြောသည်။ [7 Day News]

(၁၄) (၁၂.၀၅.၂၀)ရက်နေ့၊ (၉း၄၅) နာရီတွင် ဘူးသီးတောင်မြို့နယ်၊ သရက်ပြင်ရွာ(ရခိုင်ရွာ) အတွင်း၌ အစိုးရတပ်မတော် မှ ထောင်ခဲ့သော မိုင်းပေါက်ကွဲပြီး ချာကေရွာ မှ အတူလာမိ အသက် (၁၀) နှစ်၊

"ရာဟတ်နာဟာတူ"အသက် (၉) နှစ်တို့ သေဆုံးပြီး ဖုန်ညိုလိပ် (၁၁) ရပ်ကွက်မှ ဟာဒေကာ ဘေဘီ အသက် (၈) နှစ် ဒဏ်ရာရရှိခဲ့ကြောင်း ULA/AA မှထုတ်ပြန် သည်။ [ULA/AA]

(၁၅) စစ်ဘေးရှောင်များသို့ ရိက္ခာထောက်ပံ့သည့် အဖွဲ့အစည်းများအား တပ်မတော်ဘက်မှ တားမြစ်ထားခြင်း မရှိကြောင်းနှင့် စစ်ဘေးရှောင်စခန်းများသို့ ထောက်ပံ့ပေးသည့် ရိက္ခာများသည် ULA/AA အဖွဲ့ထံသို့ ရောက်ရှိပြီး ULA/AA အဖွဲ့မှ စစ်ဘေးရှောင်ဟုဆိုကာ ရိက္ခာလာထုတ်သည်များ ရှိသည့်အတွက် လုံခြုံရေး ဆောင်ရွက်ခြင်း ဖြစ်ကြောင်း (၁၄.၀၅.၂၀) ရက်နေ့တွင် တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့ပြောခွင့်ရ ဗိုလ်ချုပ် ထွန်းထွန်းညီမှပြောသည်။ [VOA]

(၁၆) (၁၆.၀၅.၂၀) ရက်နေ့၊ (၁၄း၀၀) နာရီတွင် မြောက်ဦးမြို့နယ်၊ လက္ကာကျေးရွာရှိ နေအိမ် (၁၉၀) ကျော်အား ULA/AA အဖွဲ့မှ မီးရှို့ခဲ့ကြောင်း (၁၇.၀၅.၂၀) ရက်နေ့၊ (၂၀) နာရီတွင် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ထုတ်ပြန်သည်။
မြောက်ဦးမြို့နယ်တွင် လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်သားများသည် လက္ကာရွာ အနီးသို့အရောက်တွင် ကျေးရွာထဲရှိ ULA/AA အဖွဲ့မှ ပစ်ခတ်တိုက်ခိုက်သောကြောင့် အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွါးခဲ့ပြီး ULA/AA အဖွဲ့မှ မီးရှို့ထွက်ပြေးသွားကြောင်း ထုတ်ပြန် ချက်တွင်ပါရှိသည်။ [RFA]

(၁၇) (၁၆.၀၅.၂၀) ရက်နေ့၊ (၁၄း၀၀) နာရီတွင် မြောက်ဦးမြို့နယ်၊ လက္ကာကျေးရွာရှိ နေအိမ် (၁၉၀) ကျော်အား ULA/AA အဖွဲ့မှ မီးရှို့ခဲ့ကြောင်း (၁၇.၀၅.၂၀) ရက်နေ့၊ (၂၀း၀၀) နာရီတွင် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ထုတ်ပြန်ချက်သည် တပ်မတော်ဖက်မှ ၎င်းတို့၏ စစ်ရာဇဝတ်မှုအား ဖုံးကွယ်ရန် ကြိုးစားခြင်းဖြစ်ကြောင်းနှင့် သတင်းဌာန များမှ ဒေသခံများအား မေးမြန်းလျှင် ဖြစ်ရပ်အမှန်ကို ပိုသိမည်ဖြစ်ကြောင်း ထိုနေ့တွင် ပြန်ကြားရေးတာဝန်ခံ ခိုင်သုခမှပြောသည်။RFA

(၁၈) ပုံမှန်ဝင်ငွေမရှိသည့် လက်လုပ်လက်စား အခြေခံလူတန်းစားများအား ငွေကြေး ထောက်ပံ့ ပေးရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုဘဏ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာများနှင့် ညှိနှိုင်းဆောင်ရွက် စီစဉ်နေကြောင်း (၁၆.၀၅.၂၀) ရက်နေ့တွင် အစိုးရပြောရေးဆိုခွင့်ရှိသူ နိုင်ငံတော်အတိုင် ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး မှပြောသည်။
စားသုံးကုန်ပစ္စည်း (၅) မျိုး ဖြန့်ဝေစဉ်က အချိန်မရခဲ့သည့်အတွက် အောက်ခြေတွင် အဆင်မပြေမှု အနည်းငယ်ရှိသည်ကို ကြားရသည့်အတွက်ကြောင့် ယခုအကြိမ်တွင် စနစ်တကျ ဆောင်ရွက်နေကြောင်း ပြောသည်။ [The Ladies News] [ Irrawaddy]ELEVEN]

(၁၉) (၁၆.၀၅.၂၀) ရက်နေ့၊ (၁၃း၄၀) နာရီတွင် အစိုးရတပ်မတော်၏ တပ်မ (၄၄) လက်အောက်ခံ ဘီးလင်းအခြေစိုက်၊ ခလရ (၈) တပ်ရင်းမှ အင်အား(၁၀၀) ခန့်ပါ စစ်ကြောင်းသည် လက္ကာကျေးရွာ အတွင်းသို့ လက်နက်ကြီးများ ပစ်ခတ်ဝင်ရောက်ပြီး မီးရှို့ဖျက်ဆီးသည့်အတွက် ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ စပါးကျီများ၊ ပရိဘောဂ အသုံးအဆောင်များ အပါအဝင် နေအိမ် (၂၀၀) ကျော် ပျက်စီးပြီး ကာလတန်ဖိုး မြန်မာငွေ ကျပ် သိန်းပေါင်း (၁၅၀၀၀) ကျော်ခန့် ဖျက်ဆီးခံခဲ့ရကြောင်း (၁၉.၀၅.၂၀) ရက်နေ့တွင် ULA/AA မှထုတ်ပြန်သည်။ [ULA/AA]

(၂၀) (၁၆.၀၅.၂၀) ရက်နေ့တွင် မြောက်ဦးမြို့နယ်၊ တိမ်ညိုကျေးရွာမှ လက္ကာကျေးရွာသို့ သွားသည့် တပ်မတော်စစ်ကြောင်း (၁) ခုအား လက္ကာကျေးရွာအတွင်းရှိ ULA/AA အဖွဲ့ဝင် (၁၅) ဦးမှ

လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်သောကြောင့် ပြန်လည်ခုခံခဲ့ပြီး ULA/AA တပ်ဖွဲ့ဝင်များသည် နေအိမ်များအားမီးရှို့ကာ ရွာ၏အရှေ့ဖက် တောင်ကြောသို့ ဆုတ်ခွာသွားကြောင်းနှင့် အစိုးရ တပ်မတော်မှ ကျေးရွာများအား မီးရှို့ကြောင်း စွပ်စွဲလိုသောကြောင့် ၎င်းတို့၏ ရခိုင် ကျေးရွာဖြစ်သော လက္ကာကျေးရွာအား မီးရှို့ခဲ့သည်ကို တွေ့ရကြောင်း (၂၂.၀၅.၂၀) ရက်နေ့တွင် ပြုလုပ်သည့် သတင်းစာ ရှင်းလင်းပွဲ၌ ဗိုလ်မှူးချုပ် ဇော်မင်းထွန်းမှ ပြောသည်။ [Khit Thit Media] [The Ladies News]

(၂၁) (၁၈.၀၅.၂၀) ရက်နေ့၊ နေ့လည်တွင် ကျောက်တော်မြို့နယ်၊ ခဘော်ကျေးရွာမှ ရာအိမ်မှူး ဦးပန်းသာ၊ ဦးဝေသာအောင်နှင့် မာလာကျေးရွာ (မြို) မှ ရာအိမ်မှူး ဦးမောင်သိန်း အပါ အဝင် (၅) ဦးအား ULA/ AA အဖွဲ့မှ ဖမ်းဆီးသွားကြောင်း (၁၉.၀၅.၂၀) ရက်နေ့တွင် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ သတင်း ထုတ်ပြန်သည်။ [Cincds]

(၂၂) ULA/AA နှင့် ဆက်နွယ်သည်ဆိုသည့် သံသယဖြင့် ပုဏ္ဏားကျွန်းမြို့နယ်မှ အရပ်သား(၄) ဦးနှင့် မြောက်ဦးမြို့နယ်မှ အရပ်သား (၁) ဦးတို့အား ပုဏ္ဏားကျွန်းမှ စစ်တွေသို့ (၂၇.၀၄.၂၀) ရက်နေ့တွင် စစ်ရေယာဉ်ဖြင့် ပို့ဆောင်စဉ် အစောင့်အဖြစ်လိုက်ပါလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့မှ ဥပဒေနှင့် မလျော်ညီစွာ ရိုက်နက်ထိုးကြိတ်ခဲ့သည့်အမှုအား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်မှ အမြန်ဆုံးစုံစမ်းစစ်ဆေးရန် ညွှန်ကြားထားသောကြောင့် အရေးယူနိုင်ရေးအတွက် စုံစမ်းစစ်ဆေးရေး ခုံရုံးများ စတင်ဆောင်ရွက်နေပြီး ကျူးလွန်သည်မှာ မှန်ကန်သည့်အတွက် တည်ဆဲဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း (၂၂.၀၅.၂၀) ရက်နေ့တွင် တပ်မတော် သတင်းစာ ရှင်းလင်းပွဲ၌ ဗိုလ်မှူးချုပ် ဇော်မင်းထွန်းမှပြောသည်။ [RFA] [VOA][Narinjara]

(၂၃) ကိုရိုနာဗိုင်းရပ်စ် ရောဂါတိုက်ဖျက်ရေးအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် အပစ်ရပ် ထားသည့် (၁၀) ဖွဲ့၊ အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာသတ်မှတ်ထားသည့် ULA/AA အဖွဲ့အပါအဝင် လက်မှတ် မထိုးရသေးသော (၈) ဖွဲ့တို့အား (၁၉.၀၃.၂၀) ရက်နေ့တွင် အစိုးရမူဝါဒကို NRPC မှ ပေးပို့ဖိတ်ခေါ် ထားကြောင်း (၂၄.၀၅.၂၀) ရက်နေ့တွင် သမ္မတရုံး ပြောခွင့်ရသူ ဦးဇော်ဌေးမှ ပြောကြားခဲ့သည်။
အစိုးရမှ အပစ်ရပ်လက်မှတ်မထိုးရသေးသည့် အဖွဲ့များအား ကချင်ပြည်နယ် အခြေစိုက် ငြိမ်းချမ်းရေး အကျိုးဆောင်အဖွဲ့ PCG မှတဆင့် ဖိတ်ခေါ်ခဲ့ကြောင်း တပ်မတော်ဖက်မှ ပြောကြားပြီး ULA/ AA ဖက်မှ အစိုးရ၏ ဖိတ်ခေါ်စာလက်ခံရရှိကြောင်းနှင့် တပ်မတော် ဘက်မှ ရခိုင်ပြည်၊ မြောက်ပိုင်းတွင် ထိုးစစ်ဆင် တိုက်ခိုက်မှုများ ရှိနေသည့်တွက် ကိုရိုနာ ဗိုင်းရပ်စ် တိုက်ဖျက်ရေး၌ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် အခက်အခဲ ရှိနေကြောင်း ပြောကြားခဲ့သည်။ [RFA]

(၂၄) ULA/AA နှင့် ဆက်သွယ်သည်ဆိုသည့် သံသယဖြင့် ပုဏ္ဏားကျွန်းမြို့နယ်မှ အရပ်သား (၄) ဦးနှင့် မြောက်ဦးမြို့နယ်မှ အရပ်သား (၁) ဦးတို့ကို စစ်ရေယာဉ်ပေါ်၌ တပ်မတော်သားများမှ ရိုက်နက်ထိုးကြိတ်ခဲ့သည့် အမှုအား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်မှ အမြန်ဆုံး စုံစမ်းစစ်ဆေး ရန် ညွှန်ကြားထားသောကြောင့် အရေးယူနိုင်ရေးအတွက် စုံစမ်းစစ်ဆေးရေး ခုံရုံးများ စတင်ဆောင်ရွက်နေပြီး တည်ဆဲဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း (၂၂.၀၅.၂၀) ရက်နေ့တွင် တပ်မတော် သတင်းစာရှင်းလင်းပွဲ၌ ဗိုလ်မှူးချုပ် ဇော်မင်းထွန်းမှ ပြောသည်။ [RFA] [VOA]

(၂၅) (၂၆.၀၅.၂၀) ရက်နေ့တွင် ပလက်ဝမြို့၊ ကုလားတန်မြစ် တစ်ဖက်ကမ်းရှိ မီးလက်ဝ (အောက်) ရွာ မီးလောင်နေခြင်းသည် ULA/AA မှ မီးရှို့ခြင်းဖြစ်နိုင်ကြောင်းနှင့် ပလက်ဝ ဒေသ၌ ကျေးရွာအနီး တိုက်ပွဲဖြစ်ပွါးခြင်းမရှိကြောင်း မီးလောင်သည့်နေ့တွင် တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့ ဗိုလ်မှူးချုပ်ဇော်မင်းထွန်းမှ ပြောသည်။[Khit Thit Media]

(၂၆) (၂၆.၀၅.၂၀) ရက်၊ (၁၄း၄၀) နာရီမှစ၍ ပလက်ဝမြို့နယ်၊ အိမ်ခြေ (၁၂၉) ဆောင်ရှိသည့် မီးလက်ဝ ကျေးရွာ(အောက်ရွာ)အား အင်အား (၅၀) ခန့်ရှိ အစိုးရတပ်မတော် စစ်ကြောင်း (၁) ခုမှ မီးရှို့ဖျက်ဆီးပြီး မီးငြိမ်းသတ်ရန်သွားသည့် ရွာသားများအား ကျေးရွာအတွင်းမှ သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း (၂၇.၀၅.၂၀) ရက်နေ့တွင် ULA/AA မှထုတ်ပြန်သည်။
ထိုသို့လုပ်ဆောင်ခြင်းမှာ ၎င်းတို့၏ ဖြတ်လေးဖြတ် ဗျူဟာအရ တော်လှန်ရေးသမားများ အား သတင်း အချက်အလက်၊ ရိက္ခာများပြတ်တောက်စေရန်နှင့် ကျေးရွာများအတွင်း ခိုအောင်း မရနိုင်စေရန်ဖြစ်ပြီး လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် လက်နက်ကြီးများ ထိမှန်ခဲ့သည့် လူနေအိမ်အချို့အား မီးရှို့ဖျက်ဆီးကာ သက်သေ အထောက်အထားများကို ဖျောက်ဖျက်ခြင်း ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။ [ULA/AA]

(၂၇) (၂၈.၀၅.၂၀) ရက်နေ့၊ (၁၄) နာရီတွင် မင်းပြားမြို့နယ်၊ ရွှေကျွန်းကျေးရွာမှ ဝါးခုတ်သွားသည့် ဦးသာထွန်းအေး (ဘ) ဦးစိန်ဖိုးဦးသည် ရွာ၏အရှေ့မြောက်ဘက် မီတာ (၁၃၀၀) ခန့်အကွာရှိ ဆပ်ပြာတောင် (ဒေသအခေါ်) သို့ အရောက်၌ ULA/AA အဖွဲ့ ထောင်ထားသည့်မိုင်း နင်းမိ သောကြောင့် ဒဏ်ရာရရှိကြောင်း (၂၉.၀၅.၂၀) ရက်နေ့တွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး မှ သတင်း ထုတ်ပြန်သည်။ [Cincds]

(၂၈) (၂၉.၀၅.၂၀) ရက်နေ့၊ (၂) နာရီတွင် ရသေ့တောင်မြို့နယ်၊ သဇင်မြိုင် နယ်ခြားစောင့် ရဲကင်း စခန်းရှိ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ လုပ်ဆောင် နေသည့် ရဲတပ်ဖွဲ့ဝင် များအား ULA/AA အဖွဲ့မှ ဝင်ရောက်တိုက်ခိုက်ခြင်းသည် စစ်ရာဇဝတ်မှု ကျူးလွန်ရာရောက် ကြောင်း တပ်မတော်မှ ပြောသည်။[IRRAWADDY] [Cincds]

(၂၉) (၂၄.၀၅.၂၀) ရက်၊ (၁၂) နာရီတွင် ပလက်ဝမြို့နယ်၊ လောင်းကဒူးရွာအနောက်ဖက် (၂) ကီလို မီတာ အကွာရှိ ULA/AA အဖွဲ့မှ ဒဏ်ရာရလူနာများ ဆေးကုနေသည့် စခန်းငယ် (၁) ခုအား အစိုးရ တပ်မတော်က အင်အားအလုံးအရင်းဖြင့် လာရောက် တိုက်ခိုက်ခဲ့သည့် အတွက် သဇင်မြိုင် ရဲကင်းစခန်းအား လက်တုန့်ပြန် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း (၂၉.၀၅.၂၀) ရက်နေ့တွင် ULA/AA မှ ထုတ်ပြန်သည်။
ထို့ပြင် မြန်မာနိုင်ငံ၏ ရဲတပ်ဖွဲ့ဝင်များသည် တပ်မတော် လက်အောက်တွင်ရှိပြီး တပ်မတော်၏ စစ်ဆင်ရေး လုပ်ငန်းများ၌ ပူးပေါင်းပါဝင်၍ ရဲစခန်းများမှ လက်နက်ကြီး ယာယီစခန်းများထိုင်ကာ ပစ်ခတ်မှုများရှိသည့်အတွက် တိုက်ခိုက်ရခြင်း ဖြစ်ကြောင်း ပါရှိသည်။[IRRAWADDY] [ULA/AA][Khit Thit Media]

(၃၀) (၂၉.၀၅.၂၀) ရက်နေ့၊ (၂) နာရီတွင် ရသေ့တောင်မြို့နယ်၊ သဇင်မြိုင် နယ်ခြားစောင့် ရဲကင်း စခန်းအား ULA/AA အဖွဲ့မှ ဝင်ရောက်တိုက်ခိုက်ပြီး ရဲတပ်ဖွဲ့ဝင် (၆) ဦးအား စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးထားကြောင်း ULA/AA မှထုတ်ပြန်သည်။ [BBC] [ULA/AA]

(၃၁) ရခိုင်ပြည်ရှိ မြန်မာအစိုးရ၏ယန္တရားများနှင့် လက်နက်ကိုင်အဖွဲ့အစည်းများအား ရခိုင် ပြည်သူများဖြင့် လက်တွဲ၍ မောင်းထုတ်သွားမည်ဖြစ်ပြီး ရခိုင်ပြည်၌ တပ်စွဲထားသော မြန်မာအစိုးရ၏ မည်သည့် လက်နက်ကိုင်တပ်ဖွဲ့ကိုမျှ ULA/AA အနေဖြင့် လက်ခံမည် မဟုတ်ကြောင်းနှင့် ရခိုင်ပြည်သူလူထုများမှလည်း မလိုလားသောကြောင့် ကိုယ်ပိုင်အသိတရားဖြင့် ၎င်းတို့နေထိုင်ရာ ဇာတိမြေသို့ ပြန်သွားကြရန် (၂၉.၀၅.၂၀) ရက်နေ့တွင် ထုတ်ပြန်သည်။[ULA/AA]

(၃၂) အစိုးရနှင့် တပ်မတော်ဘက်မှ မျှော်လင့်စရာ ဘာမှမရှိတော့သည့်အတွက် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားနှင့်လက်နက်ကိုင် တပ်ဖွဲ့အားလုံး ရခိုင်ပြည်မှ ထွက်ခွါသွားရန် တုံ့ပြန် လိုက်ပြီး တွေ့ဆုံဆွေးနွေးရန် မည်သူမျှ ဆက်သွယ်လာခြင်းမရှိကြောင်း (၃၀.၀၅.၂၀) ရက်နေ့တွင် ULA/AA ပြောခွင့်ရသူ ခိုင်သုခမှပြောသည်။[RFA] [7 Days News]

(၃၃) အစိုးရတပ်မတော်မှ ULA/AA အား အကြမ်းဖက်နိမ်နင်းရေး လုပ်မည်ဖြစ်သော်လည်း တွေ့ဆုံဆွေးနွေးရေးအတွက် လမ်းကြောင်းဖွင့်ထားပြီး၊ ULA/AA အပါအဝင် မြောက်ပိုင်း မဟာမိတ်အဖွဲ့များမှ တုံ့ပြန်မှုမှာ အားရစရာမရှိကြောင်းနှင့် အစိုးရ၏အုပ်ချုပ်ရေး ယန္တရားနှင့် လက်နက်ကိုင်တပ်ဖွဲ့အားလုံး ရခိုင်ပြည်မှ ထွက်ခွါသွားရန်အတွက် ULA/AA ထုတ်ပြန်ချက်သည် လက်နက်ကိုင်နည်းလမ်းဖြင့်ရည်မှန်းချက်မအောင်မြင်နိုင်ကြောင်း (၃၀.၀၅.၂၀) ရက်နေ့တွင် သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးမှပြောသည်။[RFA] [7 Days News]

(၃၄) ၂၀၂၀ခုနှစ်၊ နိုဝင်ဘာလတွင်ကျင်းပမည့် ရွေးကောက်ပွဲမတိုင်ခင် ဇူလိုင်လ၌ စတုတ္ထ အကြိမ် (၂၁) ရာစု ပင်လုံညီလာခံကျင်းပရန်အတွက် NCA အပစ်ရပ် လက်မှတ်ထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား အဆိုပြုထားကာ ယခုတကြိမ်တွင် တက်ရောက်မည့် ကိုယ်စားလှယ်ဦးရေကို အများအပြားလျှော့ချပြီး ကျင်းပသွားမည် ဖြစ်ကြောင်း (၃၀.၀၅.၂၀) ရက်နေ့တွင် ဦးဇော်ဌေးမှ ပြောသည်။ [RFA] [7 Days News]

(၃၅) (၃၁.၀၅.၂၀) ရက်နေ့၊ (၈) နာရီတွင် ပလက်ဝမြို့၏ အနောက်တောင်ဘက်မီတာ (၂၅၀၀) ခန့်အကွာရှိ ULA/AA အဖွဲ့၏ မဟာဗျူဟာကျပြီး ပလက်ဝမြို့အား စိုးမိုးထားသည့်ပွိုင့် (၆၀၂)၊ ပွိုင့် (၅၆၅)၊ ပွိုင့် (၅၄၀) စသည့် ပွိုင့်ကုန်း (၃) ခုနှင့် ထိုတောင်ကုန်းများအား အထောက်အကူပြုထားသည့် ကာကင်းစခန်း (၄) ခုတို့အား  သိမ်းပိုက်နိုင်ခဲ့ကြောင်း (၃၁.၀၅.၂၀) ရက်နေ့တွင် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ထုတ်ပြန်သည်။
ထိုတိုက်ခိုက်မှုတွင် ULA/AA ဘက်မှအလောင်း၊ လက်နက်မျိုးစုံ၊ ခဲယမ်းနှင့် ဆက်စပ် ပစ္စည်းများ သိမ်းဆည်းရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တချို့ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။ [Mizzima- News] [Khit Thit Media]

(၃၆) (၂၄.၀၅.၂၀) ရက်နေ့တွင် ပလက်ဝမြို့နယ်၊ ULA/AA အဖွဲ့ဝင်များရှိသည့် ပွိုင့် (၅၄၉) တောင်ကုန်းအား တပ်မတော်မှ တိုက်ခိုက်သိမ်းပိုက် ရရှိခဲ့ပြီး (၂၅.၀၅.၂၀) ရက်နေ့တွင် ထိုစခန်း၏ အရှေ့ဘက်နှင့်အရှေ့တောင်ဘက်ရှိကာကင်းစခန်း (၂) ခုအား သိမ်းပိုက်ရရှိခဲ့ကြောင်း (၃၁.၀၅.၂၀) ရက်နေ့တွင် တပ်မတော်သတင်းမှန်ပြန်ကြားရေးမှ သတင်းထုတ် ပြန်သည်။ [Mizzima- News] [Khit Thit Media]

(၃၇) (၂၉.၀၅.၂၀) ရက်နေ့၊ (၀၂း၀၀) နာရီတွင် ရသေ့တောင်မြို့နယ်ရှိ သဇင်မြိုင် ရဲကင်း စခန်းအား ULA/AA အဖွဲ့မှ တိုက်ခိုက်ခဲ့သည့်အတွက် ပြန်လည်တိုက်ခိုက်ရန် ရေကြောင်း မှရှာဖွေနေသည့် တပ်မတော် ရေယာဉ်များအား (၃၀.၀၅.၂၀) ရက်နေ့၊ (၂၁း၀၀) နာရီတွင် ULA/AA အဖွဲ့ဝင်များ လှုပ်ရှားလျှက်ရှိသည့် ရသေ့တောင်မြို့နယ်၊ ရပ်ခုံတိုင်ကျေးရွာ အနီးသို့အရောက်၌ မေယုမြစ်၏ အနောက်ဘက်ကမ်းစပ်ရှိ ULA/AAအဖွဲ့မှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ် တိုက်ခိုက်သဖြင့် စစ်ရေယာဉ်များက ပြန်လည် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။
ထို့ပြင် ကုန်းလမ်းတစ်လျှောက် လိုက်လံပိတ်ဆို့ရှင်းလင်းစဉ် သဇင်မြိုင် ရဲစခန်း၏ အနောက် မြောက်ဘက်မီတာ (၄၀၀၀) ခန့်အကွာ၌ ULA/AA အဖွဲ့ ယာယီ နေရာ ယူထား သည့်ပွိုင့်-(၇၇) တောင်ကုန်းကို တွေ့ရှိရသဖြင့် လက်နက်ကြီးပစ်ကူ၍ တိုက်ခိုက် သိမ်းပိုက်ခဲ့ပြီး တောင်ကုန်းအား ရှင်းလင်းရာ (၁) ယောက်ပစ်ကျင်း (၇၂) ကျင်း၊ (၂) ယောက်အိပ်တဲ (၂၀) လုံးနှင့် စစ်အသုံး အဆောင်ပစ္စည်းအချို့ တွေ့ရှိခဲ့ကြောင်း (၃၁.၀၅.၂၀) ရက်နေ့တွင် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ သတင်း ထုတ်ပြန် သည်။ [Cincds]

## ၁.၅. အခြားလက်နက်ကိုင်အဖွဲ့များ၏ လှုပ်ရှားမှုနှင့် ပစ်ခတ်တိုက်ခိုက်မှုများ

(၁) (၀၂.၀၅.၂၀) ရက်နေ့၊ (၇း၅၀) နာရီတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်မျဉ်း၌ လုံခြုံရေး ဆောင် ရွက်နေသည့် နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များအား နယ်ခြားမှတ်တိုင်၊ဘီပီ (၄၁) ၏အရှေ့တောင် ဘက်မီတာ (၄၀၀) အရောက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းရှိ ARSA ဘင်္ဂါလီ အကြမ်းဖက် သမားများမှ ပစ်ခတ်သောကြောင့် တပ်မတော်မှ ကူညီပစ်ခတ်ခဲ့ရပြီး ရဲတပ်ဖွဲ့ဝင် (၂) ဦးဒဏ်ရာရရှိကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ သတင်း ထုတ်ပြန်သည်။ [Cincds] [VOA]

(၂) မောင်တောမြို့နယ်၊ ခမောင်းဆိပ်ကျေးရွာ အနောက်ဖက် မီတာ (၃၀၀၀) ခန့်အကွာရှိ ချုံပုတ် အတွင်းမှ ARSA ဘင်္ဂါလီအကြမ်းဖက် သမားများ သိုဝှက်ထားသော မိုးကာစ အမည်းရောင်ဖြင့် ဖုံးအုပ်ထားသည့် ဆာလာအိတ် (၁၆) လုံးထဲတွင် WFP တံဆိပ်ပါ စားနပ် ရိက္ခာပစ္စည်းများ သိမ်းဆည်းရမိကြောင်း (၀၆.၀၅.၂၀) ရက်နေ့တွင် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်သည်။ [DMG] [The Ladies News] [Cincds] [Eleven]

(၃) (၁၈.၀၅.၂၀) ရက်နေ့တွင် ခမောင်းဆိပ်ကျေးရွာ၏ အနောက်ဖက် မီတာ (၂၅၀၀) ခန့်အကွာရှိ တဲ(၂) လုံးအတွင်းမှ ARSA ဘင်္ဂါလီ အကြမ်းဖက်သမားများ သိုဝှက်ထားသော ၅.၅၆ ကျည် (၁၀) တောင့်၊ လမ်းလျှောက်စကားပြောစက် (၁) လုံး၊ ပြောက်ကျားဝတ်စုံ (၁) စုံ၊ လည်တိုဖိနပ် (၂) ရံ၊ (WFP) တံဆိပ်ပါဆန် (၆) အိတ်၊ (WFP) တံဆိပ်ပါ (၁) လီတာဆံ့ ဆီဘူး (၄၀) ဘူး၊ အာလူး (၁) အိတ်၊ ဆေးမျိုးစုံ (၁) အိတ်၊ လက်ကိုင်ဖုန်း (၁) လုံး၊ မှန်ပြောင်း (၁) လက်၊ အလျား (၃) ပေ၊ အနံ (၂) ပေရှိ ပလတ်စတစ်အိတ် (၅၀) အိတ်၊ တဖက်နိုင်ငံဒုက္ခသည်စခန်းများတွင် UNHCR မှ ထုတ် ပေးထားသည့် ကတ်ပြား (၁) ခုနှင့် အစ္စလာမ်ကျမ်းစာအုပ် (၁) အုပ်တို့ကို သိမ်းဆည်းရမိကြောင်း

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်သည်။ [The Ladies News][Eleven] [Cincds]

## ၁.၆. အထွေထွေနိုင်ငံရေးနှင့် ဆက်စပ်အကြောင်းအရာများ

(၁) (၀၆.၀၅.၂၀) ရက်နေ့၊ (၆) နာရီတွင် ကွယ်လွန်သွားသည့် ရခိုင်ပြည်၊ မြောက်ဦးမြို့နယ် အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော်၊ အသက် (၇၁) နှစ် အား အမျိုးသား လွှတ်တော်ရုံးမှ (၀၆.၀၅.၂၀) ရက်နေ့စွဲ၊ အမိန့်ကြော်ငြာစာအမှတ် (၀၃၂/၂၀၂၀) ဖြင့် လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲလိုက်သည်။ [The Ladies News] [DMG]

(၂) တောင်ကုတ်မြို့နယ်အတွင်း NLD ပါတီ ခေါင်းဆောင်အချို့မှ လူမှုကွန်ယက်တွင် ရခိုင်အမျိုးသား ပါတီသည် ULA/AA အဖွဲ့နှင့် ပူပေါင်းနေကြောင်း စွပ်စွဲတိုက်ခိုက်မှုများမှာ ခိုင်လုံသည့် သတင်း အရင်းအမြစ်မရှိဘဲ ဝါဒဖြန့်ချောက်ချရန် ကြိုးစားနေကြောင်းသုံးသပ်ပြီး တရားဝင် ယှဥ်ပြိုင်ဖက် ပါတီဝင်များသည် နိုင်ငံရေးအရ ထိုးနက်သည့် ညစ်ညမ်းမှုများ အသုံးမပြုဘဲ မှန်ကန်သော မူဝါဒ လုပ်ဆောင်ချက်များဖြင့် ရိုးသားစွာ ဆောင်ရွက်စေလိုကြောင်း (၀၆.၀၅.၂၀) ရက်နေ့တွင် ANP တောင်ကုတ်မြို့ယ်မှ ကြေငြာချက်ထုတ်ပြန်ခဲ့သည်။ [Narinjara]

(၃) (၂၃.၀၃.၂၀) ရက်နေ့တွင် အစိုးရမှ ULA/AA အား အကြမ်းဖက်အုပ်စုနှင့် မတရားအသင်း အဖြစ် ကြေငြာခဲ့သောကြောင့် အပစ်ရပ်စဲထားရာတွင် ULA/AA အဖွဲ့ရှိရာ ရခိုင်ပြည်နယ် နှင့် ပလက်ဝ မြို့နယ်တို့ မပါဝင်သည့်အတွက် တပ်မတော်မှ ပြည်သူများကို ငြိမ်းချမ်းရေး ပေးလိုလျှင် ယခုကဲ့သို့ ချန်လှပ်ထားမည် မဟုတ်ကြောင်းနှင့် တပ်မတော်၏ ထုတ်ပြန်ချက်သည် ငြိမ်းချမ်းရေးကို စိတ်ရင်း စေတနာအမှန်မရှိ ဖြစ်နေကြောင်းမြေပုံမြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းမှ ပြောသည်။ [DMG]

(၄) (၀၉.၀၅.၂၀) ရက်နေ့၊ ညဥ့်အချိန်တွင် ပုဏ္ဏားကျွန်းမြို့နယ်၊ ဒိုးတန်းရွာသစ်မှ မူလတန်း ကျောင်း အုပ် ဆရာကြီးပိုင် ဦးမောင်စံလှ၏ ဆန်စက် (၁) လုံး၊ ဦးအေးထွန်း၏ နေအိမ်နှင့် ကုန်စုံဆိုင် တို့အား မီးရှို့ခံခဲ့ရကြောင်း ပုဏ္ဏားကျွန်းမြို့နယ်-ရသေ့တောင်မြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ်မှပြောသည်။
(၀၇.၀၅.၂၀) ရက်နေ့တွင် တပ်မတော်စစ်ကြောင်း ဝင်ရောက်လာသောကြောင့် နီးစပ်ရာ ကျေးရွာ သို့ ထွက်ပြေးခိုလုံနေချိန်တွင် မီးရှို့ခံလိုက်ရခြင်းဖြစ်ကြောင်း၊ ဆန်စက်၏ ကာလ တန်ဖိုးမှာ သိန်း (၃၀၀) ကျပ်တန်ဖိုးရှိပြီး ဆန်စက်ကိုမှီခို အားထားနေရသည့်အတွက် စားဝတ်နေရေး အခက်အခဲ ဖြစ်သွားကြောင်းနှင့် ကုန်စုံဆိုင်မီးလောင်သွားသည့် အထဲတွင် စပါးများလည်း မီးလောင်သွားပြီး တန်ဖိုး သိန်း(၁၂၀) ခန့်ရှိကြောင်း ပိုင်ရှင်များမှပြော သည်။

ထို့အပြင် ဦးစိုးထွန်းအောင်၏ မွေးမြူရေးခြံထဲမှ ဘဲအကောင်ရေ (၇၀) ခန့် ပျောက်ဆုံး သွားကြောင်းပြောသည်။ [Narinjara]

(၅) (၂၃.၀၃.၂၀) ရက်နေ့တွင် အစိုးရမှ အကြမ်းဖက်အဖွဲ့နှင့် မတရားအသင်းအဖြစ် သတ်မှတ်ကြေညာထားသည့် ULA/AA ဌာနချုပ်သည် ဝလက်နက်ကိုင်အဖွဲ့(UWSA) ဌာနချုပ်၌ အခြေစိုက်သည်ဆိုသည့် ပြောဆိုချက်အား ULA/AA ဌာန ချုပ်သည် မိမိတို့ဌာနချုပ်၌ မရှိကြောင်းနှင့် တခါတရံ အစည်းအဝေး လုပ်သည်ကိုသာ တွေ့ရှိရကြောင်း (၁၀.၀၅.၂၀) ရက်နေ့တွင် UWSA ပြောရေးဆိုခွင့်ရှိသူ လားရှိုးဆက်ဆံရေး ရုံးတာဝန်ခံ ဦးညီရန်းမှ ပြောသည်။ [7 Day News]

(၆) ၂၀၂၀ ခုနှစ်၊ မေလ(၁၃) ရက်နေ့မှ ဩဂုတ်လ (၃၁) ရက်နေ့အထိ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲကြောင်း ကြေညာချက်တွင် ULA/AA အား ချန်လှပ်ထားခြင်းသည် ငြိမ်းချမ်းရေး အတွက် အဆင်မပြေကြောင်း မြစ်ကြီးနားမြို့ အခြေစိုက် ငြိမ်းချမ်းရေးဆွေးနွေးရေးအကျိုး ဆောင်အဖွဲ့ (PCG)မှ ဦးလမိုင် ဂွန်ဂျာမှပြောသည်။ [7 Day News]

(၇) ၂၀၂၀ ခုနှစ်၊ မေလ (၁၀) ရက်နေ့မှ ဩဂုတ်လ (၃၁) ရက်နေ့ထိ အပစ်အခတ်ရပ်စဲသည့် အထဲတွင် ULA/AA အဖွဲ့မပါသည့်အတွက် COVID-19 ပူးပေါင်းဆောင်ရွက်ရေးသည် အလိုလို ပျက်ပြယ် သွားကြောင်း နိုင်ငံရေးလေ့လာသုံးသပ်သူ ဦးမောင်မောင်စိုးမှ ပြော သည်။ [DMG]

(၈) (၁၄.၀၅.၂၀) ရက်နေ့တွင် ရခိုင်ပြည်အတွင်း မြင့်တက်လာနေသည့် အကြမ်းဖက်မှုနှင့် မြန်မာနိုင်ငံအတွင်း ဖြစ်ပွါးနေသော coronavirus ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါ၏ အကျိုးသက်ရောက်မှုများအား ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၌ ဗီဒီယိုအစည်းအဝေးပြုလုပ် ဆွေးနွေး မည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူး ကိုယ်စား လှယ် ဆွစ်ဇာလန်နိုင်ငံသူ မစ္စ ခရစ္စတင်း ရှုဝါနာ ဘူဂီနာ (Christine Schraner Burgener) မှ အစည်းအဝေးတွင် မှတ်ချက်ပေးမည်ဖြစ်သည်။[Narinjara]

(၉) ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ရင်ဆိုင်နေရသည့်အချိန်တွင် ရခိုင်ပြည်နှင့် ချင်းပြည်နယ်၌ စစ်ပွဲပြင်းထန်ကာ လူ့အခွင့်အရေးချိုးဖောက်ခံရမှု ပိုများနေပြီး စစ်ရေးပဋိပက္ခများမှ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်၊ သတင်းရယူခွင့်နှင့် အရပ်ဖက်အဖွဲ့များ၏ လွတ်လပ်စွာ လုပ်ပိုင်ခွင့်များအား ထိခိုက်စေသည့်အတွက်ကြောင့် မြန်မာအစိုးရနှင့် တပ်မတော်အား သံတမန်နည်းများဖြင့် ဖိအားပေး တိုက်တွန်းပေးရန် အမေရိကန်ပြည်ထောင်စု အခြေစိုက် ဂျူးအဖွဲ့များ၊ မြန်မာနိုင်ငံသားပေါင်း အဖွဲ့များ (၆၄) ဖွဲ့မှ နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပေးယိုထံသို့ (၁၃.၀၅.၂၀) ရက်နေ့တွင် စာရေးသား တောင်းဆိုလိုက်သည်။
တောင်းဆိုချက်ထဲတွင် .....

(၁) တကမ္ဘာလုံး ကိုရိုနာဗိုင်းရပ်စ်ရောဂါ ရင်ဆိုင်နေရသည့်အတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ တိုက်တွန်းချက်အတိုင်း မြန်မာအစိုးရမှ တနိုင်ငံလုံးတွင် အပစ်ရပ်ကြောင်း ကြေညာပြီး တပ်မတော်မှလည်း သဘောတူရန်၊
(၂) ရခိုင်နှင့် ချင်းပြည်နယ်တွင် အင်တာနက်လိုင်းများ ချက်ချင်းပြန်ဖွင့်ပေးရန်၊
(၃) သတင်းမီဒီယာတချို့၏ ပိတ်ထားသည့် အင်တာနက်ဝက်ဘ်ဆိုဒ်များပြန်ဖွင့်ပေးပြီး၊ သတင်းထောက်များအား တရားစွဲခြင်းရပ်ရန်၊

(၄) ကျန်းမာရေးစစ်ဆေးခွင့်ကို လူတိုင်းတန်းတူရပြီး၊ လူသားချင်း စာနာမှုအကူအညီ များ အချိန်မှီရအောင် ဆောင်ရွက်ပေးရန် စသည်တို့ပါဝင်သည်။[RFA] [VOA]

(၁၀) (၁၄.၀၅.၂၀) ရက်နေ့တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံအရေး တံခါးပိတ် အစည်း အဝေး ပြုလုပ်ခဲ့ခြင်းအား ယူကေနိုင်ငံက ကြိုဆိုကြောင်း ယူကေနိုင်ငံခြားရေး ဝန်ကြီးဌာနမှ ကြေညာချက် (၁) စောင်ထုတ်ပြန်ခဲ့သည်။
COIVD-19 ကမ္ဘာ့ကပ်ရောဂါ ကျရောက်နေချိန် ရခိုင်နှင့် ချင်းပြည်နယ်တွင် မြန်မာ့ တပ်မတော်နှင့် ULA/AA တို့ကြား ပဋိပက္ခတွေအရှိန်မြင့်တက်နေပြီး အရပ်သားများ ထိခိုက် နေခြင်းကြောင့် ထိုအစည်းအဝေးအား ခေါ်ယူရန် ယူကေနိုင်ငံမှ တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း ယူကေနိုင်ငံခြား ရေးဝန်ကြီး ဌာနမှပြောသည်။
ရခိုင်ပြည်မှ ပဋိပက္ခများသည် အကာအကွယ်မဲ့နေသူများအား COVID- 19 အန္တရာယ် ပိုရှိ စေလာ ကြောင်းပြောဆိုပြီး တိုက်ပွဲများကြောင့် ပဋိပက္ခ ဖြစ်ရသည့် အကြောင်းရင်းများ အား ရှာဖွေဖြေရှင်း ရန် မလွယ်ကူသည့်အတွက် (၀၉.၀၅.၂၀) ရက်နေ့တွင် အပစ်ရပ်စဲသည့် နယ်ပယ်တွင် ရခိုင်ပြည် နှင့် ချင်းပြည်တို့အား ထည့်သွင်းပေးရန် တိုက်တွန်းထား သည်။
ထို့နောက် အင်တာနက်လိုင်းများ ပြန်ဖွင့်ပေးပြီး စစ်ဘေးရှောင်စခန်းများအပါအဝင် ရခိုင်နှင့် ချင်းပြည်နယ်အတွင်းသို့ လူသားချင်း စာနာမှု အထောက်အကူပစ္စည်းများ နေရာအနှံ့ ရောက်ရှိ အောင် လုပ်ဆောင်ပေးရန်လည်း မြန်မာအာဏာပိုင်များအား တိုက်တွန်းထား သည်။ [VOA]

(၁၁) COIVD-19 ကမ္ဘာ့ကပ်ရောဂါ ကျရောက်နေချိန် ရခိုင်နှင့် ချင်းပြည်နယ်တွင် မြန်မာ့ တပ်မတော်နှင့် ULA/AA တို့ကြား ပဋိပက္ခတွေအရှိန်မြင့်တက်နေပြီး အရပ်သားများ ထိခိုက်နေခြင်းကြောင့် ဗြိတိန်နိုင်ငံ၏ အဆိုပြုချက်ဖြင့် (၁၄.၀၅.၂၀) ရက်နေ့တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံ အရေးအား တံခါးပိတ် အစည်းအဝေး ပြုလုပ် ခဲ့သည်။
မြန်မာနိုင်ငံတွင် ဖြစ်ပွါးနေသည့်ပဋိပက္ခများအား ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ အီးယူ အဖွဲ့ဝင် နိုင်ငံများနှင့်ဗြိတိန်နိုင်ငံတို့က ရှုတ်ချခဲ့ပြီး ဥရောပသမဂ္ဂအဖွဲ့ဝင် များဖြစ်သည့် ဘယ်လ်ဂျီယံ၊ အက်စ်တိုးနီးယား၊ ဂျာမနီနှင့် ပြင်သစ်နိုင်ငံများမှ မြန်မာနိုင်ငံရှိပဋိပက္ခများ အား စိုးရိမ်ကြောင်း နှင့် တစ်နိုင်ငံလုံးလွှမ်းခြုံသည့် အပစ်အခတ်ရပ်စဲရေးကို ချက်ချင်း အကောင်အထည်ဖော်ရန် တောင်းဆိုခဲ့သည်။ [7Day News]

(၁၂) (၁၃.၀၅.၂၀) ရက်နေ့ ညနေတွင် စစ်တွေမြို့ရှိ နေအိမ်ရှေ့၌ ဖုန်းပြောနေသည့် ကိုကျော်လင်းအား ဆိုင်ကယ်စီးနင်းလာသူ(၂) ဦးမှ ဂျင်ဂလိဖြင့် ပစ်ခတ်သောကြောင့် ရင်ဘတ်၌ ဒဏ်ရာရရှိပြီး စစ်တွေ ဆေးရုံကြီးတွင် ကုသမှုခံယူရကြောင်း၊ ယခင်မူးယစ် ဆေးဝါးနှင့်ပတ်သက်သည့် ဝေဖန်စာများအား ပြီးခဲ့ သည့်ဧပြီတွင် Facebook လူမှု ကွန်ယက်ပေါ် ပြန်တင်ခဲ့သည့်အတွက် ထိုသို့ ပစ်ခတ်ခံရ ခြင်းဖြစ်ကြောင်း ကိုကျော်လင်းမှ ပြောသည်။
မြန်မာအာဏာပိုင်များမှ ကိုကျော်လင်း ပစ်ခတ်ခံရခြင်းသည် သတင်းသမား အလုပ်ကြောင့် ဟုတ်သည်၊ မဟုတ်သည်ကို ဘက်လိုက်မှုမရှိဘဲ စုံစမ်းစစ်ဆေးပေးရန် လိုကြောင်း နယူးယောက် အခြေစိုက်သတင်းသမားများ အကာအကွယ်ပေးရေး ကော်မတီ (CPJ) မှ (၁၅.၀၅.၂၀) ရက်နေ့ တွင် ထုတ်ပြန်ထားသည်။ [DMG][VOA]

(၁၃) ကိုဗစ်-၁၉ ရောဂါဖြစ်ပွါးနေသည့် ကာလအတွင်း ရခိုင်ပြည်၌ လက်နက်ကိုင်ပဋိပက္ခများ အရှိန်တိုးမြှင့်လာပြီး IDP စခန်းများအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကိစ္စနှင့် ပတ်သက်၍ လုံခြုံရေးကောင်စီ၏ တံခါးပိတ် သီးသန့်အစည်းအဝေး (၁) ခုကို နယူးယောက်မြို့တွင် ဗီဒီယိုကွန်ဖရင့်ဖြင့် (၁၄.၀၅.၂၀) ရက်တွင် ကျင်းပခဲ့သည်။
အစည်းအဝေးကို လုံခြုံရေးကောင်စီ၏ မေလအလှည့်ကျ ဥက္ကဋ္ဌဖြစ်သော အက်စတိုး နီးယားနှင့် ဗြိတိန်နိုင်ငံတို့မှ ခေါ်ယူကျင်းပခဲ့ခြင်းဖြစ်ပြီး၊ အစည်းအဝေးနှင့်စပ်လျဉ်း၍ လုံခြုံရေးကောင်စီမှ ဆုံးဖြတ်ချက် (သို့မဟုတ်) ကြေညာချက် ထုတ်ပြန်ရန် သဘောတူ ညီမှု မရရှိခဲ့ကြောင်း သိရသည်။ [The Ladies News]

(၁၄) မဏိပူရနှင့် အာသံပြည်နယ်များ၌ အိန္ဒိယဗဟိုအစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသည့် လက်နက်ကိုင် အဖွဲ့ဝင် (၂၂) ဦးအား (၁၅.၀၅.၂၀) ရက်နေ့တွင် မြန်မာနိုင်ငံမှ အိန္ဒိယ နိုင်ငံသို့ လွှဲပြောင်းပေးခဲ့သည်။
ထိုအထဲတွင် (၁၂) ဦးသည် မဏိပူရပြည်နယ်မှဖြစ်ပြီး အိန္ဒိယ ဗဟိုအစိုးရအား ဆန့်ကျင် တိုက်ခိုက်နေသည့် ညီညွတ်သော အမျိုးသား လွတ်မြောက်ရေး တပ်ဦး (UNLF)၊ ပြည်သူ့တော်လှန်ရေးပါတီ (PREPAK)၊ ပြည်သူ့လွတ်မြောက်ရေးတပ် (PLA)နှင့် KYKL တို့မှဖြစ်ပြီး အိန္ဒိယနိုင်ငံမှ အလိုရှိနေသူများ ဖြစ်သည့်အတွက် ယခုကဲ့သို့ လွှဲပြောင်းပေးခြင်းသည် အိန္ဒိယနိုင်ငံ၏ တောင်းဆိုချက်အား မြန်မာနိုင်ငံမှ ပထမအကြိမ် လက်ခံ လွှဲပြောင်း ပေးခြင်းဖြစ်သည်။
မြန်မာနိုင်ငံမှ ယခုလွှဲပြောင်းပေးခြင်းသည် နောက်ကွယ်ကနေ သံတမန်ရေးအရ ကြိုးပမ်း မှု၏ ရလဒ်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက အမည်မဖော်လိုသူ(၁) ဦးမှပြောသည်။ [VOA]

(၁၅) အစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲကြား ရခိုင်ပြည်၊ မြို့နယ် (၁၃) ခုတွင် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မဖြင့် အရေးယူထားသည့် အမှုပေါင်း (၁၀၉) မှု ရှိကြောင်း (၂၀.၀၅.၂၀) ရက်နေ့ လွှတ်တော်အစည်းအဝေးတွင် ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်းမှ ပြောသည်။
ရခိုင်ပြည်တွင် မေလ (၂၃) ရက်နေ့ မတိုင်မီထိ အကြမ်းဖက်မှုဖြင့် တရားစွဲခံထားရသည့် အမှုပေါင်း (၁၀၉) မှုရှိပြီး ၎င်းအမှုများမှာ စစ်တွေမြို့နယ်မှ (၁၈) မှု၊ ပုဏ္ဏားကျွန်း (၈)မှု၊ ကျောက်တော်(၂၉) မှု၊ မြောက်ဦး (၁၉) မှု၊ မင်းပြား (၃) မှု၊ မြေပုံ (၇) မှု၊ ကျောက်ဖြူ (၄) မှု၊ မာန်အောင် (၁) မှု၊ အမ်း (၁၄) မှု၊ သံတွဲမြို့ (၁) မှု၊ တောင်ကုတ်မြို့နယ် မအီခွဲအပါအဝင် (၃) မှု၊ ဘူးသီးတောင် (၁) မှုနှင့် ရမ်းဗြဲမြို့နယ်တွင် (၁) မှုတို့ဖြစ်သည်။ [DMG] [Narinjara]

(၁၆) အမ်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်သည် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဃ)ပါ ပြဋ္ဌာန်းချက်ဖြင့် ငြိစွန်းသောကြောင့် စစ်တွေ ခရိုင်တရားရုံးမှ စီရင်ချက်ချမှတ်သည့် (၁၉.၀၃.၂၀၁၉) ရက်နေ့မှစ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှ ပယ်ဖျက်ပြီး ရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်ခွင့်လည်း မရှိတော့ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ (၁၈.၀၅.၂၀) ရက်နေ့စွဲဖြင့် ကြေညာချက် ထုတ်ပြန်သည်။

ဒေါက်တာအေးမောင်သည် (၀၁.၀၄.၂၀၁၇) ရက်နေ့တွင် ကျင်းပသော ကြားဖြတ်ရွေးကောက်ပွဲ၌ အမ်းမြို့နယ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံရသူဖြစ်ပြီး နိုင်ငံတော် အကြည်ညိုပျက်စေမှု ၁၂၂(၁) နှင့် နိုင်ငံတော်

ပုန်ကန်မှု ပုဒ်မ ၅၀၅ (ခ)တို့အရ စစ်တွေခရိုင်တရားရုံးမှ ထောင် နှစ် (၂၀) ချမှတ်ခံထားရသည်။ [Narinjara] [The Ladies News] [ELEVEN] [BBC]

(၁၇) အမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်အား လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ပြီး ရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်ခွင့်လည်း မရှိတော့ ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ (၁၈.၀၅.၂၀) ရက်နေ့စွဲဖြင့် ထုတ်ပြန်ချက်သည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး ဆောင်ရွက်ရာတွင် ထိခိုက်မှုရှိလာနိုင်ပြီး ဒေါက်တာအေးမောင်အား စွဲချက်တင် ထောင်ချ ခဲ့သည့် ပြစ်မှုမှာလည်း နိုင်ငံရေး ပြဿနာဖြင့် ဆက်စပ်နေသောကြောင့် ယခုကဲ့သို့ နိုင်ငံရေးမှ ဖယ်ရှားခြင်းထက် နိုင်ငံရေးနည်းလမ်း အရသာ ပြန်လည် ဖြေရှင်းသင့်ကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ထုတ်ပြန်ကြေညာချက်ကို ပြန်လည် ဆန်းစစ်သုံးသပ်သင့်ကြောင်း နိုင်ငံရေးလေ့လာသုံးသပ်သူ ဒေါက်တာ ရန်မျိုးသိမ်းမှ ပြောသည်။[VOA]

(၁၈) အမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်အား လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ပြီး ရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်ခွင့်လည်း မရှိတော့ ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ (၁၈.၀၅.၂၀) ရက်နေ့စွဲဖြင့် ကြေညာ ထုတ်ပြန်ချက်သည် နိုင်ငံရေးအရ အယူအဆမတူညီမှုများအား ဖိနှိပ်ခြင်းဖြစ်ကြောင်း ရခိုင်အမျိုးသားပါတီ ဒုတိယ ဥက္ကဋ္ဌ ဒေါ်အေးနုစိန် မှပြောသည်။ [VOA]

(၁၉) ရခိုင်တွင် အင်တာနက်လိုင်းများ ပြန်ဖွင့်ပေးရေး၊ သတင်းအမှောင်ချ ခံထားရသည့်အတွက် သတင်းသမားများ လာရောက်ပြီး သတင်းအချက်အလက်များ မှန်မှန်ကန်ကန်ရရှိရေးနှင့် ပတ်သက်၍ လွှတ်တော် ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍ အရေးကြီးနေပြီး ပြည်သူများ အတွက် ပြောသင့်ပြောထိုက်သည်များကို ပြောဆိုဆွေးနွေးကြရန်(၂၀.၀၅.၂၀) ရက်နေ့၊ ဒုတိယအကြိမ် ရခိုင်ပြည်နယ် လွှတ်တော် (၁၃) ကြိမ်မြောက်အစည်းအဝေးတွင် လွှတ်တော် ဥက္ကဋ္ဌ ဦးစံကျော်လှမှ တိုက်တွန်းပြောကြားသည်။ [BBC]

(၂၀) (၁၄.၀၅.၂၀) ရက်နေ့၊ (၂၁) နာရီတွင် "ဝ" ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ တောင်ပိုင်း (၁၇၁) စစ်ဒေသအတွင်း ဖမ်းဆီးမိသည့် မူးယစ်ဆေးပြား (၃) ဒသမ (၅) သန်းနှင့် သယ်ဆောင်သူများအား (၂၀.၀၅.၂၀) ရက်နေ့တွင် UWSA မှ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် တပ်မတော်ထံသို့ လွှဲအပ်လိုက် ကြောင်း UWSA ပြင်ပ ဆက်ဆံရေး တာဝန်ခံ ဦးညီရန်းမှ ပြောသည်။[Irrawaddy]

(၂၁) ရခိုင်ပြည်တွင် တိုက်ပွဲနှင့်မသက်ဆိုင်သည့် အရပ်သား ထိခိုက်ဒဏ်ရာရရှိမှုများအား လူသားချင်း စာနာမှုဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန်နှင့် အတားအဆီးမရှိ လွတ်လပ်စွာသွားလာခွင့် ပြုရေးအတွက် မြောက်ဦးမြို့နယ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းသာစိန် အဆိုအား (၂၁.၀၅.၂၀) ရက်နေ့တွင် ပြည်နယ်လွှတ်တော်မှ အတည်ပြုခဲ့သည်။ [DMG]

(၂၂) ရခိုင်ပြည်၌ ဖြစ်ပွားနေသည့်တိုက်ပွဲများတွင် တိုက်ပွဲနှင့်မသက်ဆိုင်သည့် အရပ်သားများ ထိခိုက်ဒဏ်ရာရရှိမှုနှင့် အရေးပေါ်လူနာများအား မြန်ဆန်စွာသွားလာနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေကြောင်း (၂၁.၀၅.၂၀) ရက်နေ့တွင် ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေး နှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသန်းမှပြောသည်။

လူနာ(၁) ဦးကိုသယ်ယူရန်အတွက် လူနာအမည်၊ လူနာအခြေအနေ၊ သယ်ပို့မည့် ယာဉ်နံပါတ်၊ ရပ်/ကျေးမှ တာဝန်ရှိသူ (၁) ဦး၊ သွားမည့်လမ်းကြောင်း စသည့်ပုံစံ ဖောင်အားဖြည့်ကာ ပြည်နယ်ညွှန်မှူး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှတစ်ဆင့် တိုင်းအထိတင်ပြ၍ တိုင်းမှအကြောင်းပြန်လျှင် လူနာအားသယ်ယူရန် စီစဉ်ထားရှိကြောင်း ဗိုလ်မှူးကြီးမင်းသန်းမှ ဆက်လက်ပြောကြားသည်။DMG

(၂၃) နိုင်ငံတကာရှိ မူးယစ်ဆေးဝါး ကျွမ်းကျင်သူများများမှ မြန်မာနိုင်ငံရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် မူးယစ်းဆေးဝါး ရောင်းဝယ်ဖောက်ကားမှုနှင့် မကောင်းကြံကြောင်း သုံးသပ် ထားသည်များရှိပြီး (၂၁.၀၄.၂၀) ရက်တွင် ဗြိတိန် အခြေစိုက် Jane's Defense Weekly မှ ထုတ်သည့် New Strategy to Address Escalating Insurgency in Western Myanmar leaves Military Locked in to Conflict' ဆိုသည့် စာတမ်း၌ တပ်မတော်မှ လက်နက်ဖြုတ်သိမ်းလိုက်သည့် ကောင်းခါးပြည်သူ့စစ်သည် သန့်စင်မှု မြင့်မားသည့် မက်သာဖက်တမင်းအခဲများအား ထုတ်လုပ်နေပြီး ULA/AA မှ ကောင်းခါး ထုတ် မူးယစ်ဆေးများအား ရခိုင်ပြည်မှတဆင့် နိုင်ငံခြားသို့ တင်ပို့နေကြောင်း ရေးသား ထားသည်။

Jane's Defense Weekly မှထုတ်သည့် စာတမ်းသည် တပ်မတော် ထောက်လှမ်းရေး၏ မဟုတ်မမှန် ပြောဆိုမှုများအား ကိုးကား ရေးသားထားခြင်းဖြစ်ပြီး ကောင်းခါး ပြည်သူ့စစ် နှင့် ပတ်သက်မှု မရှိကြောင်း ULA/ AA အဖွဲ့မှ ကြေညာချက်ထုတ်၍ ပြန်လည်ရှင်းလင်း ခဲ့သည်။ [Irrawaddy]

(၂၄) အစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲကြား အစိုးရတပ်မတော်ဖက်မှ လေယာဉ်ဖြင့် ပုံးကြဲပစ်ခတ် မှုကြောင့် ပလက်ဝမြို့နယ်တွင် (၁၄.၀၃.၂၀) ရက်နေ့မှ (၁၅.၀၄.၂၀) ရက်နေ့ထိ (၂၉) ဦးသေဆုံးပြီး (၄၀) ဦးဒဏ်ရာရရှိခဲ့သည်။
ထိုသေဆုံး၊ ဒဏ်ရာရရှိသူများအား ပြည်နယ်အစိုးရမှ သေဆုံးသူ (၁) ဦးလျှင် (၃၀၀၀၀၀) နှင့် ဒဏ်ရာရသူ (၁) ဦးလျှင် (၁၀၀၀၀၀) ကျပ်ထောက်ပံ့ပေးကြောင်း ချင်းပြည်နယ် အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဆလိုင်းဦးမျိုးထိုက်မှပြောသည်။[Khit Thit Media]

(၂၅) မြန်မာနိုင်ငံမှ ထွက်ပြေးခိုလှုံနေကြသည့် ဘင်္ဂလာဒေ့ရှ်နိုင်ငံ၊ ကော့စ်ဘဇားခရိုင်ရှိ မူဆလင်ဒုက္ခသည် စခန်း၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ နောက်ထပ် (၈) ဦး ထပ်မံတွေ့ရှိသည် ဟု စခန်းထဲရှိ ဒုက္ခသည် ကူညီထောက်ပံ့ရေးနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေး ညှိနှိုင်း ရေးမှူး Dr Abu Toha မှပြောကြောင်း (၂၃.၀၅.၂၀) ရက်နေ့ The Independent တွင် သတင်း ရေးသားဖော်ပြသည်။[Narinjara]

(၂၆) ရိုဟင်ဂျာများအား လူမျိုးတုံးသတ်ဖြတ်မှုဖြင့် နိုင်ငံတကာတရားရုံး (ICJ) ၌ ဂမ်ဘီယာနိုင်ငံမှ တိုင်ကြားထားသည့် အမှုအတွက် မြန်မာနိုင်ငံမှ ပထမဆုံး အစီရင်ခံစာအား (၂၃.၀၅.၂၀) ရက်နေ့တွင် တင်ထားပြီဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့ အစည်းများနဲ့ စီးပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချမ်းအေးမှပြောသည်။ [VOA]

(၂၇) ရခိုင်ပြည်တွင် ကိုဗစ်ကာလအတွင်း အင်တာနက်ဖြတ်တောက်မှုများနှင့် ကျန်းမာရေး ဆိုင် ရာ ပေါ့လျော့မှုများသည် ရခိုင်ပြည်သူများအပေါ် ရာဇဝတ်မှု ကျူးလွန်သကဲ့သို့ ဖြစ်နေ ကြောင်း ရခိုင်ပြည် ကျောင်းသားသမဂ္ဂ၊ ရခိုင်ကျောင်းသားများသမဂ္ဂ (တက္ကသိုလ်များ-ရန်ကုန်) အဖွဲ့ (၂) ခုမှ (၂၃.၀၅.၂၀) ရက်နေ့တွင် ကြေညာချက် ထုတ်ပြန်သည်။
ကြေညာချက်တွင် အင်တာနက်ဖွင့်ပေးရန် တောင်းဆိုမှုအား အစိုးရမှ ဂရုပြုဆောင်ရွက် ခြင်းမရှိခဲ့ ကြောင်း၊ ယခု မလေးရှားနိုင်ငံမှ ပြန်လာသူများထဲမှ သံတွဲနှင့် တောင်ကုတ်မြို့ နယ်တွင် ကိုဗစ်လူနာ (၂) ဦးတွေ့ရှိထားပြီး နေရပ်ပြန်သူများအား ရခိုင်သို့မပို့မီ ရန်ကုန်တွင် Quarantine ထားသင့် သူများဖြစ်ကြောင်းနှင့် ရခိုင်သို့ကားဖြင့် တိုက်ရိုက် ပို့ခဲ့ခြင်း ကြောင့် ညံ့ဖျင်းသော စီမံခန့်ခွဲမှုဖြစ်ပြီး ရခိုင်ပြည်သူများသို့ အခြားမဖြစ်အပ်သော ရောဂါကူးစက်ခြင်းမျိုး ဖြစ်စေနိုင် ကြောင်းပါရှိသည်။ [Khit Thit Media]

(၂၈) ရခိုင်ပြည်တွင် အစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲကာလအတွင်း ကလေးသူငယ်နှင့် အမျိုးသမီးများအပေါ် ကျူးလွန်မှုများအပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှု အခြေအနေနှင့် ပတ် သက်ပြီး (၁၅) ကြိမ်မြောက် ပြည်ထောင်စုလွှတ်တော်၌ အရေးကြီး အဆိုအဖြစ် တင်ပြသော်လည်း ဆွေးနွေးခွင့် မရခဲ့ကြောင်း (၂၅.၀၅.၂၀) ရက်နေ့ သတင်းတွင် အမျိုးသားလွှတ်တော်ရဲ့ အမတ် ဒေါ်ထုမေမှပြောသည်။ [RFA]

(၂၉) ရခိုင်ပြည်၌ လူ့အခွင့်အရေး ချိုးဖောက်မှုများ ရှိနေသော်လည်း ထိုကျူးလွန်မှုများအတွက် ကွင်းဆင်း စုံစမ်းမည့်သူ ယခုအချိန်ထိ မရှိကြောင်းနှင့် ရခိုင်အမျိုးသားပါတီ (ANP) အမတ်တချို့မှ ဒေသတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများအား အစိုးရထိပ်တန်း ခေါင်းဆောင်များထံသို့ တိုင်ကြားခဲ့သော်လည်း လျစ်လျူရှုခံခဲ့ရကြောင်း (၂၅.၀၅.၂၀) ရက် နေ့ သတင်းတွင် မြေပုံမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဖေသန်းမှပြောပြီး ANP ၏ မူဝါဒရေးရာ ဦးဆောင် ကော်မတီဝင် ဦးထွန်းအောင်ကျော်မှလည်း ရခိုင်ပြည်ရှိ ဒေသခံများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှု လျော့နည်း ပပျောက်ရန်အတွက် ငြိမ်းချမ်းရေးအား အမြန်ဆုံး ဖော်ဆောင် ပေးရန် ပြောသည်။[RFA]

(၃၀) တပ်မတော်မှ ပစ္စည်းပို့ဆောင်ရေးအတွက် ကျပ်သန်း (၁၂၉၆) ဒသမ (၃၇) သန်း တောင်းခံရ ခြင်းမှာ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း စစ်ဆင်ရေးဒေသများဖြစ်သည့် ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ပလက်ဝမြို့နယ် ဒေသများသို့ ရိက္ခာ၊ စက်သုံးဆီ၊ လေယာဉ်ဆီများနှင့် စစ်ဆင် ရေး အထောက်အကူပြု ပစ္စည်းများ ပို့ဆောင်ရာတွင် လိုအပ်သည့် ငှားရမ်းခများ ပေးချေရန်ဖြစ် ကြောင်း (၂၇.၀၆.၂၀) ရက်နေ့ ပြည်ထောင်စု လွှတ်တော် အစည်းအဝေးတွင် ကာကွယ်ရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းမှ ပြောကြားသည်။ [Khit Thit Media]

(၃၁) ကာကွယ်ရေးဝန်ကြီးဌာနမှ ယခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဖြည့်စွက် အသုံးစရိတ် သာမန် အသုံးငွေ (၆၇၆၃၀) ဒသမ (၃၄၀) သန်း တောင်းခံခဲ့ပြီး ပြည်ထောင်စုလွှတ်တော်က ကျပ် (၆၅၀၀) သန်း စိစစ်ဖြတ်တောက် လျှော့ချလိုက်ကြောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်မှ ကျပ်သန်း (၁၃၀၀၅၈) ဒသမ (၆၄၅) သန်း တောင်းခံခဲ့ပြီး ပြည်ထောင်စုလွှတ်တော်မှ (၄၁၀၀) သန်း စိစစ်ဖြတ်တောက် လျှော့ချလိုက်ရာ စုစုပေါင်း ကျပ်သန်း (၁၀၆၀၀) စိစစ်ဖြတ်တောက်ပြီး ဖြည့်စွက်တောင်းခံငွေ

ကျပ်သန်းပေါင်း (၁၈၇၀၈၈) ဒသမ (၉၈၅) အား ခွင့်ပြုပေးလိုက်ကြောင်း ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်း ကော်မတီမှ ဦးအောင်မင်းမှ ပြောသည်။[Khit Thit Media]

(၃၂) (၁၆.၀၅.၂၀) ရက်နေ့တွင် မြောက်ဦးမြို့နယ်၊ လက္ကာရွာမီးရှို့ခံရသောကြောင့် နေအိမ်၊ အဆောက်အအုံ (၂၀၀) ခန့် မီးလောင်ပျက်စီးသွားသည်ကို ဂြိုလ်တုမှ ပုံရိပ်များအရ မြင်တွေ့ရကြောင်းနှင့် ကျူးလွန်သည့် တာဝန်ရှိသူများအား အပြစ်ပေးရန်အတွက် ဘက်မလိုက်သော စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် နိုင်ငံတကာ လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့ Human Rights Watch (HRW) မှ (၂၆.၀၅.၂၀) ရက်နေ့တွင် တောင်းဆိုသည်။
၂၀၁၉ ခုနှစ်ဇန်နဝါရီလမှစ၍ အစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲများကြောင့် အရပ်သားသေဆုံးမှုများနှင့် အရပ်သားပိုင်ဆိုင်မှု ပျက်စီးမှုများရှိသည့်အတွက် ၎င်းတို့အား ရှာဖွေဖော်ထုတ်ပြီး တာဝန်ရှိသူများအား အပြစ်ပေးရန်၊ ထိခိုက်ဒဏ်ရာ ရရှိနေသည့် ရွာသားများကိုလျော်ကြေးပေးရန်နှင့် ယုံကြည်စိတ်ချရပြီး ဘက်မလိုက်သော စုံစမ်း စစ်ဆေးမှုများ ပြုလုပ်ရန် အရေးတကြီးလိုအပ်နေကြောင်း ဖော်ပြထားသည်။ [Narinjara]

(၃၃) အစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲဖြစ်ပွါးနေသည့် ရခိုင်နှင့် ပလက်ဝမြို့နယ်ရှိ ကျေးရွာတချို့ မီးရှို့ဖျက်စီးခံနေရမှုအတွက် HRW၊ AI စသည့် နိုင်ငံတကာလူ့အခွင့်အရေး အဖွဲ့များမှ ကျူးလွန်သူများကို စုံစမ်းအရေးယူရန် မြန်မာအစိုးရအား (၂၇.၀၅.၂၀) ရက်နေ့ တွင် ဖိအား ပေးတောင်းဆိုထားသည်။[RFA]

(၃၄) (၃၁.၀၅.၂၀) ရက်နေ့၊ (၀၉း၀၀) နာရီတွင် မောင်တောမြို့နယ်အတွင်းရှိ လုံခြုံရေး အဖွဲ့ဝင်များမှ ကံသာယာ ကျေးရွာနေ ဦးရွှေသိန်း (ဘ) ဦးကျော်သာစိန်၏ နေအိမ်အား စစ်ဆေး ရှာဖွေရာ ဦးရွှေသိန်းအား မတွေ့ရှိဘဲ နေအိမ်အတွင်း၌ ဇနီးဖြစ်သူဒေါ်ဦးမစိန် (ဘ) ဦးအရဲချေ၊ ကျော်မင်း (ဘ) ဦးသာကျော်၊ ဝင်းမြင့်အောင် (ဘ) ဦးကျော်သန်း၊ ချစ်ထူး (ဘ) ဦးသာအောင်ကျော်၊ ကျော်ကျော်နိုင် (ဘ) ဦးဝင်းနိုင် တို့ (၅) ဦးနှင့် နေအိမ်အိပ်ခန်းရှိ ကော်ပုံးအတွင်းမှ Austria နိုင်ငံလုပ် GLOCK အမျိုးအစားပစ္စတို (၁) လက်၊ ၎င်းကျည် (၅) တောင့်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။
ထို့နောက် ကျေးရွာထိပ်ရှိ ရွှေသိန်းပိုင်သည့် ကားဂိုဒေါင်အား ဆက်လက်ရှာဖွေရာ ကားဂိုဒေါင်အနီး စိုးမောင် (ဘ) ဦးကျော်သန်းအောင်အား ဖမ်းဆီးရမိခဲ့ပြီး ကားဂိုဒေါင်ရှိ FORLAND အမျိုးအစား မော်တော်ယာဉ်အတွင်းမှ ဆာလာအိတ်များဖြင့် ထုပ်ထားသည့် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားပေါင်း (၂၄၃၇၅၀၀) ပြား (ခန့်မှန်းတန်ဖိုးငွေ ကျပ်သိန်းပေါင်း ၄၈၀၀ ကျော်) နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း (၃၁.၀၅.၂၀) ရက်နေ့တွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ သတင်း ထုတ်ပြန်သည်။ [Cincds]

# ၂. လူမှု-စီးပွါးရေးသတင်းတိုများ

## ၂.၁. လူ့အခွင့်အရေးချိုးဖောက်မှုသတင်းများ

### ၂.၁.၁. မတရားဖမ်းဆီးချုပ်နှောင်ခြင်း

(၁) (၀၂.၀၅.၂၀) ရက်နေ့၊ (၁၄း၀၀) နာရီတွင် ရသေ့တောင်မြို့နယ်၊ ဒုံးပိုက်ကျေးရွာအနီး နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များနှင့် ULA/AA တို့ပစ်ခတ်မှုကြောင့် ရွာသားများ ထွက်ပြေး သည့်အချိန်တွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များမှ ဦးမြင့်စိုး သက် (၅၂) နှစ်အား ရဲစခန်းသို့ ဖမ်းဆီးသွားကြောင်း ဆွေမျိုးတော်စပ်သူ ဒေါ်ခင်စောရီမှပြောသည်။ [DMG]

(၂) (၀၄.၀၅.၂၀) ရက်နေ့၊ (၀၇း၀၀) နာရီတွင် ကျောက်ဖြူမြို့နယ်၊ ရေနံဒွိန်ကျေးရွာမှ ထွက်ခွါ လာသည့် အင်းအား (၇၀) ခန့်ရှိ တပ်မတော်စစ်ကြောင်း(၁) ခုသည် ရေနံဒွိန်ကျေးရွာနှင့် လိပ်တင်ကျေးရွာအကြား ကျောက်ချောလမ်း အရောက်တွင် ပေါက်ကွဲမှု (၁) ခုဖြစ်ခဲ့ သောကြောင့် အနီးရှိ လိပ်တင်ကျေးရွာမှ ဦးလှအေး အသက် (၇၀) နှစ်၊ ရေနံဒွိန်ကျေးရွာမှ ဦးငဆိုးနောင် အသက် (၆၀) နှစ်နှင့် ဒအုပ်ကျေးရွာမှ ဦးငပေချီး အသက်(၃၇)နှစ်တို့အား တပ်မတော်မှ ခေါ်ယူစစ်ဆေးနေကြောင်း ရေနံဒွိန်ကျေးရွာ ရာအိမ်မှူး ဦးမောင်ထောင်းမှ ပြောသည်။
ကျောက်ဖြူမြို့နယ် အမှတ် (၂) ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးဖိုးစံမှလည်း ပေါက်ကွဲမှုဖြစ်သည်မှာ မှန်ကန်ကြောင်းပြောသည်။ [Narinjara]

(၃) (၀၅.၀၅.၂၀) ရက်နေ့၊ (၀၁း၀၀) နာရီတွင် တောင်ကုတ်မြို့နယ်၊ ဘူးရွှေမော်ကျေးရွာမှ ဦးသန်းရွှေ အသက် (၅၂) နှစ်အား စားများကိုင်ဆောင်ထားသည့် ULA/AA အဖွဲ့ဝင် (၅) ဦးမှ ကျေးရွာအနောက်ဘက် လမုချောင်းသို့ ဖမ်းဆီးခေါ်ဆောင်သွားပြီး ဦးသန်းရွှေ၏ သတင်းအား မရရှိသေးသဖြင့် စိုးရိမ်နေရကြောင်း မိသားစုဝင်များမှပြောသည်။ [DMG] [The Ladies News] [RFA]

(၄) (၀၅.၀၄.၂၀) ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရသည့် တောင်ကုတ်မြို့နယ်၊ ဆားပြင်ကျေးရွာမှ ကိုပြုံးချို၊ ကိုသန်းနိုင်၊ ကိုအောင်ထူး၊ ကိုမောင်မြင့်အောင်နှင့် ကိုလှဖြူတို့ (၅) ဦးသည် အကြမ်းဖက် ဥပဒေဖြင့် စွပ်စွဲခံရမှုမှ လွတ်လာပြီး မအီမြို့၌ ဗုံးဖောက်ခွဲမှုဖြင့် ထပ်မံချုပ်နှောင်ခံလိုက်ရကြောင်း မိသားစုဝင်များမှပြောသည်။ [DMG] [Narinjara] [Irrawaddy]

(၅) (၁၆.၀၅.၂၀) ရက်နေ့၊ (၁၁း၀၀) နာရီတွင် ပုဏ္ဏားကျွန်းမြို့၊ စံပြရပ်ကွက်မှ ULA/AA နှင့် ဆက်စပ်သည့် ဒေါ်မသန်း အသက် (၄၂) နှစ်အား (၅၅၀) တပ်ရင်းမှ စစ်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့ လာရောက်ဖမ်းဆီးသွားကြောင်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ်မှ ပြောသည်။
(၅၅၀) တပ်ရင်းမှ ဒေါ်မသန်း၏ ဖုန်းနှင့် နေအိမ်ရှိ အဝတ်ထုတ် (၁) ထုတ်အား သိမ်းဆည်းပြီး ဖမ်းဆီးသွားခြင်းဖြစ်ကြောင်း မျက်မြင်ဒေသခံမှ ပြောကြားသည်။ [DMG] [ULA/AA]

(၆) (၁၆.၀၃.၂၀) ရက်နေ့၊ ညနေတွင် တင်းမရွာ၏အရှေ့ဘက် (၂) ဖာလုံအကွာရှိ တောင်ရှည်တောင်၌ စခန်းချနေသည့် တပ်မ-၅၅ လက်အောက်ခံ စစ်ကြောင်း (၁) ခုမှ ကျေးရွာသား (၅၀) အား တောင်ခြေရင်းသို့ ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် (၄၀) ကျော် ပြန်လွှတ်ပေးခဲ့ပြီး (၁၀) ဦးကို စစ်ဆေးစရာ ရှိသည်ဟုဆိုကာ ဖမ်းဆီးထားခဲ့ကြောင်း၊ ဖမ်းဆီးသွားသည့်နေ့တွင် တောင်ခြေရင်းသို့ ရောက်အောင် လိုက်ပို့ရပြီး တပ်အရာရှိ (၁) ဦးမှ မနက်မိုးလင်းသည့်အချိန် ဖမ်းထားသည့် (၁၀) ဦးအား ပြန်လွှတ်ပေးမည်ဟု ပြော ကြောင်း ကျေးရွာလူကြီး ဦးမောင်ထွန်းညွှန့်မှပြောသည်။
ဖမ်းဆီးသွားသူများထဲတွင် (၈) တန်းကျောင်းသား မောင်ထွန်းထွန်းဝေ အသက် (၁၄) နှစ်မိခင်ဖြစ်သူနှင့် နောက်ထပ် ဖမ်းဆီးခံရသူ (၁) ဦးဖြစ်သူ ဦးမောင်ကြည်လင်း၏ ဇနီးတို့မှ အမြန်ဆုံး ပြန်လွှတ် ပေးစေလိုကြောင်း (၁၈.၀၅.၂၀) ရက်နေ့တွင် တောင်းဆိုထားသည်။
ဦးမောင်ဝင်း အသက် (၄၀) အား ဖမ်းဆီးခံရပြီး (၁၇.၀၃.၂၀) ရက်နေ့၊ (၁၄) နာရီတွင် ကုလားတန်မြစ်ထဲ၌ သေနတ်ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း ကျေးရွားသား များမှ ပြောသည်။ [RFA]

(၇) (၁၉.၀၅.၂၀) ရက်နေ့၊ (၀၆း၀၀) နာရီတွင် မြေပုံမြို့နယ်၊ ရေရှင်ကျေးရွာသား (၇၀) ကျော်အား အင်အား (၁၃၀) ကျော်ခန့်ရှိသည့် တပ်မတော်စစ်ကြောင်းမှ ခေါ်ယူစစ်ဆေး ခဲ့ပြီးနောက် အသက်ကြီးပိုင်းအချို့ကို ပြန်လွှတ်ပေးခဲ့ပြီး လူငယ်များကို အနီးရှိတောင်ခြေ ရင်းသို့ ခေါ်ယူသွားကြောင်း ရေရှင်ကျေးရွာသား ကိုထွန်းဝင်းမှ ပြောသည်။
ထိုသို့ ကျေးရွာသားများအား ခေါ်ယူ စစ်ဆေးသည်မှာ မှန်ကန်ကြောင်း မြေပုံမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဖေသန်းမှ ပြောသည်။ [DMG] [RFA] [ULA/AA] [BBC]

(၈) (၁၇.၀၅.၂၀) ရက်နေ့တွင် တပ်မတော်စစ်ကြောင်းမှ ခေါ်ယူသွားသည့် ပုဏ္ဏားကျွန်း မြို့နယ်၊ ဒိုးတန်းရွာသစ်မှ ကျေးရွာသား (၁၁) ဦး ပြန်လွှတ်လာပြီး (၁၉.၀၅.၂၀) ရက်နေ့၊ (၀၈း၀၀) နာရီတွင် ဒိုးတန်းရွာဟောင်းထဲသို့ စစ်သား(၄၀) ခန့်ဝင်ရောက်လာကာ ဦးစောလှဦး အသက် (၆၀) နှစ်၊ ဦးစောသန်း အသက် (၄၅) နှစ်၊ ဦးမောင်ထွန်းစိုး အသက် (၅၅) နှစ်၊ ဦးလှအောင် အသက်(၄၅) နှစ်၊ ဦးလှထွန်းစိန် အသက် (၆၀) နှစ်၊ ဦးမောင်လှကြီး အသက် (၄၅) နှစ်နှင့် ဦးဝင်းချေ အသက် (၄၃) နှစ်တို့ကို ထပ်မံဖမ်းဆီး သွားကြောင်း ဒိုးတန်းရွာဟောင်းကျေးရွာ ကျောင်းထိုင် ဆရာတော် ဦးသုခနှင့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်မှပြောသည်။
(၁၅.၀၅.၂၀) ရက်နေ့၌ သာစည်ကျေးရွာအနီး စက်လှေပေါ်ရှိ စစ်ကြောင်းမှ လူငယ် (၅) ဦးဖမ်းဆီးခံရ သည့်အထဲတွင် ဒိုးတန်းရွာဟောင်းမှ ဦးမောင်တင်ဝင်း၊ မောင်ဝင်းမောင်သန်း အသက် (၁၇) နှစ်နှင့် မောင်ပြည်ငြိမ်းအောင် အသက် (၁၄) နှစ်တို့နှင့် ဆက်စပ်ကြောင်း ဒိုးတန်းအုပ်ချုပ်ရေးမှူးမှ ပြောသည်။[Narinjara] [RFA] [ULA/AA][BBC]

(၉) (၁၈.၀၅.၂၀) ရက်နေ့၊ (၀၉း၀၀) နာရီခန့်တွင်ရသေ့တောင်မြို့နယ်၊ မော်ထက်ရွာနှင့် ကျောက်ရုံရွာဥက္ကဋ္ဌတို့ (၂) ဦးအား အစိုးရတပ်မတော်မှဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ [ULA/AA]

(၁၀) (၀၉.၀၅.၂၀) ရက်နေ့၊ (၁၅း၀၀) နာရီတွင် တောင်ကုတ်မြို့နယ် စည်ပင်သာယာရေး ဥက္ကဋ္ဌ ဦးဖေယျကျော်၊ (၁၀.၀၅.၂၀) ရက်နေ့၊ (၁၈း၀၀) နာရီတွင် ယခင်မြို့နယ် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးစန်းငွေနှင့် (၁၁.၀၅.၂၀) ရက်နေ့တွင် ဆားပြင်ကျေးရွာမှ ရခိုင်အမျိုးသားပါတီ ဒုတိယဥက္ကဋ္ဌ ဦးဝေသောင်းတို့အား ရဲနှင့် အစိုးရ တပ်မတော်တို့မှ ဖမ်းဆီးပြီး တောင်ကုတ် မြို့နယ်တရားရုံး၌ အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀ (က) ဖြင့်အမှုဖွင့်ချုပ်ရမန်ယူခဲ့သည်။ [DMG] [Narinjara] [BBC]

(၁၁) (၀၉.၀၅.၂၀) ရက်နေ့တွင် တပ်မတော်စစ်ကြောင်းမှ ဖမ်းဆီးသွားသည့် ပုဏ္ဏားကျွန်း မြို့နယ်၊ ဒိုးတန်းရွာဟောင်းနှင့် ဒိုးတန်းရွာသစ်မှ ကျေးရွာသား (၇) ဦးအား (၁၀.၀၅.၂၀) ရက်နေ့တွင် ပြန်လွှတ် ပေးလိုက်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအေးထွန်းမောင်မှ ပြောသည်။ [Narinjara]

(၁၂) (၁၁.၀၅.၂၀) ရက်နေ့တွင် မောင်တောမြို့ (၄) မိုင်ရပ်ကွက်မှ ကျောင်းဆရာ ဦးကျော်လင်းထွန်း၊ ငွေတောင်ကျေးရွာ တာဝန်ခံ ဦးအောင်လှသိန်းနှင့် အမှတ် (၃) ရပ်ကွက်မှ ကိုညီညီနိုင်တို့အား မောင်တောခရိုင်တရားရုံး၌ အကြမ်းဖက်ဥပဒေပုဒ်မ ၅၀(က)၊ (စျ) တို့ဖြင့် တရားစွဲတင်လိုက် ကြောင်း မောင်တောခရိုင် ဥပဒေ အထောက် အကူပြု ကော်မတီဥက္ကဋ္ဌ တရားလွှတ်တော်ရှေ့နေ ဦးခင်ဝင်းမှ ပြောသည်။ [DMG]

(၁၃) (၀၉.၀၅.၂၀) ရက်နေ့တွင် ရခိုင်အသင်း (စင်ကာပူ) အမှုသည် နိုင်ငံတော်အတွက် အရေးကြီးသော အမှုအဖြစ် သတ်မှတ်သည့်အတွက် အမှုတွဲပါ အငှားယာဉ်မောင်း ဦးမြတ်လင်းဦး၏ အာမခံ လျှောက်ထားချက်အား ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး၊ ခရိုင်တရားသူကြီး ဒေါ်ချိုချိုမာမှ ပယ်ချလိုက်သည်။
ရခိုင်အသင်း (စင်ကာပူ) မှ ခေါင်းဆောင် (၇) ဦးနှင့် အငှားယာဉ်မောင်း ဦးမြတ်လင်းဦး တို့အား ULA/AA နှင့် ဆက်စပ်သည်ဟုဆိုကာ မြန်မာနိုင်ငံရဲသတင်းတပ်ဖွဲ့မှ ရဲမှူး တင့်ရွှေမှ တရားလို ပြုလုပ်ပြီး အကြမ်း ဖက်ဥပဒေ ပုဒ်မ များဖြင့် ၂၀၁၉ ခုနှစ်၊ ဩဂုတ်မှ စ၍ တရားစွဲဆို ခံထားရ ခြင်းဖြစ်သည်။[IRRAWADDY]

(၁၄) ပလက်မြို့စည်ပင်သာယာရေး ကော်မတီဝင် ဦးမြင့်မောင်နှင့် မြို့ခံ (၂) ဦးဖြစ်သည့် ဦးအောင်ပနှင့် ဦးလင်းဇန်တို့အား ULA/ AA မှ ဖမ်းဆီးသွားသည်မှာ ရက်သတ္တပတ် (၃) ပတ်ကျော်ကြာမြင့်နေပြီး ယခုအချိန်ထိ သတင်းမရကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ စည်ပင်သာယာ ရေး၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးထက်မှပြောသည်။
(၁၀.၀၅.၂၀) ရက်နေ့တွင် ဦးအောင်ပနှင့်ဦးလင်းဇန်နှင့် (၁၂.၀၅.၂၀) ရက်နေ့တွင် စည်ပင် သာယာရေးကော်မတီဝင် ဦးမြင့်မောင်တို့အား ULA/AA အဖွဲ့မှ ဖမ်းဆီးသွား ခြင်း ဖြစ်သည်။[The Ladies News]

(၁၅) (၁၁.၀၅.၂၀) ရက်နေ့တွင် တောင်ကုတ်မြို့နယ်မှ မြို့နယ်ရခိုင်အမျိုးသားပါတီ ဒုဥက္ကဋ္ဌ ဦးဝေသောင်း၊ စည်ပင်ဥက္ကဋ္ဌ ဦးဖေယျကျော်နှင့် ဦးစန်းငွေတို့အား အကြမ်းဖက် တိုက်ဖျက် ရေး

ဥပဒေ ၅၀(က) ဖြင့် ရမန်ယူခဲ့ပြီး ယနေ့ (၁၃.၀၅.၂၀) ရက်နေ့ထိအဆက်အသွယ် မရကြောင်း မိသားစု ဝင်များမှပြောသည်။ [Narinjara]

(၁၆) ၂၀၁၉ ခုနှစ်၊ ဖွန်လအတွင်း ဖမ်းဆီးခံခဲ့ရပြီး အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(က)၊ ၅၂(က) တို့ဖြင့် အမှုရင်ဆိုင်နေရသည့် ရသေ့တောင်မြို့နယ်၊ ကျောက်တန်း ကျေးရွာမှ ကျေးရွာသား (၆) ဦးသည် တရားစွဲဆိုထားသည့် ပုဒ်မဖြင့် စွဲချက်တင်နိုင်သည့် ပြစ်မှုမရှိသောကြောင့် (၁၅.၀၅.၂၀) ရက်နေ့တွင် စစ်တွေခရိုင်တရားရုံးမှ ပြန်လည် လွတ်မြောက်လာသည်။
ကျန်သည့် (၂) ဦးသည် အသက်မပြည့် သေးသောကြောင့် ကလေးသူငယ်ဥပဒေအရ စစ်တွေမြို့နယ်တရားရုံး၌ တရားရင်ဆိုင်နေရဆဲဖြစ်သည်။ [DMG][Irrawaddy]

(၁၇) (၁၈.၀၅.၂၀) ရက်နေ့၊ (၀၉း၀၀) နာရီတွင် ရသေ့တောင်မြို့နယ်၊ သံချောင်းကျေးရွာမှ ဝါးခုတ်၍ ပြန်လာသည့် ဦးဝေဇံမောင် အသက် (၆၀) နှစ်၊ ဦးစိုးညွန့်မောင် အသက် (၅၈) နှစ်နှင့် ဦးဝေဇံမောင်၏ သမီး (၂) ဦးတို့အား တပ်မတော် စစ်ကြောင်းမှ ဖမ်းဆီးခဲ့ပြီး သမီး (၂) ဦးအား (၁၄) နာရီတွင် ပြန်လွှတ်ပေးလိုက်သည်။
ထို့နောက် (၁၉.၀၅.၂၀) ရက်နေ့တွင် ဦးဝေဇံမောင်တို့ (၂) ဦးအား ပြန်လွှတ်ပေးလိုက် ကြောင်း သမီးဖြစ်သူ မဦးနညွန့်မှ ပြောသည်။ [Narinjara]

(၁၈) (၁၇.၀၅.၂၀) ရက်နေ့၊ နေ့လည်တွင် အမ်းမြို့နယ်၊ ဒါးလက်အုပ်စု၊ အလယ်ကျွန်းကျေးရွာမှ ငါးရှာသွားသည့် ဦးငှက်ပျောကြီးအား (၁၈.၀၅.၂၀) ရက်နေ့၊ (၀၇း၀၀) နာရီတွင် ကျေးရွာသားများသည် စက်လှေဖြင့် (၉) ဦးနှင့် ကုန်းပေါ်မှ (၆) ဦးလိုက်ရှာခဲ့ရာ တပ်မတော်မှ ဖမ်းဆီးခံခဲ့ရကြောင်း စစ်လှေပေါ်ရှိ လူများအား စစ်သား(၂) ဦးမှ လှမ်းခေါ်ချိန်တွင် ချုံပုတ်၌ ပုန်းကျန်ခဲ့သည့် ကိုဦးသန်းဝေမှပြောသည်။
အဖမ်းခံရသူ ကျေးရွာသား (၁၄) ဦးမှာ ဦးစိုးမြင့်၊ ဦးကြည်လွင်၊ ဇော်လင်းဝင်း၊ မောင်ညွန့်တင်၊ ညီသိန်း၊ မောင်သန့်၊ လင်းလင်းဇော်၊ မင်းဇော်၊ မင်းသီရိ၊ လှအောင်စိုး၊ မင်းနိုင်၊ မောင်မြင့်လှိုင်၊ ဇော်ဝင်းနှင့် ကျော်မောင်တို့ဖြစ်ပြီး (၁၉) ရက်နေ့ထိ အိမ်ပြန် မရောက်သဖြင့် မိသားစုဝင်များမှ စိတ်ပူနေသည်။ [Narinjara][BBC]

(၁၉) (၁၈.၀၅.၂၀) ရက်နေ့၊ (၁၂း၀၀) နာရီတွင် ကျောက်တော်မြို့နယ်၊ မြို့မဈေး၌ ဈေးဝယ် ယူနေသည့် ခဘော်ကျေးရွာမှ ရာအိမ်မှူး ဦးပန်းသာ၊ ဦးမောင်သာဝင်း (၂) ဦးတို့အား ကစ္ဆပသီရိလမ်းနေရာနှင့် (၁၂) နာရီခွဲ ခန့်တွင် မာလာကျေးရွာ (မြို) မှ ရာအိမ်မှူး ဦးမောင်ဟန်သိန်း၊ ဦးဝေသာအောင်နှင့် ဦးအောင်စော (၃) ဦးတို့အား ဈေး၏ မြောက်ဘက်၊ မင်းစောမွန်လမ်းရှိ ဆေးဆိုင်အနီး၌ ULA/AA အဖွဲ့ဝင် (၁၀) ဦးမှ ဖမ်းဆီး သွားပြီး ဦးမောင်သိန်းထွန်းမှာ ပျောက်ဆုံးနေသည်။ [Cincds]

(၂၀) (၁၈.၀၅.၂၀) ရက်နေ့တွင် ULA/AA မှ ဖမ်းဆီးသွားသည့် ကျောက်တော်မြို့နယ်၊ ခဘော်ကျေးရွာမှ ရာအိမ်မှူး ဦးပန်းသာ၊ ဦးဝေသာအောင်နှင့် မာလာ (မြို)ကျေးရွာမှ ရာအိမ်မှူး ဦးမောင်ဟန်သိန်း၊ ဦးအောင်စောနှင့် ဦးမောင်သာဝင်းတို့ (၅) ဦးသည် (၁၉.၀၅.၂၀) ရက်နေ့တွင် ပြန်လွှတ်လာသည်။
၎င်းတို့အား မျက်နှာဖုံးစွပ်ကာ ဖမ်းဆီးသွားခြင်းဖြစ်ပြီး ခေါ်ဆောင်ခံရစဉ်တွင် တပ်မတော် သို့ ရိက္ခာပို့သလားဟု ULA/AA မှ မေးမြန်းမှုများ ရှိခဲ့ကြောင်း ပြန်လည် လွတ်မြောက်လာ သူ ဦးပန်းသာမှ ပြောသည်။ [DMG]

(၂၁) ရေယာဉ်ပေါ်၌ တပ်မတော်သားများမှ နှိပ်စက်ခဲ့သည့် ကျောက်ဆိပ်ကျေးရွာသား ကိုညီညီအောင် အသက် (၂၄) နှစ်၊ ကိုမျိုးလင်းဦး အသက် (၂၄) နှစ်၊ ကိုမောင်ချေ အသက် (၂၄) နှစ်၊ ပုဏ္ဏားကျွန်းမြို့၊ အလယ်စုရပ်ကွက်မှ ကိုမင်းစိုး အသက် (၃၈) နှစ်နှင့် မြောက်ဦးမြို့နယ်၊ ဇီးပင်ကြီးကျေးရွာမှ ကိုကျော်ဝင်းဟိန်း အသက် (၂၂) နှစ် တို့ (၅) ဦးအား (၂၂.၀၅.၂၀) ရက်နေ့တွင် ပုဏ္ဏားကျွန်း ရဲစခန်းမှ ခေါ်ဆောင်လာပြီး စစ်တွေ ခရိုင်တရားရုံးမှာ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ည) ၊ ၅၂(က) တို့ဖြင့် တရားစွဲတင်လိုက်ကြောင်း တရားလွှတ်တော်ရှေ့နေ ဦးကျော်ညွန့်မောင် မှပြောသည်။ [DMG] [Narinjara] [VOA]

(၂၂) (၁၈.၀၅.၂၀) ရက်နေ့တွင် အစိုးရတပ်မတော်မှ ဖမ်းဆီးခံရသည့် အမ်းမြို့နယ်၊ ဒါးလက် အနောက်ရွာ ရှမ်းကုန်းမှ ဒေသခံ (၅) ဦးနှင့် ဒါးလက်အလယ်ကျွန်းကျေးရွာမှ ဒေသခံ (၁၅) ဦးတို့မှ (၂၀.၀၅.၂၀) ရက်နေ့တွင် (၄) ဦးပြန်လွှတ်လာခဲ့သည်။
(၁၈.၀၅.၂၀) ရက်နေ့တွင် လိပ်ကုန်းကျေးရွာသို့ သီဟိုဠ်စေ့ ဝယ်ယူရန်သွားစဉ် အစိုးရ တပ်မတော်မှ ဖမ်းဆီးခဲ့သည့် အမ်းမြို့နယ်၊ ဒါးလက်အနောက်ရွာ ရှမ်းကုန်းမှ အလယ်တန်း ပြကျောင်းဆရာ ဦးထွန်းခိုင်အပါအဝင် (၅) ဦးထဲမှ (၄) ဦးသည် (၂၀.၀၅.၂၀) ရက်နေ့တွင် ပြန်လွှတ်လာကြောင်း လွတ်မြောက်လာသူ ဦးထွန်းထွန်းဦး ၏ဇနီး ဒေါ်စန္ဒာဝင်းမှ ပြော သည်။[DMG] [Narinjara]

(၂၃) အစိုးရတပ်မတော်မှ ၎င်းတို့၏ စစ်ဆင်ရေးနယ်မြေအတွင်း သွားလာလှုပ်ရှားမှုများအား သတင်းပေါက်ကြားမည် စိုးရိမ်၍ (၇) ရက်ကြာ ထိန်းသိမ်းထားခဲ့သည့် အမ်းမြို့နယ်၊ ဒါးလက်အလယ်ကျွန်း၊ ဒါးလက်အနောက်ရွာ၊ လိပ်ကုန်း၊ ပြိုင်းကုန်း၊ ဇရပ်ကွင်း၊ ရှမ်းကုန်း ကျေးရွာတို့မှ ဒေသခံ (၂၆) ဦးတို့သည် (၂၃.၀၅.၂၀) ရက်နေ့ (၁၆း၁၅) မိနစ်တွင် ပြန်လည်လွှတ်မြောက်လာသည်။ [DMG] [Narinjara]

(၂၄) (၂၂.၀၅.၂၀) ရက်နေ့တွင် တရားခံပြေးအဖြစ်ဖြင့် တရားစွဲခံထားရသည့် ပုဏ္ဏားကျွန်း မြို့နယ် ကျောက်ဆိပ်ကျေးရွာမှ ဦးမောင်သာထွန်း အသက် (၃၅) နှစ်၊ ဦးညိုသာအောင် အသက် (၃၈) နှစ်၊ ဦးမောင်ဘုချေ အသက် (၄၁)နှစ်၊ ဦးမောင်မောင်ချေ အသက် (၃၈) နှစ်၊ ဦးဆန်းငွေချေ အသက် (၃၁) နှစ်၊ ဦးမောင်ကြီး အသက် (၃၆) နှစ်နှင့် စေတီရင်း ကျေးရွာမှ ဦးမောင်ဆန်းဝင်း အသက် (၃၁) နှစ်တို့အား စစ်တွေခရိုင်တရားရုံး၌ အကြမ်းဖက်မှု ဥပဒေပုဒ်မ ၅၀(ည)၊ ၅၂(က) ဖြင့် တရားစွဲဆိုခဲ့ကြောင်း ဥပဒေအထောက်အကူပြုအဖွဲ့မှတရားလွှတ်တော်ရှေ့နေဦးကျော်ညွန့်မောင်မှပြောသည်။ [Narinjara]

(၂၅) (၁၆.၀၅.၂၀) ရက်နေ့ (၁၀) နာရီတွင် ရသေ့တောင်မြို့နယ်၊ ကုန်းတန်း ကျေးလက် ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးစိုးသူဝင်း အသက်(၂၉) နှစ်အား ULA/ AA အဖွဲ့မှ ဖမ်းဆီးခေါ်သွားပြီး သတင်းအစအန မရဖြစ်နေကြောင်း အခြေခံကျန်းမာရေးတက္ကသိုလ် ကျောင်းသားများသမဂ္ဂမှ တာဝန်ရှိ သူ(၁) ဦး ပြောသည်။
ဦးစိုးသူဝင်းသည် ကျေးလက်နေပြည်သူများ၏ ပဏာမ ကျန်းမာရေးစောင့်ရှောက်မှု ပေးနေ သော ကျန်းမာရေးမှူး (၁) ဦးဖြစ်၍ ပြည်သူလူထုအကျိုး ရှေးရှုပြီး အမြန်ဆုံးပြန်လွှတ် ပေးရန် အခြေခံကျန်းမာရေးတက္ကသိုလ် ကျောင်းသားဟောင်းများအဖွဲ့(UCH Alumni)မှ (၂၄.၀၅.၂၀) ရက်နေ့တွင် တောင်းဆိုထားသည်။[DMG] [RFA] [The Ladies News]

(၂၆) (၂၄.၀၅.၂၀) ရက်နေ့၊ (၀၆း၀၀) နာရီတွင် အင်အား (၆၀) ခန့်ရှိသည့် တပ်မတော် စစ်ကြောင်း (၁) ခုသည် မြောက်ဦးမြို့နယ်၊ ဝေသာလီကျေးရွာအတွင်းရှိ ဒေသခံ (၁၀) ကျော်အား (၃) နာရီခန့် ခေါ်ယူစစ်ဆေးခဲ့ပြီး ဦးမဲ့နီ အသက် (၆၀) နှစ်နှင့် ဦးမောင်စိုးတင် အသက် (၅၅) နှစ်တို့အား ဖမ်းဆီးသွားကြောင်း စစ်ဆေး ခံခဲ့ရသည့် ဒေါ်ဦးသိန်းလှမှ ပြောသည်။
စစ်ဆေးသည့်အချိန်တွင် ULA/AA အား လက်နက်ချခိုင်းလျှင် အေးချမ်းစွာ နေရမည် ပြောပြီး ရွာသားများအား မနှိပ်စက်ကြောင်း ရေးထားသည့် စာရွက်ပေါ်တွင် လက်မှတ်ထိုး ခိုင်းခဲ့သည်။ [DMG]

(၂၇) (၁၁.၀၅.၂၀) ရက်နေ့တွင် အကြမ်းဖက်ပုဒ်မဖြင့် အမှုဖွင့် ဖမ်းဆီးခံထားရသည့် တောင်ကုတ်မြို့နယ် ရခိုင်အမျိုးသားပါတီ (ANP) မြို့နယ်ဒုဥက္ကဋ္ဌ ဦးဝေသောင်း၊ တောင်ကုတ်မြို့နယ် စည်ပင် သာယာရေး ကော်မတီ ဥက္ကဋ္ဌဦးဖေယျကျော်၊ မြို့နယ် စည်ပင် သာယာရေးကော်မတီ ဥက္ကဋ္ဌ ဟောင်း ဦးစန်းဌွေတို့အား ရမန်ကြီး (၂) ပတ် ပြည့်သွားပြီ ဖြစ်သော်လည်း (၂၅.၀၅.၂၀) ရက်နေ့တွင် တောင်ကုတ်မြို့နယ် တရားရုံး၌ ရုံးထုတ်ရန် ရောက်မလာကြောင်း မိသားစုဝင်များမ ပြောသည်။
မိသားစုဝင်များမှ တရားရုံးရှိ တာဝန်ရှိသူများအား မေးမြန်းရာတွင် ၄င်းတို့ (၃) ဦးအား ပထမအမှုမှ လွှတ်လိုက်ပြီး နောက်ထပ် အမှု (၁) ခုဖြင့် ရန်ကုန်၌ ထပ်စွဲထားကြောင်းနှင့် ရဲစခန်းသို့ သွားမေးရာ မည်သည့်အမှုဖြင့် ထပ်မံတရားစွဲပြီး မည်သည့်မြို့နယ် တရားရုံး တွင် ရမန်ယူသည်ကို မသိရကြောင်း ပြောကြားလိုက်သည်။ [Narinjara] [BBC] [Khit Thit Media]

(၂၈) (၂၅.၀၅.၂၀) ရက်နေ့၊ (၁၁း၀၀) နာရီခန့်တွင် တောင်ကုတ်မြို့၊ ကံပိုင်ရပ်ကွက်မှ စည်ပင်သာယာ ရေး ကော်မတီဥက္ကဋ္ဌ ဦးဖေယျကျော်၏ညီ ကိုစည်သူကျော်ဇံ (ခ) မိုင်ကယ်အား စစ်ဆေးစရာ ရှိသည်ဟု ဆိုကာ ရဲမှဖမ်းဆီးသွားသည်။ [Narinjara] [BBC] [Khit Thit Media]

(၂၉) (၂၂.၀၅.၂၀) ရက်နေ့၊ (၉) နာရီတွင် တောထဲသို့သွားစဉ် ပျောက်ဆုံးနေသည့် ပလက်ဝ မြို့နယ်၊ တင်းဘုန်းကျေးရွာအုပ်စု၊ ရပ်ဒိန်ကျေးရွာမှ ဦးသန်းထွန်း၊ ဦးဒီဆား၊ ဦးကိုကိုအောင်နှင့် ဦးလုံဘဲ တို့မှာ ULA/AA မှ ဖမ်းဆီးထားခြင်းဖြစ်ပြီး (၂၅.၀၅.၂၀) ရက်နေ့တွင် ပြန်လည် လွှတ်မြောက လာသည်။ [Irrawaddy] [BBC] [The Ladies News]

(၃၀) (၂၇.၀၅.၂၀) ရက်နေ့၊ (၁၃း၀၀) နာရီတွင် ကျောက်ဖြူမြို့မှ မထသ ဥက္ကဋ္ဌ ဦးကျော်အေးသန်း အသက် (၄၅) နှစ်အား မြို့အဝင် ကျောက်တစ်လုံးဂိတ်၌ အစိုးရ တပ်မတော်မှ ဖမ်းဆီးပြီး (၁၄) နာရီတွင် ၄င်းနေအိမ်သို့ ဝင်ရောက်ရှာဖွေမှုများ ပြုလုပ်ခဲ့ကြောင်း အစိုးရ ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ ပြောသည်။ ထို့နောက် ကျောက်ဖြူ မြို့နယ် မလကျွန်းမှ ကျေးရွာသား(၁) ဦးလည်း ဖမ်းဆီး ခံရကြောင်းသိရသည်။[Narinjara]

(၃၁) (၃၀.၀၄.၂၀) ရက်နေ့တွင်၊ မောင်တောမြို့နယ်တောင်ပိုင်း၊ ဥဒေါင်းကျေးရွာအနီး မိုင်း ပေါက်ကွဲ မှုကြောင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်ဖမ်းဆီးခံထားရသည့် မောင်ညီဌေး အသက်(၁၉)နှစ်နှင့် မစန္ဒာဝင်း အသက်(၁၇)နှစ်တို့အား (၂၈.၀၅.၂၀) ရက် နေ့တွင် တရားရုံးမှ စွဲချက်မတင်မီလွှတ်ပေးလိုက်ကြောင်းမစန္ဒာဝင်း၏ဦးလေးတော်စပ်သူဦးစံအေးကျော်မှပြောသည်။[DMG]

(၃၂) (၂၉.၀၅.၂၀) ရက်နေ့၊ (၂) နာရီတွင် ရသေ့တောင်မြို့နယ်၊ သဇင်မြိုင် နယ်ခြားစောင့်ရဲကင်းစခန်းအား ULA/AA အဖွဲ့မှ ဝင်ရောက်တိုက်ခိုက်ပြီး ဖမ်းဆီးသွားသည့် ရဲတပ်ဖွဲ့ မိသားစုဝင် အမျိုးသမီး (၂) ဦးနှင့် ကလေး (၁) ဦးတို့အား ထိုနေ့ (၁၇း၀၀) နာရီတွင် အောက်ကျောင်းတောင်ရွာရပ်မိ ၊ ရပ်ဖများထံသို့ လာရောက် အပ်နှံခဲ့ပြီး (၃၀.၀၅.၂၀) ရက်နေ့၊ နံနက်တွင် ရွာလူကြီးများမှ စေတီပြင် နယ်မြေစခန်းသို့ လာရောက် ပို့ဆောင်ကြောင်း ဒေသခံကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်အေးညွှန့်မှပြောသည်။ [IRRAWADDY ] [BBC] [Narinjara]

(၃၃) (၁၆.၀၅.၂၀) ရက်နေ့တွင် ULA/AA အဖွဲ့မှ ဖမ်းဆီးထားသည့် ရသေ့တောင်မြို့နယ်၊ ကုန်တန်းကျေးရွာ၌ တာဝန်ထမ်းဆောင်နေသည့် ကျေးလက်ကျန်းမာရေးမှူး ဦးစိုးသူဝင်း သည် (၂၉.၀၅.၂၀) ရက်နေ့၊ (၀၆း၀၀) နာရီတွင် ပြန်လွတ်လာကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်နီမှပြောသည်။ [Narinjara] [ULA/AA]

## ၂.၁.၂. ညှင်းပန်းနှိပ်စက်ခြင်းနှင့် အခြားထိခိုက်ဒဏ်ရာရရှိခြင်း

(၁) (၀၃.၀၄.၂၀) ရက်နေ့၊ နံနက်တွင် ရသေ့တောင်မြို့နယ်ခမရ (၅၃၆) တပ်ရင်းတွင် နေထိုင် သည့် အမျက်တောင်ကျေးရွာမှ ကျောင်းဆရာမ ဒေါ်ချိုဇင်အောင်သည် ဆိုင်ကယ်ဖြင့် နွားနို့သွားဝယ်စဉ် မိုင်းထိသွားသောကြောင့် စစ်တွေမြို့ရှိ အမှတ် (၁၇) ကုတင် (၁၀၀) စစ်ဆေးရုံ၌ ကုသနေရသည်။[RFA] [Narinjara]

(၂) (၀၇.၀၅.၂၀) ရက်နေ့၊ (၁၄း၀၀) နာရီတွင် မင်းပြားမြို့၊ ရာမောင်တံတားအရှေ့ဖက် တောင်တန်းများ၌ အစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲဖြစ်ပွါးရာမှ လက်နက်ကျည် ကျရောက်မှုကြောင့် တံတားအနီး၌ လက်ဖက်ရည်ဆိုင် ရောင်းနေသည့် အမ်းသားကျေးရွာမှ ဒေါ်အေးချမ်းခိုင် အသက် (၃၆) နှစ် ကျည်ထိမှန် ဒဏ်ရာရခဲ့ကြောင်း မင်းပြားမြို့နယ် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဦးစစ်နိုင်မှ ပြောသည်။ [Narinjara] [DMG][ULA/AA]

(၃) (၀၈.၀၅.၂၀) ရက်နေ့၊ (၂၁း၃၀) နာရီတွင် ကျောက်တော်မြို့နယ်၊ မျောက်တောင် ကျေးရွာအနီးရှိ တောင်ကုန်းမှ တောင်ဘွယ်ကျေးရွာထဲသို့ လက်နက်ကြီးပစ်ခတ်မှုကြောင့် မူလတန်းပြ ကျောင်းဆရာ ဦးဦးစိုးသိန်း အသက် (၂၇) နှစ်နှင့် မသော်တာဖြိုး အသက် (၁၁) နှစ်တို့ ဒဏ်ရာရရှိပြီး ဦးဦးစိုးသိန်းမှာ ဒဏ်ရာပြင်းထန်သဖြင့် စစ်တွေဆေးရုံတွင် ဆေးကုသမှု ခံယူနေရကြောင်း ဖခင်ဖြစ်သူ ဦးစံသိန်း မှပြောသည်။
ထိုနေ့တွင် ကုလားတန်မြစ်အရှေ့ဘက် မျောက်တောင်ကျေးရွာနှင့် မာလာကျေးရွာကြားရှိ တပ်မတော် ဗျူဟာကုန်းမှ လက်နက်ကြီး ပစ်ခတ်သံများကြားရကြောင်း တောင်ဘွေ ကျေးရွာမှ ဦးအောင်သန်း ဝင်းမှ ပြောသည်။[DMG] [Narinjara][RFA] [ULA/AA]

(၄) (၁၁.၀၅.၂၀) ရက်နေ့၊ (၁၇း၀၀) နာရီတွင် ကျောက်တော်မြို့၊ ကစ္ဆပနဒီတံတားအနီး၌ ပေါက်ကွဲသံများ ကြားရပြီးနောက် လက်နက်ငယ်ပစ်ခတ်မှုများကြောင့် ပိုက်သည်ရပ်ကွက်၊ လက်ကောက်

အုပ်စုမှ ဦးလှမောင်သာ အသက် (၅၃) နှစ်၊ ဘာသာရေးဆရာ M ဂျော်မာလိုတီ အသက် (၃၇) နှစ်နှင့် မောင်မောင်စိုး အသက်(၁၇) နှစ်တို့အား ကျည်ထိမှန် သွားခဲ့ကြောင်း ဒေသခံများမှ ပြောသည်။[DMG]

(၅) (၁၁.၀၅.၂၀) ရက်နေ့တွင် ကျောက်တော်မြို့အနီး ပစ်ခတ်သံများကြောင့် မဟာကံကြီးရှင် ဘုရားကြီး စစ်ဘေးရှောင်စခန်း၌ ခိုလှုံနေသည့် မမြင့်မြင့်စိုး အသက် (၅) နှစ်သည် ကြောက်လန့် ထွက်ပြေးရာတွင် လမ်းမှဖြတ်သွားသည့် ဆိုင်ကယ်ဖြင့် တိုက်မိ သွားသော ကြောင့် ဘယ်ဘက် ခြေထောက် ဒဏ်ရာရရှိ သွားခဲ့သည်။ [DMG]

(၆) (၁၂.၀၅.၂၀) ရက်နေ့၊ (၁၁း၀၀) နာရီတွင် ဘူးသီးတောင်မြို့နယ်၊ သရက်ပြင်ကျေးရွာ၌ မိုင်းပေါက် ကွဲမှုဖြစ်ပွါးခဲ့သောကြောင့် ဖုံညိုလိပ် ကျေးရွာမှသရက်သီးသွားခူးသည့် ရာကေခါဘေဘီ အသက် (၁၂) နှစ်ဒဏ်ရာရရှိ သွားကြောင်း ရာကေကျေးရွာ တာဝန်ခံ ဖူလ်ဆီရာမောမှပြောသည်။ [DMG] [RFA] [ULA/AA] [BBC]

(၇) (၁၈.၀၅.၂၀) ရက်နေ့၊ (၁၅း၃၀) နာရီတွင် ပလက်ဝမြို့၊(၄) မိုင်အကွာရှိ ရပ်ဝကျေးရွာအနီး အစိုးရ တပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲဖြစ်ပွါးရာမှ လက်နက်ကျည်ကျရောက်သောကြောင့် မြို့မ ရပ်ကွက်မှ အသက် (၃၈) နှစ်အရွယ် အမျိုးသား (၁) ဦးဒဏ်ရာရခဲ့ကြောင်း ဦးဝေ့တင်း မှပြော သည်။ [The Ladies News]

(၈) ပုဏ္ဏားကျွန်းမြို့နယ်၊ ကျောက်ဆိပ်ကျေးရွာမှ ဖမ်းဆီးခံထားရသူ ကိုညီညီအောင် အသက် (၂၄) နှစ်၊ ကိုမျိုးလင်းဦး အသက် (၂၄) နှစ်၊ ကိုမောင်ချေ အသက် (၂၄) နှစ်၊ အလယ်စုရပ်ကွက်မှ ကိုမင်းစိုး အသက် (၃၈) နှင့် မြောက်ဦးမြို့နယ် ဇီးပင်ကြီးကျေးရွာမှ ကိုကျော်ဝင်းဟိန်း အသက် (၂၂) နှစ်တို့ (၅) ဦးအား (၂၇.၀၄.၂၀) ရက်နေ့တွင် ပုဏ္ဏားကျွန်းမှ စစ်တွေရဲစခန်းသို့ အစိုးရ တပ်မတော် ရေယာဉ်ဖြင့် ယူဆောင်စဉ် တပ်မတော်သားများမှ ရေယာဉ်ပေါ်၌ မျက်နှာအား အဝတ်စဖြင့်စည်းပြီး လက်နောက်ပြန်ကြိုးတုတ်ကာ လူအဆန်စွာ ညှဉ်းပမ်း နှိပ်စက်ခဲ့သည်။ [Narinjara]

(၉) (၁၈.၀၅.၂၀) ရက်နေ့၊ (၁၇) နာရီတွင် ထိတ်တူးပေါက် ကျေးရွာအနီး တောင်ကုန်းပေါ်ရှိ အစိုးရ တပ်မတော်မှ ပစ်ခတ်လိုက်သည့်အတွက် ဘူးသီးတောင်မြို့နယ်၊ ဖုံညိုလိပ် (မွတ်ဆလင်) ကျေးရွာ မှ အဘူးနော်ဆေး အသက်(၃၂) နှစ် ခြေထောက်အား ကျည်ထိမှန်ခဲ့ကြောင်း ဖခင်ဖြစ်သူ အီစမိုင်မှ ပြောသည်။
လူနာအား ဘူးသီးတောင်ဆေးရုံသို့ ယူဆောင်ရာတွင် စိုင်းဒင်တံတား၌ စောင့်ကြပ်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များမှ ညအချိန်ဖြစ်သောကြောင့် သွားခွင့်မပြုဘဲ တပ်ရင်းတွင် တညအိပ်စေ ကာဆေးကုသ ပေးခဲ့ကြောင်း ဘူးသီးတောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရွှေလှအောင်မှပြောသည်။ [DMG]

(၁၀) (၂၃.၀၅.၂၀) ရက်နေ့၊ (၀၇း၃၀) နာရီတွင် ပလက်ဝမြို့ရှိကွာရပ်ကွက်မှ ဒေါ်မနီအသက် (၂၅) နှစ်သည် အိမ်အနီးသို့ ငှက်ပျောပင်သွားယူစဉ်မိုင်းနင်းမိ၍ဒဏ်ရာရရှိခဲ့သည်။ [BBC]

(၁၁) (၂၄.၀၅.၂၀) ရက်နေ့၊ (၁၃း၀၀) နာရီတွင် ပုဏ္ဏားကျွန်းမြို့နယ် ကံသစ်ကျေးရွာမှ မင်းမတောင်တန်းသို့ ထင်းရှာသွားစဉ် မိုင်းထိမှန်သော ဦးထွီးအောင် အသက် (၄၀) နှစ် အား သွားရောက်ကူညီပေးသည့် ဦးအောင်ဇံဝေ အသက် (၄၂) နှစ်သည် ထပ်မံ မိုင်းထိသဖြင့် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း ကံသစ် ကျေးရွာ ဆယ်အိမ်မှူးဦးကံထွန်းအောင် မှပြောသည်။
မိုင်းထိမှန်သူ (၂) ဦးတွင် ခြေထောက် ပြတ်ထွက်သွားခဲ့သဖြင့် ပုဏ္ဏားကျွန်းဆေးရုံ၌ ဆေးကုသမှုခံယူနေရသည်။ [DMG] [Narinjara]

(၁၂) (၂၇.၀၅.၂၀) ရက်နေ့၊ (၁၉း၀၀) နာရီတွင် မင်းပြားမြို့နယ်၊ င/ပုကွကျေးရွာမှ ကိုနေဖြိုး အသက် (၂၁) နှစ်သည် မင်းပြားမြို့မှ ရွာသို့ ဆိုင်ကယ်ဖြင့်လာစဉ် ခေါင်းလောင်း ရွာဟောင်းအနီး၌ သေနတ် ပစ်ခတ်ခံရသဖြင့် ဒဏ်ရာရရှိသွားကြောင်း င/ပုကွကျေးရွာမှ ဦးသုခမှပြောသည်။
ကိုနေဖြိုးမှာ ဒဏ်ရာပြင်းထန်သဖြင့် စစ်တွေဆေးရုံ၌ ဆေးကုသမှုခံယူနေရပြီး တပ်မတော်စစ်ကြောင်း ညအိပ်ရပ်နားရန် နေရာယူထားသည့် ခေါင်းလောင်းရွာဟောင်း အဝေးပြေး ကားဂိတ်အသစ် ဆောက်ထားသည့်နေရာမှ ပစ်ခတ်ခံရသည့်အတွက် တပ်မတော်မှ ပတ်ခတ်ခြင်း ဖြစ်နိုင်ကြောင်း ဒေသခံများမှပြောသည်။ [DMG]

(၁၃) (၂၈.၀၅.၂၀) ရက်နေ့၊ (၁၄း၀၀) နာရီတွင် မင်းပြားမြို့နယ်၊ ရွှေကျင်ကျေးရွာမှ ဦးသာထွန်းအေး (၅၄)နှစ်သည် ကျေးရွာအနီးရှိ စပ်ပြားတောင်ကုန်းသို့ ဟင်းရွက်ငါးရှာရန် သွားစဉ် မိုင်းနင်းမိ၍ ဒဏ်ရာ ပြင်းထန်စွာရရှိပြီး ဘယ်ဘက်ခြေခုံမှ ပြတ်သွားကြောင်း ဆွေမျိုးတော်စပ်သူ ဦးသိန်းထွန်းအောင် မှပြောသည်။
ဦးသာထွန်းအေးအား မင်းပြားမြို့နယ် ပန်းမြောင်း တိုက်နယ်ဆေးရုံမှ မြောက်ဦး ဆေးရုံကြီး သို့ ယူဆောင် သွားမည်ဖြစ်ကြောင်း ရွှေကျင်ကျေးရွာမှ အုပ်ချုပ်ရေးမှူး ဦးညိုမောင်သိန်းမှ ပြောသည်။ [Narinjara] [DMG] [Cincds]

(၁၄) (၃၀.၀၅.၂၀) ရက်နေ့၊ (၂၀း၀၀) နာရီတွင် ရသေ့တောင်မြို့နယ်၊ မယူကမ်း စေတီပြင်ကျေးရွာအနီးရှိ ကျေးရွာများအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲ သောကြောင့် စဖိုကျွန်းကျေးရွာမှ မမျိုးသူဇာ အသက် (၂၃) နှစ်၊ အောင်ဇေကုန်းကျေးရွာမှ မောင်ကျော်ဝင်းထွန်း အသက် (၁၈) နှစ်၊ ကံပြင်ကယ်ဆယ်ရေးစခန်းမှ ဦးမောင်သန်းထွန်း အသက် (၄၁) နှစ်၊ ဒိုးဝေချောင်းကျေးရွာမှ မောင်ငြိမ်းသန်း အသက် (၁၆) နှစ်နှင့် ကိုစိုးလှိုင်ထွန်း အသက် (၂၆) နှစ်တို့ ဒဏ်ရာရရှိခဲ့သည်။
ဒဏ်ရာရရှိသူများအား စေတီပြင်တိုက်နယ်ဆေးရုံတွင် ဆေးကုသမှုခံယူနေပြီး ကျေးရွာ အနီး တိုက်ပွဲဖြစ်ပွါးခြင်းမရှိဘဲ ရေတပ်မှ ဇက်ရေယာဉ် (၂) စီးဖြင့် မယူမြစ်ကြောင်း တလျှောက် ပစ်ခတ်သွားကြောင်း ဦးလှဖြူစံမှပြောသည်။[Narinjara] [DMG]

## ၂.၁.၃. သတ်ဖြတ်ခြင်း

(၁) (၀၄.၀၅.၂၀) ရက်နေ့တွင် ကျောက်တော်မြို့နယ်၊ ညောင်ချောင်း စစ်ဘေးရှောင်စခန်း၌ နေထိုင်သည့် အထက်တင်းမ ကျေးရွာသား ဦးတောင်လုံးကျော် အသက် (၃၈) နှစ်သည် နွားသွားရှာပြီး ပြန်လာစဉ် ရွာအဝင် ဘုန်းကြီးကျောင်းအနီး မိုင်းပေါက်ကွဲမှုကြောင့် သေဆုံး သွားကြောင်း စခန်းတာဝန်ခံ ခိုင်မျိုးအောင်မှပြောသည်။[RFA] [Narinjara]

(၂) (၁၀.၀၅.၂၀) ရက်နေ့တွင် အမ်းမြို့နယ်၊ ကဖူးကိုင်း ကျေးရွာအနီး၌ တပ်မတော် စစ်ကြောင်းမှ လုံခြုံရေး ဆောင်ရွက်နေစဉ် ULA/AA အဖွဲ့ဝင် (၁) ဦးအား တွေ့ရှိသဖြင့် စစ်ဆေးရန်ခေါ်ယူရာ ထွက်ပြေးသောကြောင့် ပစ်ခတ်ဖမ်းဆီးခဲ့ပြီး ခလုတ်မိုင်း၊ ဆက်စပ် ပစ္စည်းများနှင့်အတူ အသေ ဖမ်းဆီး ရမိကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်သည်။ [Cincds]

(၃) (၁၂.၀၅.၂၀) ရက်နေ့၊ (၁၁း၀၀) နာရီတွင် ဘူးသီးတောင်မြို့နယ်၊ သရက်ပြင်ကျေးရွာ၌ မိုင်းပေါက် ကွဲမှုဖြစ်ပွါးခဲ့သောကြောင့် ရှာကေ (မွတ်ဆလင်) ကျေးရွာမှ သရက်သီးသွားခူး သည့် ရန်ဟဲလ်နာ အသက်(၁၀) နှစ်၊အဒူလာမိန် အသက်(၁၅) နှစ်တို့ သေဆုံးသွား ကြောင်း ရှာကေကျေးရွာတာဝန်ခံ ဖူလ်ဆီရာမောမှ ပြောသည်။ [DMG] [RFA] [ULA/AA] [BBC]

(၄) (၂၄.၀၃.၂၀) ရက်နေ့တွင် မင်းပြားမြို့နယ် မင်းရွာကျေးရွာမှဦးသန်းကျော် အသက် (၄၈) နှစ်၊ ဦးစောလှထွန်း (၅၀) နှစ်၊ဦးသန်းထွန်းအောင် (၅၀) နှစ်တို့သည် တောထဲ ထင်းခုတ်သွားရာမှ ပျောက်ဆုံးနေသဖြင့် မိသားစုဝင်များ လိုက်လံစုံစမ်းရာတွင် တပ်မတော်မှ ဖမ်းဆီးသွားကြောင်း သိရပြီး (၀၇.၀၁.၂၀) ရက်နေ့တွင် သင်းပုန်းချောင်း ရွာသား ဦးမောင်သန်းမြင့် အသက် (၄၅) နှစ်နှင့်ဦးဝင်းမောင် အသက် (၃၂) နှစ် တို့ (၂) ဦးမှာလည်း မိမိနေအိမ်မှ ငါးမွေးမြူရေးခြံသို့ ဆိုင်ကယ်ဖြင့်သွားစဉ် ပျောက်ဆုံးသွား ခဲ့သည်။
ထို့နောက် (၂၃.၀၄.၂၀) ရက်နေ့တွင် တောင်ပုတ်ကေ ကျေးရွာ၏ အနောက်ဘက် တောင်ကြား၌ ၎င်းကျေးရွာသား (၃) ဦးအား မြေကျင်းတူးမြှုပ်နှံထားသည်ကို တွေ့ရှိခဲ့ ရကြောင်း ဦးသန်းကျော်၏ ဇနီး ဒေါ်သန်းညွန့်ရီမှပြောကြားပြီး (၂၆.၀၄.၂၀) ရက်နေ့တွင် သင်းပုန်းချောင်းကျေးရွာမှ (၂) ဦးမှာလည်း ရန်ကုန်-စစ်တွေကားလမ်းအနီးရှိ ကြက်ယက် စေတီတောင်၌ မြေကျင်းတစ်ခုတည်း တွင် မြှုပ်နှံထားကြောင်း မိသားစုဝင်များမှပြောသည်။
၎င်းတို့ (၂) ဦး သတ်ဖြတ်မြေမြှုပ် ခံထားရသည့် နေရာသည် တပ်မတော်မှ တပ်စွဲနေထိုင် ခဲ့သည့် နေရာဖြစ်သဖြင့် တပ်မတော်၏လက်ချက်ဖြစ်ကြောင်း မိသားစုဝင်များမှ သံသယရှိ နေကြပြီး ၎င်းတို့ (၅) ဦးအားသတ်ဖြတ်ပြီး မြေကျင်းထဲတွင်မြှုပ်နှံထားသည့် ကိစ္စအား စုံစမ်းစစ်ဆေး အရေးယူပေးရန် မိသားစုဝင်များ လိုလားနေကြသည်။ [DMG]

(၅) (၃၀.၀၅.၂၀) ရက်နေ့၊ (၀၈း၀၀) နာရီတွင် ပလက်ဝမြို့၌ စစ်ဘေးရှောင်နေရာမှ အောက်မီး လက်ဝကျေးရွာသို့ ထင်းယူသွားသည့် ရွာသား (၁၃) ဦး ပစ်ခတ်ခံရသောကြောင့် ဒေါ်ဟွေ့မ အသက် (၆၂) နှစ် ၏ ဝမ်းဗိုက်အား ကျည်ထိမှန် သေဆုံးသွားကြောင်းအတူ သွားခဲ့သည့် ဦးကျော်ငြိမ်းမှပြောသည်။

ထိုနေ့တွင် တိုက်ပွဲဖြစ်ပွါးခြင်း မရှိကြောင်းနှင့် မည်သည့်အဖွဲ့မှ ပစ်ခတ်သည်ကို မသိရသေးကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့မှ စည်ပင်ဝန်ကြီး ဦးစိုးထက်ပြောသည်။ [DMG] [RFA] [Narinjara]

## ၂.၁.၄. အစအနပျောက်ဆုံးခြင်း

(၁) (၁၈.၀၅.၂၀) ရက်နေ့၊ (၁၂း၀၀) နာရီတွင် ကျောက်တော်မြို့နယ်၊ မြို့မဈေး၌ ဈေးဝယ်ယူ နေသည့် ခသော်ကျေးရွာမှ ရွာသား (၂) ဦးနှင့် မာလာကျေးရွာ (မြို) မှ (၃) ဦးတို့အား ULA/AA အဖွဲ့ဝင် (၁၀) ဦးမှ ဖမ်းဆီးသွားပြီး ဦးမောင်သိန်းထွန်းမှာ ပျောက်ဆုံးနေသည်။ [Cincds]

(၂) (၂၃.၀၅.၂၀) ရက်နေ့၊ (၁၄း၀၀) နာရီတွင် ကျောက်တော်မြို့နယ်၊ ဒေါင်းတော်ယိုး ကျေးရွာမှ ဦးစောဝင်းမောင် အသက် (၅၄) နှစ်သည် ရွာအရှေ့ဘက်ရှိ မြိုသချိုင်းသို့ ဟင်းသွားခူးစဉ် ပျောက်ဆုံးနေကြောင်း မိသားစုဝင်များမှပြောသည်။
(၂၄.၀၅.၂၀) ရက်နေ့တွင် ဦးစောဝင်းမောင်အား ရှာဖွေရန် ရွာအနီးရှိ ၃၇၆ တပ်ရင်းသို့ သွားရောက် တိုင်ကြားခဲ့သော်လည်း တပ်ရင်းမှ ကိုက် (၅၀၀) ဧရိယာအတွင်းသို့ ဝင်ရောက်ခြင်း မပြုနိုင်ကြောင်းနှင့် ဝင်ရောက်လျှင် မည်သူမဆိုပစ်သတ်မည် ပြောသောကြောင့် မရှာဖွေခဲ့ရကြောင်း အမည်မဖော်လိုသည့် ဒေါင်းတော်ယိုး ကျေးရွာသားတစ်ဦးမှ ပြောသည်။ [DMG] [Narinjara]

(၃) (၂၆.၀၅.၂၀) ရက်နေ့၊ (၁၅း၀၀) နာရီတွင် ပလက်ဝမြို့နယ်၊ မီးလက်ဝ (အောက်) ကျေးရွာ ရှိ နေအိမ်များ မီးလောင်ကျွမ်းနေပြီး ကျေးရွာထဲရှိ သက်ကြီးရွယ်အို (၂) ဦးဖြစ်သည့် ဦးဝေ့ပ (၉၀) နှစ်နှင့် အသက် (၈၀) ကျော်အရွယ် ဇနီးသည်တို့အား အဆက်အသွယ် မရသောကြောင့် စိတ်ပူနေကြောင်း ပလက်ဝမြို့၊ သာယာကုန်း စစ်ဘေးရှောင် စခန်းတွင် နေထိုင်သည့် မီးလက်ဝကျေးရွာသား ဦးကျော်ခိုင်မှပြောသည်။
အောက်မီး လက်ဝကျေးရွာ၌ ခူမီးလူမျိုးများနေထိုင်ပြီး အိမ်ခြေ (၁၂၉) ဆောင်ရှိကြောင်း၊ (၂၁.၀၃.၂၀) ရက်နေ့တွင် ကျေးရွာအနီး အစိုးရတပ်မတော်မှ လေကြောင်း တိုက်ခိုက်မှု ကြောင့် ပလက်ဝမြို့ပေါ်သို့ ထွက်ပြေးနေကြပြီး မီးငြိမ်းသတ်ရန်အတွက် စက်လှေဖြင့် သွားစဉ် ရွာအပေါ်ရှိ တောင်ကုန်းပေါ်မှ သေနတ်ဖြင့် ပစ်ခတ်ကြောင်း ပြောသည်။ [Narinjara]

## ၂.၁.၅ ပစ္စည်းဥစ္စာများကို သိမ်းဆည်းခြင်းနှင့် ဖျက်ဆီးခြင်း

(၁) (၀၄.၀၅.၂၀) ရက်နေ့၊ (၁၇း၀၀) နာရီတွင် ရသေ့တောင်မြို့နယ်၊ င/တောက်တူချေကျေးရွာ နေအိမ်များအား ခမရ(၅၃၈) တပ်ရင်းရှိ စစ်သားများမှ မီးရှို့ခဲ့သဖြင့် ရွာဟောင်းမှ ဦးသိန်းမောင်၊

ဦးဖော်ဇော်ဦး၊ ဦးချက်ကြီးအောင်၊ ဦးကျော်လိုင်၊ ဦးဝေထွန်းအောင်နှင့် ဦးမောင်သန်းမြင့် နေအိမ်နှင့် ရွာသစ်မှ ဦးစံသိန်းနှင့် ဦးမောင်ဘသန်း အိမ်တို့ မီးလောင် သွားကြောင်း ငတောက်တူချောကျေးရွာမှ ဦးညိုဖုံအောင်နှင့် ကိုကျော်နိုင်ထွန်းမှပြောသည်။
ကျေးရွာအတွင်း နေအိမ်များ မီးရှို့ခံရသည့်ဖြစ်စဉ်များ ယခင်ကလည်း ရှိခဲ့ကြောင်းနှင့် အစိုးရ အနေဖြင့် ပြည်သူများကို စောင့်ရှောက်ရန် လိုကြောင်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ်မှ ပြောသည်။[RFA] [DMG] [Narinjara]

(၂) (၁၉.၀၅.၂၀) ရက်နေ့တွင် ပုဏ္ဏားကျွန်းမြို့နယ်၊ ဒိုးတန်းရွာဟောင်းရှိရွာသူရွာသားများ၏ နေအိမ်များ၊ ဈေးဆိုင်များအတွင်းမှ ပစ္စည်းများအား အစိုးရတပ်မတော်မှ ဖောက်ထွင်း လုယက် ယူဆောင်သွားခဲ့သည်။ [ULA/AA]

(၃) (၁၆.၀၅.၂၀) ရက်နေ့၊ (၁၄း၀၀) နာရီတွင် မြောက်ဦးမြို့နယ်၊ လက္ကာကျေးရွာထဲသို့ တပ်မ (၄၄) ခလရ (၈) လက်အောက်ခံ စစ်ကြောင်း (၁) ခုဝင်ရောက်ပြီး နေအိမ်များ မီးရှို့ ခံရသည့်အတွက် အလယ်တန်း စာသင်ကျောင်း (၁)ကျောင်းနှင့် နေအိမ် (၁၉၄) လုံး မီးလောင်သွားကြောင်း ဒေသခံများမှပြောသည်။ [RFA] [DMG] [BBC]

(၄) ၁၉၉၃ ခုနှစ်တွင် စက်မှုဇုန်တည်ဆောက်ရန် စစ်တွေမြို့နယ်၊ ဆတ်ရိုးကျကျေးရွာနှင့် ကျေးတောကျေးရွာအုပ်စုရှိ ဒေသခံလယ်သမား(၂၃) ဦးထံမှ သိမ်းဆည်းထားသည့် လယ်ယာမြေ (၁၄၂) ဒသမ (၄၉၇) ဧကအတွက် ပြည်နယ်အစိုးရအဖွဲ့မှ တစ်ဧကလျှင် ကျပ်သိန်း (၃၀) နှုန်းဖြင့် လျော်ကြေး ပေးသွား မည်ဖြစ်ကြောင်း ဒုတိယအကြိမ်မြောက် အမျိုးသားလွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းဝေး၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်မှ ပြောကြားခဲ့သော်လည်း ၎င်းငွေတန်ဖိုးကို လက်မခံနိုင်ကြောင်း မြေပိုင်ရှင်များမှပြောသည်။

၂၀၁၈ ခုနှစ်တွင် ယခုကဲ့သို့ ပေးခဲ့သော်လည်း မြေပိုင်ရှင်များမှ စက်မှုဇုန်မဆောက်ဖြစ်လျှင် ၎င်းမြေအား မြေပိုင်ရှင်များထံ ပြန်လည်လွှဲပေးရန် တောင်းဆိုခဲ့ကြောင်း၊ ယခုမြေနေရာများကို ခရိုနီများမှ ဏာရှင်များနှင့် ပေါင်းပြီး မြေကွက်အား ရောင်းစားနေကြောင်း ဆတ်ရိုးကျရပ်ကွက်မှ လယ်ပိုင်ရှင် ဦးမောင်ထွန်းသိန်းမှ ပြောသည်။ [Narinjara] [DMG]

(၅) (၂၅.၀၅.၂၀) ရက်နေ့၊ နေ့လည်တွင် ပလက်ဝမြို့၊ ရိက္ခာရပ်ကွက်ရှိ အငြိမ်းစားကျောင်းဆရာ ဗိုလ်ကြီး (ခ) ဦးထောင်ကိန်း နေအိမ်ထဲသို့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲပြီး မိသားစုဝင်များအား ထိခိုက်မှုမရှိကြောင်းနှင့် ထိုနေ့က တိုက်ပွဲဖြစ်ပွါးခြင်းမရှိကြောင်း ဒေသခံ (၁) ဦးမှပြောသည်။ [Narinjara]

(၆) (၂၆.၀၅.၂၀) ရက်နေ့၊ (၁၅း၀၀) နာရီတွင် ပလက်ဝမြို့နယ်၊ မီးလက်ဝ (အောက်) ကျေးရွာရှိ နေအိမ်များ မီးလောင်ကျွမ်းလျက်ရှိပြီး မီးလောင်မှုဖြစ်သည့် အကြောင်းရင်းအား မသိရှိရသေးကြောင်း ချင်းပြည်နယ် အစိုးရအဖွဲ့ စည်ပင်ဝန်ကြီး ဦးစိုးထက်မှပြောသည်။
ထိုကျေးရွာသားများသည် (၂၁.၀၃.၂၀) ရက်နေ့တွင် ကျေးရွာအနီး အစိုးရတပ်မတော်မှ လေကြောင်း တိုက်ခိုက်မှုကြောင့် ပလက်ဝမြို့ပေါ်သို့ ထွက်ပြေးနေကြပြီး လူများနေထိုင်ခြင်း မရှိ

သဖြင့်ယခုလောင်ကျွမ်းခြင်းသည် ရှို့မီးဖြစ်ကြောင်းနှင့် ကျေးရွာအတွင်းသို့ အစိုးရတပ်မတော်သားများ ဝင်ရောက်ပြီး (၁၅) မိနစ်ခန့်အကြာတွင် မီးစလောင်ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသည့် ပလက်ဝ ဒေသခံ(၁) ဦးမှပြောသည်။ [DMG] [RFA] [Narinjara]

## ၂.၁.၆ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုများကို ကန့်သတ်ခြင်း၊ ပိတ်ပင်တားဆီးခြင်း

(၁) အစိုးရမှ အကြမ်းဖက်အဖြစ် ကြေညာထားသည့် ULA/AA အဖွဲ့သို့ ဆက်သွယ်သတင်းဖော်ပြသော သတင်းသမားများအား ပြည်ထဲရေးဝန်ကြီးဌာနမှ တရားစွဲဆိုခြင်းဖြစ်ပြီး သတင်းရယူခွင့်နှင့် ပတ်သက်၍ အကြမ်းဖက်ဥပဒေကို သတင်းထောက်များ သတိထားရမည်ဖြစ်ကာ မကွေးတိုင် (၄) ရပ် တွေ့ဆုံပွဲ၌ အဖြေရှာ ရန်လိုအပ်နေကြောင်း (၁၁.၀၅.၂၀) ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးမှ ပြောသည်။ [Khit Thit Media]

(၂) NLD အစိုးရသက်တမ်း (၄)နှစ်အတွင်း အင်တာနက်ဖြတ်တောက်ခံထားရခြင်း၊ စာပေဟောပြောပွဲ တစ်ခု၌ ပြောသည့်စကားတစ်ခွန်းကြောင့် ဒေါက်တာအေးမောင်အား ထောင်ဒဏ်နှစ် (၂၀) ချမှတ်ခံထားရခြင်း တို့ကြောင့် ရခိုင်ပြည်သည် အခြားပြည်နယ်များထက် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့် ချိုးဖောက်ခံရမှု အမြင့်ဆုံးဖြစ်နေကြောင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အရေး လှုပ်ရှားဆောင်ရွက်နေသည့် အသံအဖွဲ့မှ သုတေသီ မထက်ထက်ဇော်မှပြောသည်။
တိုက်ပွဲဖြစ်ပွါးပြီးနောက် ရခိုင်တွင် လွတ်လပ်စွာပြောဆိုခွင့် ပို၍ဖိနှိပ်သလိုဖြစ်နေသည်မှာ သိသာကြောင်းလည်း အသံအဖွဲ့၏ အမှုဆောင်ဒါရိုက်တာ မောင်ဆောင်းခမှပြောသည်။[DMG]

(၃) (၀၃.၀၅.၂၀) ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့တွင် မြန်မာနိုင်ငံအတွင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ဆုံးရှုံးနေမှုများအား အမြန်ဆုံးဖြေရှင်းပေးရန် သတင်းသမား (၁၈၀) မှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ အိတ်ဖွင့်စာ(၁) စောင် အားပေးပို့ခဲ့သည်။
ယခု စာနေဇင်းလွတ်လပ်ခွင့်အခြေအနေသည် အဖမ်းခံရမည့်နေ့ကို စောင့်မျှော်နေရပြီး၊ ဂျာနယ်တိုက်များတွင် သတင်းသမားများအား အလုပ်ဖြုတ်ခြင်း၊ သတင်းရေးသားသည့် သတင်းထောက်များအား ရာဇဝတ်မှုများဖြင့် တရားစွဲဆိုခြင်းများ ရှိနေကြောင်း သမ္မတကြီးအား သိစေရန်အတွက် ပေးပို့ခြင်း ဖြစ်ကြောင်း လွတ်လပ်သော သတင်းသမားအဖွဲ့မှ ဦးဆောင်လုပ်ရှားသူ ဒေါ်မသဲကိုမှ ပြောသည်။
ရခိုင်ပြည်အပါအဝင် နိုင်ငံအတွင်း လက်ရှိဖြစ်ပွားနေသည့် ပဋိပက္ခနှင့် ပြည်တွင်းစစ်အကြောင်း သတင်းရေးသားသော သတင်းသမားများအား သတင်းမီဒီယာ ဥပဒေကိုအသုံးမပြုဘဲ အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေ၊ ရာဇဝတ်မှုပုဒ်မများဖြင့် တရားစွဲဆိုဖမ်းဆီးမှုများရှိနေပြီး ရခိုင်နှင့် ပလက်ဝတွင် ကာလရှည် အင်တာနက်ဖြတ်တောက်ထားမှုများ တွေ့ရှိရကြောင်း အိတ်ဖွင့်စာတွင်ပါရှိသည်။ [Narinjara]

## ၂.၁.၇ လွတ်လပ်စွာ လှုပ်ရှားသွားလာမှုကို ကန့်သတ်ခြင်း၊ ပိတ်ပင်ခြင်း

(၁) (၁၆.၀၅.၂၀) ရက်နေ့တွင် ဝါးတောင်စစ်ဘေးရှောင်စခန်းနှင့် တောင်မင်းကုလား စစ်ဘေးရှောင်စခန်းတို့အတွက် အစိုးရထောက်ပံ့ပေးသည့် ဆန်အိတ် (၂၅၀) အား ကျောက်တော်မြို့မှ ကားဖြင့် သယ်လာစဉ် ကန်စောက်တောင်ခြေရှိ (၅၃၉) တပ်ရင်း၌ မြို့နယ်၊ ခရိုင်၊ ပြည်နယ် အုပ်ချုပ်ရေးမှူး ထောက်ခံချက်များ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၏ ခွင့်ပြုချက် အထောက် အထားများပါမှ ခွင့်ပြုမည်ပြောသောကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူးမှ သက်ဆိုင်ရာသို့ အကြောင်း ကြားသည့်အတွက် ယူခွင့်ရခဲ့ကြောင်း ဝါးတောင်စစ်ဘေးရှောင် စခန်းဆာဝန်ခံ ကိုထွန်းလှကျော်မှ ပြောသည်။ [DMG]

(၂) စစ်ဘေးရှောင် ကာလအတွင်း နေအိမ်များ ဖောက်ထွင်းခံရမှု ရှိကြောင်း ကြားသိရသဖြင့် (၁၇.၀၅.၂၀) ရက်နေ့တွင် အမ်းမြို့ပေါ် စစ်ဘေးရှောင်စခန်းမှ မိမိနေရပ်ဂိတ်ချောင်းကျေးရွာသို့ ပြန်လာသည့် စစ်ဘေးရှောင် (၇၀) ဦးသည် ကဇုကိုင်း စစ်ဆေးရေးဂိတ်၌ စစ်ဆေးခံနေရပြီး (၁၈.၀၅.၂၀) ရက်နေ့ထိ အဆက်အသွယ်မရ၊ ကျေးရွာသို့ ပြန်မရောက် သောကြောင့် မိသားစုများ စိုးရိမ်နေကြောင်း ဂိတ်ချောင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးခင်ဝင်းနှင့် စစ်ဘေးရှောင်များကို အကူအညီပေးနေသည့် အမ်းမြို့နယ်မှ ကိုသန်းထိုက်စိုးမှ ပြောသည်။ [GMD]

(၃) (၁၇.၀၅.၂၀) ရက်နေ့၊ (၁၁း၀၀) နာရီတွင် စစ်တွေ- ရန်ကုန် ကားလမ်းပေါ်ရှိ စစ်တွေဖက်မှထွက်လာသည့်ကား (၁၀၀) ကျော်အား ကျောက်တော်မြို့နယ်၊ ကန်စောက်ဂိတ် အမှတ် ၅၃၉ တပ်ရင်း၌ အရေးကြီးကိစ္စ ရှိနေသည့်အတွက် အထက်အမိန့်အရဟုဆိုကာ နာရီ (၂၀) ကျော်ခန့် ဖြတ်သန်းခွင့် ပိတ်ထားပြီးနောက် (၁၈.၀၅.၂၀) ရက်နေ့ (၁၀) နာရီတွင် ဖြတ်သန်းခွင့်ပြု လိုက်သည်။ [Narinjara] [BBC]

(၄) (၁၉.၀၅.၂၀) ရက်နေ့တွင်စစ်တွေမှ ကျောက်တော်မြို့၊ ညောင်ချောင်း စစ်ဘေးရှောင်စခန်းသို့ ဆန်ရိက္ခာလာပို့သည့် WFP ကားသည်(၅၃၉) ဂိတ်၌ စစ်ဆေးခံနေရပြီး (၁၀) ရက်နေ့တွင် စစ်တွေသို့ ပြန်သွားရကြောင်း စခန်းတာဝန်ခံ ဦးခိုင်မျိုးအောင်မှပြောသည်။[BBC]

## ၂.၂. စစ်ဘေးရှောင်သတင်းများ

### ၂.၂.၁. စစ်ဘေးရှောင်ဦးရေအတိုးအလျော့ (စစ်ဘေးရှောင်ဦးရေနှင့်စခန်း အတိုးအလျော့)

(၁) (၁၁.၀၅.၂၀) ရက်နေ့၊ နံနက်တွင် ပုဏ္ဏားကျွန်းမြို့ရှိ (၅၅၀) တပ်ရင်းမှ ကြာညိုကန်ကျေးရွာသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်သောကြောင့် ကျေးရွာသား (၄၀၀) ကျော် ပုဏ္ဏားကျွန်းမြို့နယ် နတ်တောင်၊ ကမ်းထောင့်ကြီး ကျေးရွာများသို့ ထွက်ပြေးတိမ်းရှောင် နေရကြောင်း အမည်မဖော်လိုသည့် ကြာညိုကန်ကျေးရွာသား (၁) ဦးမှပြောသည်။
ကြာညိုကန်ကျေးရွာတွင် အိမ်ခြေ (၁၅၀) ကျော်ရှိပြီး ကျေးရွာအနီးတွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ (၅၅၀) တပ်ရင်းမှ ပစ်ခတ်နေခြင်းဖြစ်ကြောင်း ပုဏ္ဏာကျွန်းမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ်မှ ပြောသည်။ [DMG]

(၂) ရခိုင်မြောက်ပိုင်း၌ အစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲများကြောင့် စစ်ဘေးရှောင် (၁၆၀၀၀၀) ကျော်ရှိကြောင်း (၁၁.၀၅.၂၀) ရက်နေ့တွင် ရခိုင်တိုင်းရင်းသား မျိုးနွယ်စုများ အစည်းအရုံးမှ ထုတ်ပြန်ထားပြီး အစိုးရစာရင်းတွင် (၂၁.၀၄.၂၀) ရက်နေ့ထိ (၆၉၄၈၇) ဦးရှိသည်။
အရပ်ဘက်အဖွဲ့အစည်းများ၏ ကောက်ယူမှုပုံစံနှင့် ထွေအုပ်မှ အဆင့်ဆင့်ကောက်ယူမှုပုံစံ မူတည်ပြီး ကွာခြားသွားခြင်းဖြစ်နိုင်ကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ဦးစီးဌာနက ဦးစီးအရာရှိ ဦးရဲမင်းဦးမှ ပြောသည်။ [VOA]

(၃) အစိုးရတပ်မတော်နှင့် ULA/AA တို့တိုက်ပွဲများကြောင့် မင်းပြားမြို့နယ် ဖားပြို၊ သလူချောင်း၊ စိတ္တရ၊ ပြိုင်းချနှင့် အိုးပုံတောင်ကျေးရွာများမှ စစ်ဘေးရှောင်(၁၆၀၀) ကျော်သည် အမ်းသားကျေးရွာနှင့် သေကန်ကျေးရွာများသို့ ရောက်ရှိနေရာ ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆွေမျိုးအိမ်များတွင် ကြမ်းခင်းမရှိဘဲ နေထိုင်နေရသည့်အတွက် နေထိုင်ရန် အဆောက်အဦများ လိုအပ်နေကြောင်း သင်္ဂဟ ကမ်းလက် ရက္ခိုတအဖွဲ့ဥက္ကဋ္ဌ ကိုအမ်းသားကြီးမှပြောသည်။ [Narinjara]

(၄) အစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲများကြောင့် ရွာအနီး ပုံးကျဲတိုက်ခိုက်မှု ရှိသည့်အတွက် ပလက်ဝမြို့နယ်၊ စိမ့်စင်းကျေးရွာမှ လူပေါင်း (၂၀) ကျော်သည် စစ်တွေမြို့ ဧည့္ဝတီ (က) ရပ်ကွက်ရှိ နန်းရှေ့ဂူ ဘုန်းကြီးကျောင်းတွင် ဝင်ရောက်ခိုလှုံနေကြသည်။
ပုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် ရွာထဲရှိ နေအိမ် (၁၅) ဆောင်မီးလောင်သွားပြီး အစိုးရတာဝန်ရှိသူများမှ ရွာတွင်ဆက်နေရန်ပြောသော်လည်း မနေရဲသောကြောင့် ထွက်ပြေးခြင်းဖြစ်ကြောင်း၊ ထွက်ပြေးလာသူများမှာ ကျောက်တော်မြို့ပေါ်နှင့် ကန်စောက် စစ်ဘေးရှောင် စခန်းများသို့ ရောက်ရှိနေကြောင်း (၁၅.၀၅.၂၀) ရက်နေ့ သတင်းတွင် စစ်တွေမြို့သို့ ထွက်ပြေးလာသူ ဦးကျော်ရွှေနမှ ပြောသည်။[Narinjara]

(၅) (၁၅.၀၅.၂၀) ရက်နေ့၊ (၁၄း၀၀) နာရီတွင်မင်းပြားမြို့နယ်၊ ဖားပြုံတောင်ဦးမှ လာသည့် တပ်မတော် စစ်ကြောင်းသည် ရာမောင်တံတားအနီးရှိ မင်းရွာ၊ မြစ်နားရွာနှင့် ထောင့်ချေကျေးရွာထဲသို့ အုပ်စုခွဲ ဝင်ရောက်လာပြီး ရွာသားများအား စစ်ဆေးမှုများရှိသောကြောင့် နီးစပ်ရာကျေးရွာများဖြစ်သည့် နရမ်းကျေးရွာ၊ ဇီးပင်ကြီးကျေးရွာနှင့်မင်းပြားမြို့ပေါ်သို့ ကျေးရွာသား (၂၀၀၀) ကျော် ထွက်ပြေး သွားကြောင်း ထောင့်ချေကျေးရွာမှဦးစိန်သာမှပြောသည်။
တပ်မတော် စစ်ကြောင်းသည် မြစ်နားရွာနှင့် ထောင့်ချေရွာကြားရှိ ဘောလုံးကွင်းအနီးတွင် လက်နက်ငယ်များဖြင့် ပစ်ခတ်ကာ (၁) ရွာမှ (၅) ဦးခန့် ဘုန်းကြီးကျောင်းသို့ ခေါ်ယူပြီး ULA/AA နှင့်အဆက်အသွယ် မလုပ်ရန်ပြောကြောင်း မင်းပြားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစစ်နိုင်မှ ပြောသည်။ [DMG] [RFA]

(၆) (၁၇.၀၅.၂၀) ရက်နေ့တွင် ကျေးရွာထဲသို့ တပ်မတော်စစ်ကြောင်း ဝင်ရောက်လာမှုကြောင့် ဒိုးတန်း ရွာဟောင်းနှင့် ရွာသစ်မှ ကျေးရွာသားများသည် ပုဏ္ဏားကျွန်းမြို့နယ်၊ အမဲခင်၊ ဒီပါရုံ၊ နားဒေါင်းကျ၊ သာယာကုန်း၊ မကျည်းချောင်း၊ အလယ်ချောင်းနှင့် မြစ်နားပြင်ကျေးရွာများသို့ ထွက်ပြေး ခိုလှုံ နေကြပြီး ဒိုးတန်းရွာဟောင်း၌ လူဦးရေ (၁၀၀) ခန့်နှင့် ရွာသစ်တွင် လူဦးရေ (၁၀) ကျော်ခန့်သာ ကျန်ရှိတော့ကြောင်း ဆရာတော်က ဦးသုခမှမိန့်သည်။ [Narinjara]

(၇) (၁၉.၀၅.၂၀) ရက်နေ့တွင် ပုဏ္ဏားကျွန်းမြို့နယ်၊ ဒိုးတန်းရွာသစ်နှင့် ဒိုးတန်းရွာဟောင်းသို့ တပ်မတော်စစ်ကြောင်းမှ ဝင်ရောက်ဖမ်းဆီးမှုများကြောင့် ကျေးရွာ (၂) ရွာရှိ အိမ်ခြေ (၂၃၀) ကျော်နှင့် လူဦးရေ (၁၃၀၀) ခန့်မှ ကျေးရွာသား (၁၁၀၀) ကျော်သည် အနီးရှိကျေးရွာများသို့ ထွက်ပြေးခိုလှုံ နေရကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအေးထွန်းမောင်မှပြောသည်။ [Narinjara]

(၈) (၁၉.၀၅.၂၀) ရက်နေ့၊ (၀၆း၀၀) နာရီတွင် မြေပုံမြို့နယ်၊ ရေရှင်ကျေးရွာသား (၇၀) ကျော်အား အင်အား (၁၃၀) ကျော်ခန့်ရှိသည့် တပ်မတော်စစ်ကြောင်းမှ ခေါ်ယူစစ်ဆေးမှုများကြောင့် ကျေးရွာ သားအချို့ ထွက်ပြေးတိမ်းရှောင်နေကြရပြီး ကျေးရွာသားများအား ခေါ်ယူစစ်ဆေးသည်မှာ မှန်ကန် ကြောင်း မြေပုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းမှ ပြောသည်။ [DMG] [RFA] [ULA/AA] [BBC]

(၉) စားဝတ်နေရေး အခက်အခဲရှိလာပြီး မိုးရာသီကျရောက်တော့မည်ဖြစ်၍ လယ်ယာ ထွန်ယက် စိုက်ပျိုးနိုင်ရန်အတွက် (၁၇.၀၅.၂၀) ရက်နေ့ နံနက်တွင် ပုဏ္ဏားကျွန်းမြို့နယ်၊ စေတီပြင် စစ်ဘေးရှောင် စခန်း၌ ခိုလှုံနေသည့် စစ်ဘေးရှောင်များထဲမှ လူဦးရေ (၅၀၀) ကျော်သည် ၎င်းတို့ နေရပ်များသို့ ပြန်သွားကြသည်။
နေရပ်သို့ပြန်သော်လည်း ကျေးရွာအနီးတွင် တပ်မတော်စစ်ကြောင်းများ ရှိနေသည့်အတွက် တိုက်ပွဲများ ပြန်လည်ဖြစ်ပွါးမည်ကို စိုးရိမ်ကြောင်း ပေါက်တောပြင်ကျေးရွာမှ လုံခြုံရေးအရ အမည် မဖော်လိုသည့် ကျေးရွာသား(၁) ဦးမှပြောသည်။ [DMG]

(၁၀) ရသေ့တောင်မြို့ပေါ်တွင် စစ်ဘေးရှောင်နေသည့် ကျောက်တန်းကျေးရွာသား (၈၀၀) ကျော်သည် လယ်ယာထွန်ယက်စိုက်ပျိုးနိုင်ရန်နှင့် COVID-19 ကပ်ရောဂါတို့ကြောင့် မိမိကျေးရွာသို့ ပြန်ကြ သည်။

ကျေးရွာသားများ ရွာသို့ပြန်ရောက်ချိန်တွင် နေအိမ်နှင့် ကုန်စုံဆိုင်များမှပစ္စည်းများ ဖောက်ထွင်းခံထားရပြီး အိမ်၌ပြန်နေရသော်လည်း ညအိပ်ချိန်တွင် ရွာထဲသို့ စစ်သားများ ဝင်လာမည်ကို စိုးရိမ်နေရကြောင်း ရွာပြန်လာသည့် ဦးစံလှိုင်မှပြောသည်။[DMG]

(၁၁) (၁၅.၀၅.၂၀) ရက်နေ့တွင် ဘူးသီးတောင်မြို့နယ်၊ ဂူတာပြင်ကျေးရွာအုပ်စု၊ ငှက်ပျောချောင်း ကျေးရွာသို့ အစိုးရတပ်မတော်စစ်ကြောင်း ဝင်ရောက်လာသဖြင့် ငှက်ပျောချောင်း ကျေးရွာသား (၁၀၀) ကျော် နှင့် ငှက်ပျောချောင်း ကျေးရွာအနီးရှိ ကျောက်စာတိုင်ကျေးရွာမှ ကျေးရွာသား (၄၀၀) ကျော် ထွက်ပြေးနေရသောကြောင့် စားနပ်ရိက္ခာနှင့် ဆေးဝါးများအကူအညီ လိုအပ်နေကြောင်း ရွာသားများမှ ပြောသည်။
တပ်မတော်စစ်ကြောင်း ပြန်ထွက်သွားသော်လည်း ပြန်လာမည်ကို စိုးရိမ်သောကြောင့် အိမ်မပြန်ရဲဖြစ်နေသည့်အတွက် စားနပ်ရိက္ခာနှင့် ဆေးဝါးများလိုအပ်နေပြီး ကျောက်စာတိုင်း ကျေးရွာသားများမှာ ဘူးသီးတောင်မြို့ပေါ်နှင့် အလယ်ချောင်းစစ်ရှောင်စခန်းတွင် ထွက်ပြေးခိုလှုံ နေကြရကြောင်း ဘူးသီးတောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရွှေမှ ပြောသည်။ [Narinjara]

(၁၂) (၂၄.၀၅.၂၀) ရက်နေ့ (၀၆း၀၀) နာရီတွင် မြောက်ဦးမြို့နယ်၊ ဝေသာလီကျေးရွာသို့ အင်အား (၆၀) ခန့်ရှိသည့် တပ်မတော်စစ်ကြောင်း(၁)ခု ဝင်ရောက်လာသောကြောင့် ကျေးရွာသားများ နီးစပ်ရာကျေးရွာများသို့ ထွက်ပြေးနေရကြောင်း ဝေသာလီကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်ထွန်းဝင်းမှ ပြောသည်။ [DMG]

(၁၃) ပလက်ဝမြို့နယ်အတွင်း အစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲများကြောင့် လူဦးရေ (၃၀၀၀) ကျော်နေထိုင်သည့် ဆမီးမြို့သို့ ထွက်ပြေးလာသော စစ်ဘေးဒုက္ခသည် (၂၉၀၀) ကျော်ရှိလာသည့်အတွက် မြို့လူဦးရေ (၂) ဆဖြစ်နေပြီး ဒုက္ခသည်များအား စာသင်ကျောင်း၊ ဝန်ထမ်းအိမ်ရာ၊ စည်ပင်ရုံးနှင့် အထွေထွေအုပ်ချုပ်ရေးရုံး မြေနေရာများ၌ စခန်း (၈) ခုဖွင့် နေရာချထားသည်။ [RFA]

(၁၄) (၂၉.၀၅.၂၀) ရက်နေ့ (၀၂း၀၀) နာရီတွင် ရသေ့တောင်မြို့နယ်၊ သဇင်မြိုင် နယ်ခြားစောင့် ရဲကင်းစခန်းအား ULA/AA အဖွဲ့မှ ဝင်ရောက်တိုက်ခိုက်မှုကြောင့် သိမ်တောင်ကျေးရွာအုပ်စု၊ သဇင်မြိုင် ကျေးရွာသား များသည် နေအိမ်များကိုစွန့်ခွာပြီး သိမ်တောင်၊ ကျောက်ရုံ၊ မော်ထက်နှင့် စေတီပြင် စသည့် ရွာများသို့ ထွက်ပြေးခိုလှုံနေရကြောင်း ဒေသခံကျေးရွာသားများမှ ပြောသည်။
[IRRAWADDY] [Narinjara ]

(၁၅) (၂၉.၀၅.၂၀) ရက်နေ့တွင် ရသေ့တောင်မြို့နယ်၊ သဇင်မြိုင်နယ်ခြားစောင့်စခန်း တိုက်ခံရပြီး (၃၀.၀၅.၂၀) ရက်နေ့ (၁၁၀၀) နာရီတွင် အောင်ဇေယျ အတွင်းပြင်ဘက်မှ ပေါက်ကွဲသံနှင့် သေနတ်ပစ်သံများ ကြားရသောကြောင့် တိုက်ပွဲဖြစ်မည်စိုးရိမ်၍ သဇင်မြိုင်၊ ပိတောက်မြိုင်၊ အောင်ဇေယျ၊ အတွင်းပြင်၊ ချွတ်ပြင်၊ (ပ)အိုးသည်မ၊ စက်ခေါ်၊ ငွေတောင် (ငလုမ်းပြင်)၊ ကျိန်ကျောင်း၊ မာန်အောင်၊ သာစည်၊ ဒိုးဝေရွာ စသည့် ကျေးရွာများမှ ကျေးရွာသားများ ထွက်ပြေးနေကြကြောင်း ဒေသခံရွာသားများမှပြောသည်။

အစိုးရတပ်မတော်စစ်ကြောင်း တက်လာပြီးနောက် (ပ) အိုးသည်မကျေးရွာ နောက်ဘက် မယုတောင်၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်အစပ် အတွင်းပြင်ဘက်မှ ပစ်ခတ်သံများ ကြားရခြင်းဖြစ်ကြောင်း (ပ) အိုးသည်မကျေးရွာသား (၁) ဦးမှပြောသည်။ [Narinjara]

(၁၆) (၃၀.၀၅.၂၀) ရက်နေ့တွင် ရသေ့တောင်မြို့နယ်ရှိ ကျေးရွာများအနီးသို့ တပ်မတော်စစ်ကြောင်း ရောက်ရှိနေသောကြောင့် အောင်ဇေယျ၊ အတွင်းပြင်၊ ချွတ်ပြင်၊ (ပ)အိုးသည်မ၊ စက်ခေါ်နှင့် ငွေတောင် (ငလုမ်းပြင်) ကျေးရွာများမှ ရွာသား (၁၀၀၀) ကျော်သည် ဖက်လိပ်၊ စေတီပြင်သို့ ထွက်ပြေး တိမ်းရှောင်နေကြပြီး ကျိန်ကျောင်း၊မာန်အောင်၊ ဒိုးဝေနှင့် သာစည် ကျေးရွာသားများမှာ ဘူးသီးတောင်မြို့နယ် သည်ကံခွဆုံသို့ ထွက်ပြေးတိမ်းရှောင်နေကြသည်။ [Narinjara]

(၁၇) (၃၀.၀၅.၂၀) ရက်နေ့၊ (၂၁း၀၀) နာရီတွင် ရေတပ်မှ ဇက်ရေယာဉ် (၂) စီးဖြင့် မယုမြစ်ကြောင်း တလျှောက် ပစ်ခတ်သောကြောင့် ဒဏ်ရာရရှိသူများရှိခဲ့ပြီး အိမ်ခြေ(၁၆၄) ဆောင်၊ လူဦးရေ (၈၀၀) ကျော်နေထိုင်သည့် အောင်ဇေကုန်း ကျေးရွာသားများ ရွာလုံးကျွတ် ထွက်ပြေးနေရကြောင်းနှင့် အိမ်ခြေ (၆၇) ဆောင်၊ လူဦးရေ (၃၆၆) ဦးရှိသည့် ဒိုးဝေချောင်း ကျေးရွာသားများမှာလည်း ဘုန်းကြီးကျောင်း၌ ပုန်းခိုနေခဲ့ရကြောင်း ဒိုးဝေချောင်းကျေးရွာသား ဦးလှဖြူစံမှ ပြောသည်။ [Narinjara]

## ၂.၂.၂. စစ်ဘေးရှောင်များ၏ စားဝတ်နေရေး

(၁) စစ်ရေးပဋိပက္ခ ပြင်းထန်နေသည့် ရခိုင်ပြည်၊ မြောက်ပိုင်းမြို့နယ်များတွင် အစိုးရခွင့်ပြုချက်မရှိဘဲ စစ်ဘေးရှောင်စခန်းများ မဆောက်ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ (၂၉.၀၄.၂၀) ရက်စွဲဖြင့် အမိန့်ထုတ်ပြန်လိုက်သည်။ [ Irrawaddy]

(၂) (၂၉.၀၄.၂၀) နေ့စွဲဖြင့် အစိုးရမှခွင့်ပြုချက်မရှိဘဲ စစ်ဘေးရှောင်စခန်းများအား မဆောက်လုပ်ရန် တားမြစ်ထားသောကြောင့် ရသေ့တောင်မြို့ရှိ စစ်ဘေးဒုက္ခသည်များအတွက် ယာယီတဲအိမ်များ ဆောက်လုပ်နေသည်ကို ရပ်နားထားရကြောင်း (၀၁.၀.၂၀) ရက်နေ့တွင် ရသေ့တောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေမှပြောသည်။
သို့သော် ယခုဆောက်နေသည့်နေရာတွင် မဆောက်ရသော်လည်း မြို့တွင်းအခြားနေရာတွင် ဆောက်နိုင်ရန် ညှိနှိုင်းမည်ဖြစ်ပြီး စစ်ဘေးရှောင်များအား မိုးရာသီမတိုင်ခင် အမိုးအကာအောက် ရောက်နိုင်အောင် ကြိုးစားလုပ်ဆောင်မည်ဖြစ်ကြောင်း ပြောသည်။[RFA]

(၃) (၂၉.၀၄.၂၀) ရက်နေ့တွင် ULA/AA ပစ်ခတ်တိုက်ခိုက်ခံခဲ့ရသည့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP) ယာဉ်တန်းမှ ဆန်အိတ်နှင့်စားနပ်ရိက္ခာများအား ရာသီဥတုဆိုးရွာလာသောကြောင့် ပလက်ဝသို့ ရေလမ်းကြောင်းမှ ပြောင်းလဲပို့ဆောင်မည်ဖြစ်ကြောင်း (၀၁.၀၅.၂၀) ရက်နေ့တွင် သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူဦးဇော်ဌေးမှပြောသည်။ [Irrawaddy]

(၄) ရခိုင်ပြည်ရှိ စစ်ရှောင်စခန်းများတွင် ပုံမှန်ပေးနေသည့် စားနပ်ရိက္ခာထောက်ပံ့မှုအား ဧပြီလမှ စတင်၍ မရရှိဖြစ်နေပြီး မိုးစတင်ရွာသွန်းမှုတွေကြောင့် နေရာအခက်အခဲနှင့် သောက်သုံးရေ ပြဿနာများ ရင်ဆိုင်နေရသဖြင့် စစ်ရှောင်များအတွက် စိုးရိမ်ရသည့် အခြေအနေဖြစ်ကြောင်း (၃၀.၀၄.၂၀) ရက်နေ့ REC၏ ထုတ်ပြန်သည်။ [VOA]

(၅) ပုဏ္ဏားကျွန်းမြို့နယ်၊ စေတီပြင် စစ်ဘေးရှောင်စခန်းရှိ ဒုက္ခသည် (၁၃၀၀) ကျော် နေရပ်ပြန် နိုင်ရေး အတွက် ဒေသခံဆရာတော် (၃)ပါး၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖ အဖွဲ့ဝင်များသည် နယ်/လုံဝန်ကြီးညွှန်ကြားချက်ဖြင့် (၁၂.၀၅.၂၀) ရက်နေ့တွင် ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ် ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးမင်းသန်းအား ပေါက်တော်ပြင်ကျေးရွာအနီး ပြည်နယ် အစိုးရရုံး၌ တွေ့ဆုံ ဆွေးနွေးခဲ့ရာ ဗျူဟာမှူးမှ ကျေးရွာသားများ၏ အိမ်ထောင်စုစာရင်းများ စုံအောင်ကောက် ယူပြီးမှ ကျေးရွာ သို့ပြန်ကြရန် ပြောကြားခဲ့သည့်အတွက် အိမ်ထောင်စုစာရင်းများကို ကောက်ယူ နေကြောင်း တွေ့ဆုံရာတွင်ပါဝင်သည့် ပေါက်တောပြင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကံထွန်းအောင် မှပြောသည်။ [DMG]

(၆) ပုဏ္ဏားကျွန်းမြို့နယ်၊ စေတီပြင်စစ်ဘေးရှောင်စခန်းရှိ စစ်ဘေးရှောင် (၁၃၀၀) ကျော်သည် စားသောက် နေထိုင်ရေးနှင့် ရေရရှိရေးအခက်အခဲများကြောင့် မိုးမကျမီ မိမိတို့ကျေးရွာသို့ပြန်လို ကြောင်း စစ်ရှောင် စခန်းတွင် အကူအညီပေးနေသည့် ဦးဖင်းအာရက္ခမှမိန့်သည်။[DMG]

(၇) ပလက်ဝမြို့ရှိ စစ်ဘေးဒုက္ခသည် (၃၇၀၀)နှင့် ဒေသခံ (၇၀၀၀) ကျော်အတွက် ဆန်အိတ်သွား ပို့သည့် WFP ကမ္ဘာ့စားနပ်ရိက္ခာယာဉ်တန်း ပစ်ခတ်တိုက်ခိုက်ခံခဲ့ရသော်လည်း ဆက်လက် ပို့ဆောင်ခဲ့သောကြောင့် (၁၂.၀၅.၂၀) ရက်နေ့တွင် ရောက်ရှိသွားပြီဖြစ်ကြောင်း WFP အဖွဲ့မှ ပြောသည်။ DMG

(၈) ကျောက်တော်မြို့၊ ကန်စောက် တောင်ခြေရှိ (၅၃၉) တပ်ရင်းမှ မြို့နယ်၊ ခရိုင်၊ ပြည်နယ် အုပ်ချုပ်ရေးမှူး ထောက်ခံချက်များ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၏ ခွင့်ပြုချက် အထောက် အထားများပါရှိမှ စစ်ဘေးရှောင်များအတွက် ဆန်အိတ်များ သယ်ယူရန် ခွင့်ပြုမည် ပြောထား သောကြောင့် ဝါးတောင်စစ်ဘေးရှောင်စခန်းနှင့် တောင်မင်းကုလား စစ်ဘေးရှောင် စခန်း အတွက် ဆန်အိတ် (၂၅၀) အား ကျောက်တော်မြို့မှ သယ်ယူရန် လိုအပ်သည့် ထောက်ခံချက် များရှိ သော်လည်း နယ်/လုံဝန်ကြီး၏ ထောက်ခံချက် မရှိသည့်အတွက် စစ်ဘေးရှောင်များ စားနပ်ရိက္ခာ အခက်အခဲဖြစ်နေကြောင်း (၁၇.၀၅.၂၀) ရက်နေ့တွင် ဝါးတောင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိန်ရွှေဘုမှပြောသည်။ [DMG]

(၉) မြောက်ဦးတွင် စစ်ဘေးရှောင်စခန်းပေါင်း (၃၁) ခု၊ အိမ်ထောင်စုပေါင်း (၄၂၇၅) စုနှင့် လူဦးရေ (၁၇၀၂၇) ဦးခိုလှုံနေကြပြီး မြောက်ဦး မြောက်ပိုင်းမှ တိမ်ညိုစခန်း၊ဗီပင်ရင်စခန်းနှင့် တချို့စခန်းများ တွင် ရိက္ခာပြတ်တော့မည်ဖြစ်ကြောင်း၊ စခန်းကော်မတီအနေဖြင့် လူကယ်ပြန်ဌာနအား အကြောင်း ကြားထားသော်လည်း တစ်စုံတစ်ရာတုံ့ပြန်မှု မရှိသေးကြောင်း (၁၇.၀၅.၂၀) ရက်နေ့သတင်းတွင် တိမ်ညို စခန်းတာဝန်ခံ ဦးစိုးနိုင်မှပြောသည်။ [DMG]

(၁၀) မြောက်ဦးမြို့နယ်၊ ကျောက်တော်မြို့နယ်နှင့် အမ်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ စစ်ဘေးရှောင် များတွင် အစိုးရထောက်ပံ့ပေးသည့် ရိက္ခာများမှာ မတ်လလယ်မှ မေလဆန်းထိ မရရှိသေးသော

ကြောင့် ရိက္ခာပြတ်မည်ဖြစ်ပြီးကျန်းမာရေးအတွက်လည်း ဆေးဝါးကုသမှု အခက်အခဲဖြစ်နေသည်။ [ BBC]

(၁၁) ကျောက်တော်တွင် စစ်ဘေးရှောင်အိမ်ထောင်စု (၃၀၁၆) စုနှင့် လူဦးရေ (၁၂၂၅၀) ဦးတို့သည် ဒုက္ခသည်စခန်းပေါင်း (၂၁) ခု၌ ခိုလှုံနေကြပြီးစခန်းတချို့၌ ဆန်ရိက္ခာလက်ကျန်နည်းပါး နေပြီဖြစ်သည်။

အိမ်ထောင်စု (၆၂၆) စု၊လူဦးရေ (၂၇၄၅) ဦးခိုလှုံနေသည့် ကျောက်တော်ရှိ ညောင်ချောင်း ဒုက္ခသည်စခန်းတွင်လည်းဆန်အိတ် (၂၀) သာကျန်သည့်အတွက် မေလ (၁၀) ရက်နေ့မှာ နောက်တစ်ကြိမ် ဖြန့်ဝေပေးမည့်ဆန် အလုံအလောက်မရှိသေးကြောင်း စခန်းတာဝန်ခံဦးခိုင်မျိုးအောင်မှ ပြောသည်။[ BBC]

(၁၂) (၀၈.၀၅.၂၀) ရက်နေ့တွင် ကျောက်တော်မြို့၊ ညောင်ချောင်းစစ်ဘေးရှောင်စခန်းသို့ WFPမှ ဆန်လာပေးမည်ဟု အကြောင်းကြားထားရာမှ (၀၉.၀၅.၂၀) ရက်နေ့တွင် ထွက်လာရာ ၅၃၉ ဂိတ်တွင် တနေ့လုံး စစ်ဆေးခံရပြီး (၁၀) ရက်နေ့တွင် စစ်တွေသို့ ပြန်သွားရကြောင်း ပြောခဲ့ သောကြောင့် စခန်းတွင်လည်း ဆန်အိတ် (၂၀) ကျန်ရှိသည့်အတွက် ဒုက္ခရောက်နေကြောင်း ဦးခိုင်မျိုးအောင်မှ ပြောသည်။

ထို့နောက် ညောင်ချောင်းဒုက္ခသည်စခန်းသို့ တပ်မတော်စစ်ကြောင်းမှ မကြာခဏဝင်ရောက် စစ်ဆေးနေသည့်အတွက်စခန်း၌နေထိုင်သူများ စိုးရိမ်ကြောက်လန့်နေကြောင်း ပြောသည်။[BBC]

(၁၃) ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလမှစ၍ အစိုးရတပ်မတော်နှင့် ULA/AA တိုက်ပွဲများကြောင့် ပလက်ဝမြို့နယ်တွင်ရှိသည့် အိမ်ထောင်စု (၁၆၀၀) ကျော်၊ စစ်ဘေးဒုက္ခသည် (၉၀၀၀) ကျော်အတွက် မိုးမကျမီ နေစရာဆောက်လုပ်နိုင်ရန် ချင်းစစ်ဘေးရှောင်ပြည်သူများ အရေးပေါ်ကူညီရေးနှင့် ပြန်လည်ထူထောင်ရေး ကော်မတီ RRCCI မှ အလှူငွေ ကောက်ခံနေသည်။
(၁၄.၀၅.၂၀) ရက်နေ့တွင် စစ်ဘေးဒုက္ခသည်များ၏ လိုအပ်ချက်များအတွက် RRCCI တာဝန်ရှိသူ၊ ပြည်ထောင်စု အစိုးရအဖွဲ့၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်နယ်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဝန်ကြီးဦးစိုးထက်တို့ တွေ့ဆုံဆွေးနွေးရာ ပလက်ဝမြို့နယ်၌ ခိုလှုံနေသည့် စစ်ဘေးရှောင်များအတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ပြည်နယ်အစိုးရ ရန်ပုံငွေတို့မှ နေစရာပေးရန် ကျပ်သိန်း (၂၄၀၀) ရှိပြီး (၁၂၀၀) ကူညီမည်ဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့ ပြောရေး ဆိုခွင့်ရှိသူ ဝန်ကြီး ဦးစိုးထက်မှပြောသည်။ [RFA] [Irrawaddy]

(၁၄) အောက်သကန်၊ လက္ကာ၊ ဘူးရွက်မည်။ ပေါက်ပြင်ကွင်း၊ ဝေသာလီ၊ ဘုရားကြီးစသည့် ကျေးရွာပေါင်း (၁၁) ရွာမှ စစ်ဘေးရှောင် (၃၂၅၀) လာရောက်ခိုလှုံနေသည့် မြောက်ဦးမြို့နယ်၊ တိန်ညို စစ်ဘေးရှောင်စခန်းတွင် ဧပြီလမှ မေလအထိ အစိုးရဆီမှ စားနပ်ရိက္ခာ ထောက်ပံ့မှု မရရှိသည့်အတွက် စခန်းတွင် ဆန်(၁) နေ့စာကျန်ရှိပြီး ဆန်ရိက္ခာပြတ်တော့မည်ဖြစ်ကြောင်း တိမ်ညိုစစ်ဘေးရှောင် စခန်းတာဝန်ခံ ဦးဝေလှအောင်မှပြောသည်။

စားနပ်ရိက္ခာပြတ်မည်ဖြစ်သည့်အတွက် (၁၁.၀၅.၂၀) ရက်နေ့တွင် လွှတ်တော်မှ ငွေ (၅၀၀၀၀၀) သွားလှူမည်ဖြစ်ပြီး လူကယ်ပြန်နှင့် ICRC သို့ အကြောင်းကြားထားသောကြောင့် ICRC မှ (၁၂.၀၅.၂၀) ရက်နေ့တွင် ပေးပို့မည်ဖြစ်ကြောင်း မြောက်ဦးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းသာစိန် မှပြောသည်။[Narinjara]

(၁၅) အဖွဲ့အစည်းများမှ အထောက်အပံ့ အကူအညီမရသည့် ဘူးသီးတောင်မြို့၊ ရပ်ကွက် (၄) ရှိ စစ်ဘေးရှောင်များနှင့် ဘုန်းကြီးကျောင်း၊ နီးစပ်ရာကျေးရွာများတွင် ခိုလှုံနေသည့် စစ်ဘေးရှောင်များသည် စားဝတ်နေရေး အခက်ကြုံနေရကြောင်း ခမီချောင်းကျေးရွာ ဒေသခံ ဦးကျော်သာခိုင် မှပြောသည်။
ထို့နောက် ဘူးသီးတောင်မြို့နယ်ရှိ စစ်ဘေးဒုက္ခရှောင်စခန်း (၂၀) တွင် လူဦးရေ (၁၀၀၀၀) ကျော်သည် အစိုးရ အကူအညီ အထောက်အပံ့ ပုံမှန်မရသည့်အတွက် ပုဂ္ဂလိက အကူအညီများကို မျှော်လင့် နေရကြောင်း (၁၀.၀၅.၂၀) ရက်နေ့ သတင်းတွင် ဘူးသီးတောင်မြို့နယ် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သောင်းရွှေမှပြောသည်။[RFA][VOA]

(၁၆) နေမြေမတည်ငြိမ်မှု၊ အစိုးရခွင့်ပြုချက်မရမှု၊ အစိုးရတပ်မတော်မှ စစ်ဆေးမှုများကြောင့် အလှူရှင်များ မရောက်နိုင်သည့်အတွက် ပုဏ္ဏားကျွန်းမြို့နယ် ပေါက်တောပြင်၊ အောင်ဘောင်တော်၊ ကြက်စာတလင်း၊ကန်ချောင်းနှင့်ပိန္နဲတောကျေးရွာများမှ အိမ်ထောင်စု (၂၇၄) စုနှင့် လူဦးရေ (၁၂၈၃) ဦးခိုလှုံနေသည့် စေတီပြင် စစ်ဘေးရှောင်စခန်းတွင် စားနပ်ရိက္ခာများ ပြတ်လပ်နေပြီး ယနေ့အချိန်ထိ အစိုးရထံမှလည်း မည်သည့်အကူအညီမှ မရရှိသေးကြောင်း (၁၄.၀၅.၂၀) ရက်နေ့ တွင် စခန်းတာဝန်ခံ ဆရာတော် ဦးသုဝဏ္ဏက မိန့်ကြားသည်။
စေတီပြင် စစ်ဘေးရှောင်စခန်းသည် အစိုးရမှတရားဝင်အသိအမှတ်ပြုထားသည့် စခန်းမဟုတ်သည့်အတွက် အကူအညီ မရခြင်းဖြစ်ကြောင်း ပုဏ္ဏားကျွန်းမြို့နယ်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သန်း တင်မှပြောသည်။ [Narinjara]

(၁၇) ULA/AA နှင့် အဆက်အသွယ်ရှိသည် အထင်ဖြင့် အစိုးရတပ်မတော်မှ ရိက္ခာသယ်ယူခွင့် ပိတ်ပင်ထားသည်မှာ (၃) လကြာပြီဖြစ်သောကြောင့် စစ်ဘေးရှောင် (၃၀၀) ခန့် နေထိုင်သည့် မြေပုံမြို့နယ်၊ ကိုင်းကြီးစစ်ရှောင်စခန်းတွင် စားနပ်ရိက္ခာ ပြတ်လပ်နေကြောင်း ကိုင်းကြီးစစ်ရှောင် စခန်းတာဝန်ခံ ကိုရွှေစိုးမှ ပြောသည်။[VOA]

(၁၈) အမ်းမြို့နယ်၊ စည်းစစ်ရှောင်စခန်းသို့ အကူအညီပေးရန်လာသည့် အဖွဲ့အစည်းများအား သက်ဆိုင်ရာ အာဏာပိုင်များမှ တားမြစ်ထားသည့်အတွက် စားနပ်ရိက္ခာ ပြတ်လပ်နေကြောင်း ကိုယ်တော် သဘာဝနဒီမှ မိန့်သည်။
ICRC နှင့် WFP မှ စည်းစစ်ရှောင်စခန်းသို့ ထောက်ပံ့ပေးရန်အတွက် ပြည်နယ်အစိုးရထံတွင် စာတင်သည့်အခါ စည်းစစ်ရှောင်စခန်းသည် စစ်ရှောင်များ စုရပ်စခန်း(၁) ခု မဟုတ်သည့် အတွက်ကြောင့် ထောက်ပံ့ပေးရန် ယခုအချိန်ထိ တားမြစ်ထားကြောင်းမိန့်သည်။ [VOA]

(၁၉) ကျေးရွာအနီး အစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲဖြစ်ပွါးမှု၊ လက်နက်ကြီး ကျရောက်မှုတို့ကြောင့် ပလက်ဝမြို့နယ်၊ စိမ်းညင်းဝ၊ ဒိုးချောင်းဝ၊ ကျောက်ခံနဲ့ မီးလက်ဝတို့မှ စစ်ဘေးရှောင်

(၁၀၀) ခန့်သည် (၁၆.၀၄.၂၀) ရက်နေ့တွင် စစ်တွေမြို့ မင်းဂံအကွက်(၁) ဥဿလင်း ဘုန်းတော်ကြီးကျောင်းသို့ လာရောက်ခိုလှုံနေကြပြီး အကူအညီများလိုအပ်နေသည်။ [DMG]

(၂၀) (၁၈.၀၅.၂၀)ရက်နေ့၊ (၁၇) နာရီကျော်တွင် မိုးသက်လေပြင်းကျ၍ မြေပုံမြို့နယ်၊ စညှင်းစစ်ဘေးရှောင် စခန်းတွင် ရွက်ဖျင်တဲ(၆) လုံး ပျက်စီးသွားသည်။
စညှင်းခစခန်းတွင် အင်းကြန်၊ စညှင်း၊ လီသွန်နှင့် ဒလက်ကျေးရွာများမှ အိမ်ထောင်စု (၁၂၅) စု၊ လူဦးရေ (၄၀၂) ဦး နေထိုင်ပြီး ၎င်းတို့အနေဖြင့် အိမ်ပြန်ရန် အခြေအနေမရှိသေးသဖြင့် မိုးမကျမီ နေအိမ်များ အမြန် ဆောက်ပေးရန် လိုအပ်နေကြောင်း ကိုယ်တော် သဘာဝနဒီက မိန့်ကြားသည်။ [Narinjara]

(၂၁) (၁၇.၀၅.၂၀) ရက်နေ့စာရင်းအရ အစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲများကြောင့် ပလက်ဝမြို့တွင် အိမ်ထောင်စု (၁၁၃၂) စု၊ လူဦးရေ (၅၀၉၀) ဦး (ကျား ၂၃၃၇ ၊ မ ၂၇၅၃) ၊ စမီးမြို့တွင် အိမ်ထောင်စု (၆၉၈)၊ လူဦးရေ (၂၉၆၁) ဦး ( ကျား ၁၃၈၇ ၊ မ ၁၅၇၄ ) တို့သည် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေရပြီး ၎င်းတို့အတွက် ရိက္ခာများ ပို့ပေးနိုင်သော်လည်း ပလက်ဝမြို့အနီး၊ ကျေးရွာများရှိ လူဦးရေ (၂၀၀၀၀) တွင် ရိက္ခာပြတ်လပ်နေကြောင်း (၂၀.၀၅.၂၀) ရက်နေ့သတင်းတွင် RRCCI (Relief And Rehabilitation Committee for Chin IDPs) မှ ပြောခွင့်ရသူဆရာမြမှပြောသည်။ [ELEVEN]

(၂၂) အစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲများကြောင့် ပလက်ဝမှ မော်ဘီမြို့၊ စာဖြူစုရပ်ကွက်သို့ ရောက်ရှိနေသည့် စစ်ဘေးရှောင်များအား ရော၀တီတိုင်းဒေသကြီး အမှတ်(၂) လွှတ်တော် ကိုယ်စားလှယ် ဦးသန်းအောင်နှင့် ဧရာဝတီဖောင်ဒေးရှင်း တာဝန်ရှိသူများမှ အိမ်ထောင် စု(၁) စုလျှင် ငွေကျပ် (၁၀၀၀၀) နှင့် စားနပ်ရိက္ခာများလှူဒါန်းခဲ့သည်။ [The Ladies News]

(၂၃) (၂၆.၀၅.၂၀) ရက်နေ့တွင် ပလက်ဝမြို့နယ်၊ မီးလက်ဝ(အောက်) ကျေးရွာရှိ နေအိမ်များမီးရှို့ခံရမှုကြောင့် ပလက်ဝမြို့ပေါ်၌ စစ်ဘေးရှောင်နေသည့် ကျေးရွာသားများမှာ နေရပ်ပြန်ရေးအတွက် အခက်အခဲ ရှိနေကြသည်။
ယခု ပလက်ဝမြို့ပေါ်ရှိ စာသင်ကျောင်းများတွင်နေထိုင်နေသော်လည်း ကျောင်းဖွင့်ချိန်ရောက်လျှင် အိမ်ပြန်ရမည်ဖြစ်ပြီး နေအိမ်မီးလောင်သည့်အထဲတွင် ပါသွားသည့်အတွက် အခက်အခဲရှိကြောင်း စစ်ဘေးရှောင်တိမ်းနေသူ ဦးနှင်းဝိုင်းမှပြောသည်။ [DMG]

(၂၄) ပြည်နယ်အစိုးရ ညွှန်ကြားချက်ဖြင့် စစ်ဘေးရှောင်များခိုလှုံနေသည့် စာသင်ကျောင်းများအား သက်ဆိုင်ရာဌာနသို့ အပ်နှံရမည်ဖြစ်ပြီး စစ်ဘေးရှောင်များလည်း (၁၅.၀၆.၂၀) ရက်နေ့ နောက်ဆုံးထား ပြောင်းရွှေ့ပေးရမည်ဖြစ်သောကြောင့် ဒုက္ခရောက်နေကြကြောင်း ကျောက်တော်မြို့နယ်မှ စစ်ဘေးရှောင်စခန်း တာဝန်ရှိသူ (၁) ဦးမှပြောသည်။
ယခု ကျောက်တော်မြို့ပေါ် စစ်ဘေးရှောင်စခန်း (၁၅) ခု၌ ဒုက္ခသည် (၇၆၀၀) ကျော် နေထိုင်လျက်ရှိပြီး စခန်း (၇) ခုမှာ စာသင်ကျောင်းများတွင် ဖွင့်လှစ်ထားခြင်းဖြစ်ကာ လူဦးရေ (၃၀၀၀) ကျော်ခန့် ခိုလှုံ လျက်ရှိနေသည်။

ထို့အတူ မြေပုံမြို့ပေါ်ရှိ စာသင်ကျောင်းတွင်ဖွင့်လှစ်ထားသည့် ဒုက္ခသည်စခန်း (၂) ခုအား ဇွန်လအတွင်း ပြောင်းရွှေ့ပေးရန် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးမှ အကြောင်းကြားလာကြောင်း စခန်းတာဝန်ခံ ဦးအောင်မြင့်သိန်းမှပြောသည်။[DMG]

(၂၅) (၂၀.၀၅.၂၀) ရက်နေ့မှစပြီး ကိုယ်ထူကိုယ်ထတည်ဆောက်နေသော မြေပုံမြို့နယ်၊ စည့်ငွး စစ်ဘေးရှောင်စခန်းတွင် အဆောင်တဲ(၃၀) ခန့်ပြီးစီးနေသော်လည်း နောက်ထပ် ဆောက်လုပ်ရန် အတွက် ငွေကြေးအခက်အခဲရှိသောကြောင့် အကူအညီများလိုအပ်နေကြောင်း ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသူ ဦးဇင်းအရှင် သဘာဝနဒီက မိန့်ကြားသည်။
စည့်ငွးစစ်ဘေးရှောင်စခန်းရှိ အိမ်ထောင်စု (၁၂၅) စုအတွက် မိသားစု(၁) စုလျှင် တဲအိမ် (၁) လုံး ကျစီ ဆောက်လုပ်မည်ဖြစ်ပြီး တဲအိမ်(၁) လုံးအတွက် ကုန်ကျစရိတ်မှာ ငွေငါးသောင်း ကျပ် ဖြစ်ကြောင်း၊ အရှင်သဘာဝနဒီမှတစ်ဆင့် လှူဒါန်းနိုင်ကြောင်း စခန်းတာဝန်ရှိသူ (၁) ဦးမှပြောသည်။
Narinjara

(၂၆) (၂၈.၀၅.၂၀) ရက်နေ့၊ (၅) နာရီတွင် လေပြင်းတိုက်ခတ်မှုကြောင့် စစ်ရှောင်စခန်း (၁၈) ခုရှိပြီး စစ်ဘေးရှောင် (၃၀၀၀) ကျော်နေထိုင်သည့် မြေပုံမြို့နယ်၊ ကိုင်းကြီး စစ်ရှောင်စခန်း၌ တဲအဆောင် များ ပျက်ဆီးသွားသည့်အတွက် စစ်ဘေးရှောင်များ မိုးရေထဲတွင် နေထိုင်နေရကြောင်း ကိုင်းကြီး စစ်ရှောင် စခန်းတာဝန်ခံ ကိုရွှေစိုးမှပြောသည်။ [VOA]

(၂၇) ရေရှားပါး၍ အခက်အခဲဖြစ်နေသည့် ရခိုင်ပြည်ရှိ မြို့နယ်(၃) ခုမှ ကျေးရွာပေါင်း (၁၁) ရွာတွင် ရေကန် (၁၁) ကန်အား ဒေါက်တာစောမြအောင်ဖောင်းဒေးရှင်းမှ တူးဖော်လှူဒါန်းကြောင်း ဖောင်းဒေးရှင်းမှ စီမံကိန်း ဒါရိုက်တာ ဒေါ်ခင်သန်းမှပြောသည်။
စစ်ဘေးရှောင်များ ခိုလှုံနေရသောကြောင့် ရေးလုံးဝပြတ်လတ်မှုများ ဖြစ်သည့်အတွက် ပေ (၂၅၀) ပတ်လည်ရေကန် (၁) ကန်ကို ကျပ်သိန်း (၄၀) နှင့် ပေ (၁၅၀) ပတ်လည် ရေကန် (၁) ကန်ကို ကျပ်သိန်း (၂၀) အကုန်အကျခံ တူးဖော်နေခြင်းဖြစ်ပြီး ယခု မြောက်ဦးမြို့နယ်တွင် (၄) ကန်၊ ကျောက်တော်မြို့နယ်တွင် (၄) ကန်နှင့် မင်းပြားမြို့နယ်တွင် (၃) တူးဖော်လှူဒါန်းနေသည်။
[Narinjara]

## ၂.၂.၃. စစ်ဘေးရှောင်များ၏ပညာရေး

(၁) ကျောင်းများဖွင့်ချိန်တွင် စစ်ရှောင်စခန်းရှိ ကျောင်းသူ ကျောင်းသားများအား နီးစပ်ရာကျောင်းများ၌ ကျောင်းလက်ခံပေးရန်နှင့် အချိန်မီကျောင်းအပ်နိုင်ရေးအတွက် ခရိုင်ပညာရေးမှူးတွေ၊ မြို့နယ် ပညာရေးမှူးများဖြင့် အစည်းအဝေးပြုလုပ်ပြီး ပညာသင်ကြားနိုင်အောင် စီစဉ်ဆောင်ရွက်နေ ကြောင်း ရခိုင်ပြည်နယ်ပညာရေးမှူး ဦးတင်သိန်းမှပြောသည်။ [Narinjara]

## ၂.၂.၄. စစ်ဘေးရှောင်များ၏လုံခြုံရေး

(၁) (၁၈.၀၅.၂၀) ရက်နေ့တွင် ကျောက်တော်မြို့၊ ညောင်ချောင်းဒုက္ခသည်စခန်းသို့ တပ်မတော် စစ်ကြောင်းမှ ဝင်ရောက်စစ်ဆေးနေပြီးယခုတကြိမ်ဆိုလျှင် စစ်ဆေးမှုမှာ (၅) ကြိမ်ဖြစ်သည့် အတွက်စခန်း၌နေထိုင်သူများ စိုးရိမ်ကြောက်လန့်နေကြောင်း စခန်းတာဝန်ခံ ဦးခိုင်မျိုးအောင်မှ ပြောသည်။ [ BBC]

## ၂.၂.၅. စစ်ဘေးရှောင်များ၏ကျန်းမာရေး

(၁) ဘူးသီးတောင်မြို့နယ်၊ အလယ်ချောင်း၊ ကျောက်စာတိုင်၊ လက်ပန်ကိုင်း တဲစုကျေးရွာနှင့် နတလ ကံ့ကော်မြိုင်ကျေးရွာတို့မှ အိမ်ထောင်စု (၈၆) စု၊ လူဦးရေ (၄၁၆) ဦးနေထိုင်သည့် မြောင်းနား စစ်ဘေးရှောင်စခန်း၌ သောက်သုံးရေကန်များမရှိသဖြင့် မြောင်းနား(မွတ်ဆလင်)ကျေးရွာရှိ ကျွဲ၊ နွားများသောက်သုံးသည့်ရေကန်မှ ရေကို သောက်သုံးနေရသောကြောင့် စစ်ဘေးရှောင် ကျား (၉) ဦး၊မ (၂၄) ဦး ဝမ်းရောဂါ ဖြစ်ပွါးနေကြောင်း စခန်းတာဝန်ခံ ဦးဝေသာခိုင်မှပြောသည်။ [DMG][VOA]

(၂) ကျန်းမာရေးမြှင့်တင်ပြီး ရောဂါဘေးတားဆီးရန် ရည်ရွယ်၍ ပုဏ္ဏားကျွန်းမြို့နယ် ရေဖြူကန်စစ်ဘေး ရှောင်စခန်းနှင့် ကျောက်တော်မြို့နယ် နေပူခံစစ်ဘေးရှောင် စခန်းတို့တွင် ငွေကျပ်သိန်း(၁၀၀၀) တန်ဖိုးရှိ ကျန်းမာရေးနှင့်သက်ဆိုင်သည့်ပစ္စည်းများ၊ အသုံးအဆောင် ပစ္စည်းများအား ပေးအပ် လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်း(ရခိုင်ပြည်နယ်) ၏ ပြည်နယ် တပ်ခွဲမှူး ဦးမြင့်ဆွေမှ ပြောသည်။
ကျောက်တော်မြို့နယ် နေပူခံစစ်ဘေးရှောင်စခန်းတွင် အိမ်ထောင်စု (၂၃၅) စု၊ လူဦးရေ (၁၁၃၈) ဦးရှိပြီး ပုဏ္ဏားကျွန်းမြို့နယ် ရေဖြူကန်စက်မှုဇုန်စစ်ဘေးရှောင်စခန်းတွင် အိမ်ထောင်စု (၁၂၇) စု၊ လူဦးရေ (၅၀၄) ဦးရှိသည်။ [DMG]

(၃) ရခိုင်ပြည်တွင် ကိုရိုနာဗိုင်းရပ်စ်(Covid-19) ရောဂါပိုး တွေ့ရှိသူ (၂) ဦးရှိကြောင်း (၁၉.၀၅.၂၀) ရက်နေ့၊ (၀၇း၀၀) နာရီတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတင်းထုတ်ပြန် ထား သော်လည်း ဘူးသီးတောင်၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား စသည့် မြို့နယ် (၆) ခု၌ အင်တာနက် ဖြတ်တောက်ခံထားရသောကြောင့် ၎င်းဒေသခံများသည် အင်တာနက်မှတဆင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါနှင့် ပတ်သက်သည့် သတင်းအချက်အလက်များအား မရရှိသည့်အတွက် စိုးရိမ်ကြောက်လန့်နေကြသည်။ [DMG]

(၄) (၂၉.၀၅.၂၀) ရက်နေ့တွင် COVID_19 ကပ်ရောဂါ ကာကွယ်ရေးအတွက် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာန မှ ရခိုင်အမျိုးသားပါတီ(ANP) သို့လှူဒါန်းသည့် ပါးစပ်၊

နာခေါင်းစည်း (၅၀၀၀) အား ရခိုင်ပြည်၊ စစ်ဘေးရှောင်စခန်းများရှိ စစ်ဘေးရှောင်များထံ ထပ်ဆင့်လှူဒါန်းသွားမည်ဖြစ်သည်။ [ANP]

# ၂.၃. လူမှု-စီးပွါးရေးအထွေထွေ

## ၂.၃.၁. အထွေထွေစားဝတ်နေရေး

(၁) ကိုဗစ်ကပ်ရောဂါနှင့် တိုက်ပွဲများကြောင့် ရခိုင်ပြည်တွင် ဆန်စပါးအလုံအလောက် သိုလှောင် မထားနိုင်လျှင် ရခိုင်လူထုအနေဖြင့် စားနပ်ရိက္ခာ အခက်ခဲရှိလာနိုင်ကြောင်း (၂၁.၀၅.၂၀) ရက်နေ့တွင် ပြုလုပ်သည့် ရခိုင်ပြည်နယ်လွှတ်တော် (၁၃) ကြိမ်မြောက်၊ ဒုတိယအကြိမ်၊ တတိယ မြောက်နေ့ အစည်းအဝေး၌ မြေပုံမြို့နယ် အမှတ်(၁)မဲဆန္ဒနယ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဝင်းမှ ပြောသည်။
ယခုလာမည့် မိုးရာသီတွင် စပါးစိုက်ပျိုးရေး လုပ်ငန်းများ အချိန်နှင့် တစ်ပြေးညီ လုပ်ကိုင် ဆောင်ရွက်နိုင်ရေးအတွက် အစိုးရအနေဖြင့် ကြိုတင်အစီအမံများ ထိရောက်စွာ ဆောင်ရွက်ပေးသင့်ကြောင်း ရခိုင်ပြည်နယ်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းခဲ့သည်။ [Narinjara]

(၂) မင်းပြားမြို့နယ်အတွင်းရှိ ရွှေကျန်၊ သောင်းခံမော်၊ ငန်းတက်၊ ဖလောင်းပြင်နှင့် ဘူးပြင်ကျေးရွာများတွင် ရေကန်များ ခမ်းခြောက်သွားသဖြင့် သောက်သုံးရေပြတ်လပ်နေပြီး ရာမောင်တံတားအကျော်၊ မြောင်တွင် သောက်သုံးရေရှိသော်လည်း ၎င်းမြောင်အနီး၌ တိုက်ပွဲဖြစ်ပွါး နေသောကြောင့် ရေသယ်ယူရန် အခက်အခဲ ဖြစ်နေကြောင်း (၂၃.၀၅.၂၀) ရက်နေ့တွင် ကျေးလက်ဦးစီးဌာနညွှန်ကြားရေးမှူး ဦးသန်းစိုး မှပြောသည်။
ထို့ပြင် ရေပြတ်လပ်နေသည့် ကျေးရွာများတွင် မင်းဖူးကျေးရွာ၊ ဖေသာပြင်ကျေးရွာတို့ ပါဝင်ပြီး မင်းဖူးရွာရှိ ရေကန်များ၌ ရေလုံးဝမရှိတော့ကြောင်း မင်းဖူးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစံသိန်းမှ ပြောသည်။
[Narinjara]

(၃) Covid-19 ကပ်ရောဂါကြောင့် မိမိသားစုစားဝတ်နေရေးအတွက် တပိုင်တနိုင် ရေလုပ်ငန်း လုပ်ကိုင်နေသည့် ရေလုပ်သားများနှင့် ငါးပုစွန်ကန် မွေးမြူရေးလုပ်ငန်းရှင်များသည် ငါးပုစွန်ဒိုင်များ အဝယ်နည်းပါးမှု၊ ဈေးနှုန်းများ တဟုန်ထိုးကျဆင်းလာမှုတို့ကြောင့် ဝင်ငွေနည်းပါးလာပြီး မိသားစု စားဝတ်နေရေးအတွက် အခက်အခဲများ ကြုံနေကြရသည်။[DMG]

## ၂.၃.၂. ကျန်းမာရေး

(၁) Covid-19 ရောဂါကြောင့် ကန့်သတ်ကာလအတွင်း ရန်ကုန်၊ ပုသိမ်နှင့် ပဲခူးတိုင်းဘက်မှ ရခိုင်ပြည်၊ သံတွဲမြို့အတွင်းသို့ ဝင်ရောက်လာသူများသည် မြို့အဝင်ကျန်းမာရေး စစ်ဆေးရေးဂိတ်တွင် ခရီးသွားမှတ်တမ်းအား လိမ်လည်ပြောဆိုကာ Quarantine (၂၁) ရက် စောင့်ကြည့်မခံဘဲ မြို့အတွင်းသို့ ဝင်ရောက်မှုများရှိကြောင်း သံတွဲမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမင်းကြည်မှ ပြောသည်။ [DMG]

(၂) (၃၀.၀၄.၂၀) ရက်နေ့တွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ ကိုရိုနာ ဗိုင်းရပ်စ် ကာကွယ်ရန်အတွက် သုံးစွဲရန် မသင့်ကြောင်း ထုတ်ပြန်ထားသည့် တရုတ်စာတမ်းပါ နှာခေါင်းစည်း (Mask) များအား ရခိုင်ပြည်၊ စစ်တွေမြို့ ဈေးကွက်တွင် (၁) ခုလျှင် (၄၀၀) မှ (၆၀၀) ကျပ်အထိ ရောင်းချမှုရှိနေသည်။

ထိုသို့ သုံးစွဲရန်မသင့်ကြောင်း ထုတ်ပြန်ထားသော်လည်း ရခိုင်ပြည်၊ မြောက်ပိုင်း မြို့နယ်အချို့၌ အစိုးရမှ အင်တာနက် ဖြတ်တောက်ထားမှုကြောင့် မသိရှိနိုင်ဖြစ်နေပြီး ဆင်းရဲနွမ်းပါးသည့် မိသားစု များနှင့် စစ်ဘေးဒုက္ခသည်များတွင် COVID-19 ကိုကာကွယ်ရန် အလေးမထားနိုင် ဖြစ်နေကြ သည်။ [DMG]

(၃) ရခိုင်ပြည်ရှိ မြို့နယ် (၁၇) မြို့နယ်တွင် COVID-19 ကြိုတင်ကာကွယ်ရေး ပစ္စည်းများဖြစ်သည့် Mask (၁၅၀၀၀၀)ခု ၊ PPE ဝတ်စုံ (၁၅၀၀) စုံ၊ လက်သန့်ဆေးရည် (၆၃၇၀၀) ဗူးနှင့် အသိပေးဗီနိုင်း (၄၈၀၀) ခုတို့အား ကွဲပြားခြားနားမှုနှင့် အမျိုးသားရေး သဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ (CDNH) မှ ဧပြီလမှစ၍ လှူဒါန်းနေကြောင်း (၀၉.၀၅.၂၀) ရက်နေ့တွင် CDNH ၏ လှူဒါန်းရေး တောင်ပိုင်းတာဝန်ခံ ကိုဇင်မောင်လင်းမှပြောသည်။
ယခုအချိန်တွင် တောင်ပိုင်းရှိ မြို့နယ်များ၌ ပစ္စည်းများလှူဒါန်းပြီးသော်လည်း မြောက်ပိုင်းရှိ ပေါက်တော၊ မြေပုံနှင့် ရသေ့တောင်မြို့နယ်များတွင် တိုက်ပွဲကြောင့် သွားလာရခက်ခဲသဖြင့် လှူဒါန်းမှုများ မလုပ်နိုင် သေးကြောင်းပြောသည်။ [DMG]

(၄) ရခိုင်ပြည်အတွင်း မြို့နယ်အချို့တွင် covid- 19 ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အလိုတော်ပြည့် ဆရာတော်ကြီးအား အမှူးထားပြီး တပည့်တကာများမှ သိန်း (၈၀) တန်ဖိုးရှိ ပစ္စည်းများအား လှူဒါန်းခဲ့ကြောင်း၊ ပစ္စည်းများကို စစ်တွေ၊ ကျောက်ဖြူ၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ ရသေ့တောင်နှင့် မောင်တော မြို့နယ်တို့တွင် ဆေးရုံများနှင့် အလိုတော်ပြည့် ကျောင်းတိုက်များ၌ ခိုလှုံနေသော စစ်ဘေးရှောင်များအား လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း ပစ္စည်း လာရောက် လှူဒါန်းပေးသော အလိုတော်ပြည့် ဆရာတော်ကြီး၏ တူဖြစ်သူ အဆိုတော် ကိုဖိုးဇော်မှ ပြောသည်။ [Narinjara]

(၅) ဘင်္ဂလာဒေ့ရှ်နိုင်ငံ၊ ကော့စ်ဘဇားရှိ မြန်မာနိုင်ငံမှ ထွက်ပြေးလာကြသည့် မူဆလင် ဒုက္ခသည်များ ခိုလှုံရာ ဒုက္ခသည်စခန်းမှ အမျိုးသား (၂) ဦးတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး စတင်တွေ့ရှိကြောင်း Ukhiyanews ၌ (၁၄.၀၅.၂၀) ရက်နေ့၊ (၁၈း၅၈) နာရီတွင် သတင်းဖော်ပြသည်။

(၁၄.၀၅.၂၀) ရက်နေ့တွင် ကော့စ်ဘဇားဆေးကောလိပ် (Medical College) မှ ကျောင်းအုပ်ဆရာကြီး Anupam Barua မှ အတည်ပြုပြီး ၎င်းတို့ (၂) ဦးမှာ မည်သည့်ဒုက္ခသည်စခန်းမှ ဖြစ်သည်ကို အစိုးရမှ ထုတ်ဖော်ပြောကြားခြင်းမရှိသေးပါ။ [Narinjara]

(၆) ရခိုင်ပြည်၊ သံတွဲမြို့နယ်တွင် COVID-19 ပိုးတွေ့ရှိသူ အသက်(၃၅) နှစ်အရွယ် အမျိုးသား (၁) ဦး စတင်တွေ့ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ (၁၈.၀၅.၂၀) ရက်နေ့၊ (၈) နာရီ အချိန်တွင် ထုတ်ပြန်သည်။
၎င်းသည် မလေးရှားသို့ ခရီးသွားရာဇဝင်ရှိခဲ့ပြီး ယခုအခါ သံတွဲခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှု ခံယူစေမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။ [DMG]

(၇) (၁၆.၀၅.၂၀) ရက်နေ့ထိ ကိုဗစ်ကပ်ရောဂါကြောင့် တရုတ်နိုင်ငံမှ ရခိုင်ပြည်သို့ ပြန်လာသူ (၂၈၈၃) ဦးရှိကြောင်း ရခိုင်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဦးရဲမင်းဦးမှ ပြောသည်။
၎င်းတို့သည် နယ်စပ်၌ ကွာရန်တင် (၂၃) ရက်ဝင်ပြီးမှရခိုင်သို့ ပြန်လာကြသူများဖြစ်ပြီး ရခိုင်သို့ ရောက်လျှင်လည်း Home Stay အိမ်တွင်းမှ အပြင်မထွက်ဘဲ (၇) ရက်နေထိုင်ကြရမည် ဖြစ်ကြောင်းပြောသည်။ [Narinjara]

(၈) မကြာသေးမီက မလေးရှားမှ ပြန်လည်ဝင်ရောက်လာပြီး တောင်ကုတ်မြို့ ပြည်သူ့ဆေးရုံကြီးတွင် အသွားအလာကန့်သတ်မှု (Quarantine) ခံယူနေသည့် အသက် (၂၅) နှစ်အရွယ် အမျိုးသား (၁) ဦးတွင် ကိုရိုနာဗိုင်းရပ်စ်(Covid-19) ရောဂါပိုး ထပ်မံတွေ့ရှိကြောင်း (၁၉.၀၅.၂၀) ရက်နေ့၊ (၇) နာရီတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ [DMG]

(၉) (၂၅.၀၅.၂၀) ရက်နေ့အထိ တရုတ်နိုင်ငံမှ ရခိုင်ပြည်သို့ ပြန်လာသူ (၃၅၀၀) ကျော်ရှိပြီး ပြန်လာသူများသည် မိုင်းလားနှင့် မူဆယ်လမ်းကြောင်းတို့မှ ဝင်ရောက်လာခြင်းဖြစ်သည့်အတွက် ၎င်းတို့၌ Quarantine (၂၁) ရက် စောင့်ကြည့်ခံပြီးမှ ရခိုင်ပြည်သို့ ပို့ဆောင်ပေးနေခြင်း ဖြစ်ကြောင်း ရခိုင်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရဲမင်းဦးမှပြောသည်။ [DMG]

(၁၀) ပြည်နယ်အစိုး ညွှန်ကြားချက်ဖြင့် စာသင်ကျောင်းများ၌ Quarantine ဝင်နေသူများအား ရွှေ့ပြောင်းပြီး သက်ဆိုင်ရာပညာရေးဌာနသို့ (၁၅.၀၆.၂၀) ရက်နေ့နောက်ဆုံး ပြန်အပ်ရမည်ဖြစ်ကြောင်း ဦးမောင်မောင်မှပြောသည်။
ထို့နောက် စာသင်ကျောင်းများတွင် Quarantine ထားရှိသူများအား ရွှေ့ပြောင်းပေးရန်အတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးမှ ညွှန်ကြားလာသဖြင့် ပြောင်းရွှေ့ပေးထားရကြောင်း ရခိုင်လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (AHCT)၏ တာဝန်ရှိသူများမှ ပြောသည်။ [DMG]

## ၂.၃.၃. လုံခြုံရေး

(၁) (၀၂.၀၅.၂၀) ရက်နေ့တွင် တောင်ကုတ်မြို့နယ်၊ ကျော်ကိုင်းကျေးရွာရှိ ရခိုင်ပြည်နယ် NLD ပါတီ အလုပ်အမှုဆောင် ဦးဝင်းလှိုင်အား ရဲအရောင်ဆောင်ထားသည့် လူ(၁) စုမှ ဖမ်းဆီးရန် ကြိုးပမ်း ခဲ့သည့်အတွက် ထွက်ပြေး တိမ်းရှောင်နေရကြောင်း တောင်ကုတ်မြို့နယ် NLD ပါတီဝင်များ ပြောကြားပြီးနောက် တောင်ကုတ်မြို့ အဝင်စစ်တပ်ရှေ့တွင် သံဆူးကြိုးများတားကာ အဝင်/ အထွက် ဂိတ်များအား လုံခြုံရေးတင်းကျပ်စွာ ဆောင်ရွက်နေကြောင်း တောင်ကုတ် မြို့ခံများမှ ပြောသည်။

တောင်ကုတ်မြို့နယ်မှ NLD ပါတီဝင်အချို့အား ရဲအယောင်ဆောင်၍ ဖမ်းဆီးရန် ကြိုးပမ်းမှု များသည် ULA/AA အဖွဲ့၏ လက်ချက်ဖြစ်ကြောင်း အစိုးရတပ်မတော်မှ သတင်း ထုတ်ပြန်ထား သည်။ [DMG]

## ၂.၃.၄. ပို့ဆောင်ဆက်သွယ်ရေး

(၁) ၂၀၁၉ ခုနှစ်၊ ဇွန်လ (၂၁) ရက်နေ့တွင် ရခိုင်ပြည်ရှိ အစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲ ဖြစ်ပွါးနေသော မြို့နယ်(၈)ခု အပါအဝင် ပလက်ဝမြို့နယ်အား အစိုးရမှ အင်တာနက်ဖြတ်တောက် ခဲ့ပြီး (၀၂.၀၅.၂၀) ရက်နေ့တွင် စစ်ရေးအရ သက်ရောက်မှုနည်းပါးသည့် မောင်တောမြို့နယ်တွင် အင်တာနက်ပြန်ဖွင့်ပေးခဲ့သည်။[DMG] [RFA] [The Ladies News] [BBC][VOA]

(၂) ရခိုင်ပြည်တွင် အင်တာနက်လိုင်း ပြန်မဖွင့်ပေးသော်လည်း မိုဘိုင်းဖုန်းများမှတဆင့် ကိုရိုနာဗိုင်းရပ်စ် ပညာပေးအစီအစဉ်များ ကြည့်ရှုနားဆင်နိုင်စေရန် အစိုးရမှဖြန့်ဝေပေးနေသည့်အတွက် စစ်ဘေး ရှောင် များသည် COVID-19 ပညာပေးအစီအစဉ်အား သိရှိနားလည်ကြောင်း (၀၁.၀၅.၂၀) ရက်နေ့တွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဌေးမှပြောသည်။[RFA] [DMG]

(၃) (၁၉.၀၅.၂၀) ရက်နေ့၊ (၁၄) နာရီတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ စူပါ ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်သည် ပုသိမ်မြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် (၄၅၀) မိုင် ခန့်နှင့် ဝမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် (၄၅၀) မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေကြောင်း ထုတ်ပြန်ချက်ကြောင့် ရခိုင်ပြည်အတွင်း ခရီးရှည်ပြီး ပင်လယ်ပြင်အဝများသို့ ဖြတ်သန်းပြေးဆွဲပေးနေသည့် အမြန်ရေယာဉ် လိုင်းများအား ယာယီရပ်နားထားပြီး ရာသီဥတု အခြေအနေပေါ်မူတည်ပြီး ပြန်လည် ပြေးဆွဲသွားမည် ဖြစ်ကြောင်း ရေယာဉ်တာဝန် ရှိသူများမှ ပြောသည်။ [DMG]

(၄) အမ်ဖန်ဆိုင်ကလုန်းမုန်တိုင်းအရှိန်ဖြင့် လေပြင်းတိုက်ခတ်မှုများကြောင့် ရသေ့တောင်မြို့နယ်၊ ညောင်ပင်လှ ကျေးရွာအနီးရှိ လျှပ်စစ်ကြိုးများ ပြတ်တောက်သွားခဲ့ပြီး (၂၂.၀၅.၂၀) ရက်နေ့မှစ၍ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့တွင် လျှပ်စစ်မီးများ ပြတ်တောက်နေကြောင်း မောင်တောခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးဟိန်းမိုးထက်မှပြောသည်။ [DMG]

(၅) အမ်းမြို့နယ်နှင့် ပုဏ္ဏားကျွန်းမြို့နယ်ကြားရှိ အမှတ် (၄၄၆)နှင့် (၄၄၇) ကြား၌ရှိသည့် ဓါတ်အားလိုင်း တာဝါတိုင်အား လက်နက်ကြီး ကျည်ဆန်ထိမှန်ပျက်စီးခဲ့သဖြင့် (၃၁.၀၅.၂၀) ရက်နေ့တွင် ပြုပြင် မည်ဖြစ်သောကြောင့် ပြည်တွင်းရှိခရိုင် (၃) ခုတွင် (၇) နာရီမှ (၁၂) နာရီအထိ လျှပ်စစ်မီး ယာယီပြတ်တောက် မည်ဖြစ်ကြောင်း စစ်တွေခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်မိုးမှ ပြောသည်။ [Narinjara]

## ၂.၃.၅. စီးပွါးရေး

(၁) ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကြောင့် ရခိုင်ပြည်၊ စစ်တွေမြို့မဈေးကြီးထဲမှ ပုံကျ ဈေးသည်များ အား ဈေးပြင်ဘက် ဖောင်တော်ကြီး အနီးရှိ BXTတိုးချဲ့ မြေဖို့နေရာသို့ စည်ပင်မှ ပြောင်းရွှေ့ လိုက်သော်လည်း အမိုးအကာများ မရှိသဖြင့် နေပူပြင်ထဲတွင် ရောင်းချနေရ၍ အမိုးအကာများ အမြန်စီစဥ်ပေးရန် လိုအပ်ကြောင်း ပုံကျဈေးသည်များမှ ပြောသည်။ [Narinjara]

(၂) ယခင်နှစ်တွင် ရခိုင်ပြည်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို (၁၅.၀၄.၂၀) ရက်နေ့နောက်ဆုံးထား ဆပ်ကြရသော်လည်း ယခုနှစ်တွင် COVID-19 ရောဂါကြောင့် ပြန်ဆပ်မည့်ရက်အား (၃၁.၀၅.၂၀) ရက်နေ့အထိ ရွှေ့ဆိုင်းပေးထားကြောင်းနှင့် ချေးငွေအား လယ်(၁) ဧကလျှင် ငွေကျပ်(၁၅၀၀၀၀) နှုန်းဖြင့် အစိုးရမှ ထုတ်ချေး ပေးထားပြီး သတ်မှတ်ရက်အတွင်း ပြန်မဆပ်နိုင်ပါက ငွေကျပ် (၁၀၀) လျှင် (၁) ကျပ်နှုန်းထားဖြင့် ဒဏ်တိုး ပေးဆောင်ရမည်ဖြစ်ကြောင်း မာန်အောင်မြို့နယ် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးပြုံးနိုင်မှပြောသည်။[DMG]

(၃) Covid-19 ကပ်ရောဂါကြောင့် ရခိုင်ပြည်မှထွက်သည့် ငါး၊ ပုစွန်များအား ရန်ကုန်သို့ တင်ပို့ ရောင်းချရန် ငါး၊ ပုစွန်လုပ်ငန်းရှင်များအနေဖြင့် အခက်အခဲများ ဖြစ်ပေါ်နေရကြောင်း ကျောက်ဖြူ ခရိုင် ငါးလုပ်ငန်း ဦးစီးဌာနမှ လက်ထောက်ဦးစီး ဒေါ်ခင်ခင်ကြည်မှပြောသည်။
သင်္ဘောနှင့် ကားများမထွက်သည့်အတွက် ငါးများအား ရန်ကုန်သို့ မတင်ပို့နိုင်ဖြစ်နေပြီး လေယာဉ် မထွက်သည့်အတွက် ကျောက်ပုဇွန်၊ ကင်း ပုဇွန်များလည်း မတင်ပို့နိုင်ကြောင်းပြောသည်။ [DMG]

## ၂.၃.၆. ယဉ်ကျေးမှု

(၁) ရေးဟောင်းအမွေအနှစ်များတည်ရှိသည့် မြောက်ဦးဒေသအား ကမ္ဘာ့အမွေအနှစ် (ယူနက်စကို) စာရင်းဝင်နိုင်ရေးအတွက် ဆောင်ရွက်ရာတွင် လက်ရှိဖြစ်ပွားနေသည့် COVID-19 ကပ်ရောဂါကြောင့် မြောက်ဦးမြို့နှင့် သက်ဆိုင်သည့် အချက်အလက်များအား ကွင်းဆင်းစစ်ဆေးရန် ကမ္ဘာ့ရှေးဟောင်း ယဉ်ကျေးမှုအဖွဲ့မှ လာရောက်ခြင်း မရှိသေးသောကြောင့် ယူနက်စကိုလုပ်ငန်းများ နှောင့်နှေးမှု ရှိနိုင်ကြောင်း မြောက်ဦး ယဉ်ကျေးမှု ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သန်းမှ ပြောသည်။
ယူနက်စကို ဝင်ရောက်နိုင်ရေးအတွက် အကြောင်းရာအမျိုးအစား (၂၅) ခုပါဝင်သည့် အပြီးသတ် အဆိုပြုလွှာအား (၂၇.၀၁.၂၀) ရက်နေ့တွင်တင်ပြီးနောက် စစ်ပွဲနှင့် COVID-19 ကပ်ရောဂါကြောင့် စီမံခန့်ခွဲမှု အစီစဉ်များရပ်တန့်နေပြီး ယူနက်စကို ဝင်၊ မဝင်ကိုမူ လာမည့် ၂၀၂၁ ခုနှစ်တွင် ဆုံးဖြတ်မည်ဖြစ်သည်။ [DMG]

## ၃။ တွေ့ရှိချက်များ

## ၃.၁. နိုင်ငံရေးဆိုင်ရာ တွေ့ရှိချက်များ

(၁) ရခိုင်ပြည်တောင်ပိုင်းတွင် ULA/AA လှုပ်ရှားမှု တိုးလာသလို၊ မြန်မာအစိုးရ စစ်တပ်မှလည်း မတရားသင်းဆက်သွယ်မှု ဥပဒေ၊ အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေများဖြင့် ဖမ်းဆီး စစ်ဆေးမှုများ တိုးလာသည်။ ဖမ်းဆီးခံရသူအချို့မှာ ANP မှ အထင်ကရ နယ်မြေခေါင်းဆောင်များ ဖြစ်ကြသည်။ NLD ပါတီ အနေဖြင့် (၂၀၂၀) ရွေးကောက်ပွဲတွင် ရခိုင်ပြည်တောင်ပိုင်း၌ မဲအနိုင်ရရေးအတွက် အစိုးရစစ်တပ်နှင့် ပူးပေါင်း၍ ရခိုင်အမျိုးသားရေး အင်အားစုများကို ULA/AA နှင့် ဆက်စပ်သည်ဟု စွပ်စွဲ၍ ဖမ်းဆီးခိုင်းနေသည်ဟုလည်း ပြောဆိုရေးသားချက်များ ထွက်ပေါ်လာသည်။ ULA/AA ဖက်မှလည်း တောင်ကုတ်မြို့နယ်၊ ကျောက်ကိုင်းကျေးရွာမှ NLD ပါတီ၏ ပြည်နယ်အလုပ်အမှုဆောင် ဦးဝင်းလှိုင်အား ULA/AA မှ ရဲအယောင်ဆောင်၍ ဖမ်းဆီးရန်ကြိုးပမ်းခဲ့ကြောင်း မြန်မာအစိုးရစစ်တပ်မှ သတင်းထုတ် ပြန်သည်။

(၂) ANP ပါတီ ဥက္ကဋ္ဌနှင့် အမ်းမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဖြစ်သူ ဒေါက်တာအေးမောင်အား ရွေးကောက်ပွဲ ဥပဒေပုဒ်မ (၁၁)၊ ပုဒ်မခွဲ (ဃ) ဖြင့်

ငြိစွမ်းသည်ဟုဆိုကာ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ပြီး လာမည် ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိတော့ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ကြေငြာသည်ကို နိုင်ငံရေးအယူအဆ မတူညီမှု များအား ဖိနှိပ်ခြင်းဖြစ်ကြောင်း ANP ပါတီ ဒု-ဥက္ကဋ္ဌ ဒေါ်အေးနုစိန်မှပြောပြီး နိုင်ငံရေးလေ့လာသုံးသပ်သူ ဒေါက်တာ ရန်မျိုးသိမ်းမှလည်း ပြန်လည်ဆန်းစစ် သုံးသပ်သင့်ကြောင်း ပြောသည်။

(၃) ULA/AA သည် အကြမ်းဖက် အဖွဲ့သာဖြစ်၍ EAO များနှင့် အဆင့်တူ မသတ်မှတ်နိုင်ကြောင်း၊ အကြမ်းဖက်အဖွဲ့နှင့် ညှိနှိုင်းရန်မရှိကြောင်း၊ ULA/AA အား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ကူညီဆောင်ရွက် သူမှန်သမျှသည် အကြမ်းဖက်ဥပဒေနှင့် ငြိစွန်းကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်း များရှိသည့်နေရာမှအပ ကျန်နေရာများတွင် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲထားကြောင်း တပ်မတော်မှ ထုတ်ပြန်သည်။ အပစ်ရပ်သည့်အထဲတွင် ULA/AAရှိ သည့်နေရာ များအား ချန်လှပ်ထားခြင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း၊ PCG မှ ဦးလမိုင်ခွန်ဂျာ၊ နိုင်ငံရေးသုံးသပ်သူ ဦးမောင်မောင်စိုးတို့မှ ဝေဖန်ကန့်ကွက် သည်။ ULA/AA မှလည်း ရခိုင်ပြည်ရှိ မြန်မာအစိုးရယန္တရားနှင့် လက်နက်ကိုင်အဖွဲ့ များအား လူထုနှင့်လက်တွဲ၍ မောင်းထုတ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

(၄) နိုင်ငံတကာရှိ မူးယစ်ဆေးဝါး ကျွမ်းကျင်သူများမှ မြန်မာနိုင်ငံရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများနှင့် မကင်းကြောင်း သုံးသပ်ထားသည်များရှိပြီး Jane's Defense Weekly မှ ထုတ်ဝေ သည့် စာတမ်းတွင် ULA/AA သည် ကောင်းခါး ပြည်သူ့စစ်ထုတ် မူးယစ်ဆေးဝါး များအား ရခိုင်ပြည်မှတဆင့် နိုင်ငံခြားသို့တင်ပို့နေကြောင်း ဖော်ပြထားသည်ကို ကာယကံရှင် အဖွဲ့အစည်းမှ ကြေငြာချက်ထုတ်ပြန် ငြင်းဆိုခဲ့သည်။

(၅) UWSA ဌာနချုပ်တွင် ULA/AA ဌာနချုပ်အား အခြေစိုက်ထားခြင်း မရှိကြောင်း UWSA မှ လားရှိုးဆက်ဆံရေး တာဝန်ခံ ဦးညီရန်းမှပြောသည်။

(၆) မဏိပူရပြည်နယ်နှင့် အာသံပြည်နယ်မှ အိန္ဒိယဗဟိုအစိုးရအား ဆန့်ကျင်သူ (၂၂) ဦးကို မြန်မာနိုင်ငံမှ လွှဲပြောင်းပေးခဲ့သည်။ ထိုသို့လွှဲပြောင်းပေးခြင်းမှာ သံတမန် ရေးအရ ကြိုးပမ်းမှု၏ ရလဒ်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ အမည်မဖော် လိုသူ (၁) ဦးပြောသည်။

(၇) ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် ယန်ဟီးလီး၏ (၂၉.၀၄.၂၀) ရက်နေ့ ထုတ်ပြန်ချက်တွင် ဖော်ပြထားချက်များသည် တဖက်သတ် ရေးသားချက် ဖြစ်ကြောင်း ဦးဇော်ဌေးမှ ငြင်းဆိုသည်။ Covid-19 ကပ်ရောဂါနှင့် ရင်ဆိုင်နေရ

ချိန်တွင် ရခိုင်ပြည်တွင်း၌ စစ်ပွဲပြင်းထန်ကာ လူ့အခွင့်အရေး ချိုးဖောက်မှုများ ပိုများနေသည့်အတွက် တနိုင်ငံလုံးအပစ်ရပ်ရန်၊ အင်တာနက်လိုင်းများ ပြန်ဖွင့်ပေးရန်၊ သတင်းဇောက်များအား တရားစွဲခြင်းရပ်ရန်၊ လူတိုင်းတန်းတူ ကျန်းမာရေး စစ်ဆေးခွင့်ရရှိရန်နှင့် လူသားချင်းစာနာမှု အကူအညီများအား အချိန်မီရအောင် ဆောင်ရွက်ပေးရန် သံတမန်ရေးအရ ဖိအားပေးမည့်အကြောင်းကို အမေရိကန် အခြေစိုက် အဖွဲ့ (၆၄) ဖွဲ့မှ နိုင်ငံခြားရေးဝန်ကြီးသို့ စာရေးတောင်းဆိုထားသည်။ Covid-19 ကပ်ရောဂါနှင့် ရင်ဆိုင်နေရချိန်တွင် ရခိုင်ပြည်တွင်း၌ လက်နက်ကိုင် ပဋိပက္ခအရှိန်မြင့်နေခြင်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် တံခါးပိတ် ဆွေးနွေးခဲ့ကြပြီး ဗြိတိန်နှင့် အီးယူအဖွဲ့ဝင်နိုင်ငံများက ရှုတ်ချ၍ တနိုင်ငံလုံး လွှမ်းခြုံသည့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကို ချက်ချင်း အကောင် အထည်ဖော်ရန် တောင်းဆိုခဲ့ကြသည်။ သို့ရာတွင် လုံခြုံရေးကောင်စီမှ ဆုံးဖြတ်ချက် (သို့) ကြေညာချက် ထုတ်ပြန်ရန် သဘောတူညီမှု မရရှိခဲ့ပေ။

(၈) ရိုဟင်ဂျာများအား လူမျိုးတုန်းသတ်ဖြတ်မှုအတွက် ICJ ၌ ဂမ်ဘီယာနိုင်ငံမှ စွဲချက်တင်ထားသည့်အမှုအတွက် မြန်မာနိုင်ငံမှ ပထမအကြိမ် အစီရင်ခံစာ တင်သွင်းထားသည်။

## ၃.၂. စစ်ရေးဆိုင်ရာ တွေ့ရှိချက်များ

(၁) စစ်ဘေးရှောင်များအား ကူညီကယ်ဆယ်ရေးနှင့် Covid-19 ကာကွယ်ရေးအတွက် ဆောင်ရွက်နေကြသော နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သည့် WHO နှင့် WFP ယာဉ်တန်းများအား ပစ်ခတ်တိုက်ခိုက်ခံရခြင်း၊ ထိုသို့တိုက်ခိုက်ခြင်းအတွက် နှစ်ဖက်လက်နက်ကိုင် တပ်ဖွဲ့များမှ တာဝန်မဲ့ကြောင်း ငြင်းဆိုခြင်းနှင့် အပြန်အလှန် စွပ်စွဲခြင်းများကိုတွေ့ရသည်။

(၂) မြောက်ဦးမြို့နယ် လက္ကာကျေးရွာနှင့် ပလက်ဝမြို့နယ် မီးလက်ဝ (အောက်) ရွာအား မီးရှို့သည့်အမှုနှင့်လည်း နှစ်ဖက် အပြန်အလှန် စွပ်စွဲလျက်ရှိပြီး ဘက်မလိုက်သော စုံစမ်းစစ်ဆေးမှု ပြုလုပ်ပေးရန် Human Rights Watch နှင့် Amnesty International တို့မှ တောင်းဆိုထားသည်။

(၃) မြန်မာအစိုးရစစ်တပ်မှ ပလက်ဝ၊ မင်းပြား၊ မြေပုံနှင့် မြောက်ဦးမြို့နယ်၊ ရသေ့တောင်မြို့နယ်များတွင် ULA/AA ခိုအောင်း နေနိုင်သည်ဟု ယူဆရသော နေရာများ၊ ခြေကုတ်စခန်းများကို (၂၆) ကြိမ်ခန့် တိုက်ခိုက်ခဲ့ပြီး၊ ထိုတိုက်ပွဲများတွင် လေကြောင်းမှ (၇) ကြိမ် ဗုံးကြဲ ပစ်ခတ်ခဲ့သည်။

(၄) ULA/AA မှ ရသေ့တောင်မြို့နယ် ဒုံးပိုက်ကျေးရွာအနီးရှိ ဈေးဆိုင် (၁) ဆိုင်တွင် နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင် (၃) ဦးအား ပစ်ခတ်ခြင်း၊ ကျောက်တော်မြို့နယ် ကစ္ဆပနဒီ တံတားအနောက်ဖက် မီတာ (၃၀၀) ခန့်တွင် မြန်မာအစိုးရ စစ်ကြောင်းအား အဝေးထိန်းမိုင်း (၂) လုံးဖြင့် တိုက်ခိုက်ခြင်း၊ ရသေ့တောင်မြို့နယ်၊ သဇင်မြိုင် ပင်မရဲကင်းစခန်းအား တိုက်ခိုက်ခြင်း၊ မြောက်ဦးမြို့နယ်၊ တိမ်ညိုကျေးရွာမှ လက္ကားကျေးရွာသို့ သွားရာလမ်းကြောင်းတွင် မြန်မာအစိုးရစစ်ကြောင်းအား ပစ်ခတ်တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သည်။ အမ်းမြို့နယ်၊ ကဇူးကိုင်း ကျေးရွာအနီး တွင်မိုင်းထောင်ရန်ကြိုးပမ်းနေစဉ် ULA/AA အဖွဲ့ဝင် (၁) ဦးအား မြန်မာအစိုးရ စစ်ကြောင်းမှ ပစ်ခတ်၍ အသေဖမ်းဆီးခံရခြင်းများ ရှိခဲ့သည်။

(၅) ရှမ်းပြည်၊ ရခိုင်ပြည်နှင့် ပလက်ဝမြို့နယ်များသို့ စစ်ဆင်ရေး အထောက်အကူပြု ပစ္စည်းများ ပို့ဆောင်ရန် မြန်မာအစိုးရစစ်တပ်မှ ပြည်ထောင်စုလွှတ်တော်အတွင်း ကျပ်သန်းပေါင်း (၁၈၀၀၀၀) ကျော် တောင်းခံရရှိခဲ့သည်။

(၆) ARSA မှ နယ်ခြားမှတ်တိုင် ဘီပီ (၄၁) အနီးတွင် နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင် များအား ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ မောင်တောမြို့နယ်၊ ခမောင်းဆိပ်ကျေးရွာ အနောက်ဖက် မီတာ (၂၅၀၀) နှင့် မီတာ (၃၀၀၀) ကြားတွင် ARSA မှ သိုဝှက်ထားသော WFP တံဆိပ်ပါ ရိက္ခာများ၊ UNHCR မှ ထုတ်ပေးထားသော ကတ်ပြား (၁) ခုကို တွေ့ရကြောင်း ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ သတင်းထုတ် ပြန်သည်။

## ၃.၃. လူ့အခွင့်အရေးဆိုင်ရာ တွေ့ရှိချက်များ

(၁) မိုင်းပေါက်ကွဲခြင်းမှာ ကျောက်ဖြူမြို့နယ်၊ ရေနံဒိုန်ကျေးရွာတွင် (၁) ကြိမ်၊ ကျောက်တော်မြို့နယ်၊ ညောင်ချောင်းရွာအဝင် ဘုန်းကြီးကျောင်းအနီးတွင် (၁) ကြိမ်၊ ရသေ့တောင်မြို့နယ်၊ အမျက်တောင် ကျေးရွာတွင် (၁) ကြိမ်၊ ဘူးသီး တောင်မြို့နယ်၊ သရက်ပြင် (ရခိုင်) ရွာတွင် (၁) ကြိမ် မင်းပြားမြို့နယ်၊ ရွှေကျွန်း (ရွှေကျင်) ကျေးရွာ၏ အရှေ့တောင်ဖက် ဆပ်ပြာ (စပ်ပြာ) တောင်တန်းတွင် (၂) ကြိမ်၊ ပလက်ဝမြို့နယ်၊ ရိက္ခာရပ်ကွက်တွင် (၁) ကြိမ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ကံသစ်ကျေးရွာ၊ မင်းမတောင်တန်းတွင် (၂) ကြိမ်၊ စုစုပေါင်း (၉) ကြိမ် ဖြစ်ပွါးခဲ့သည်။ မိုင်းပေါက်ကွဲခြင်းကြောင့် အရပ်သားပြည်သူ (၄) ဦး သေဆုံးပြီး၊ (၆) ဦး ဒဏ်ရာရရှိခဲ့သည်။

(၂) တိုက်ပွဲဖြစ်ပွါးခြင်းမရှိဘဲ ပလက်ဝမြို့နယ်၊ ပလုပ်တောင်ရပ်ကွက်အတွင်းသို့ (၁) ကြိမ်၊ ပလက်ဝမြို့နယ်၊ ရိက္ခာရပ်ကွက်တွင်းသို့ (၁) ကြိမ်၊ ပုဏ္ဏားကျွန်းမြို့နယ်

ကြာညိုကန်ကျေးရွာအတွင်းသို့ (၁) ကြိမ်၊ မင်းပြားမြို့နယ်၊ အမ်းသားရွာအတွင်းသို့ (၁) ကြိမ် မြန်မာအစိုးရစစ်တပ်မှ လက်နက်ကြီးဖြင့် အကြောင်းမဲ့ ပစ်ခတ်ခဲ့သည်။ စစ်ဘေးရှောင်စခန်းအပါအဝင် ကျေးရွာများသို့ မြန်မာအစိုးရစစ်တပ်မှ ဝင်ရောက်ဖမ်းဆီးခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းများ ရှိနေဆဲဖြစ်သည်။

(၃) ၂၀၂၀ ခုနှစ်၊ မေလအတွင်း ULA/AA မှ ဖမ်းဆီးခံရသူ (၁၀) ဦး၊ ပြန်လွှတ်ပေးသူ (၉) ဦး၊ ဆက်လက်ထိန်းသိမ်းထားသူ (၁) ဦးရှိသည်။

(၄) ၂၀၂၀ ခုနှစ်၊ မေလအတွင်း မြန်မာအစိုးရ လက်နက်ကိုင်တပ်ဖွဲ့များမှ ဖမ်းဆီးခံရသူ (၇၄) ဦး၊ ပြန်လွှတ်ပေးသူ (၄၃) ဦး၊ ဆက်လက်ထိန်းသိမ်းထားသူ (၃၁) ဦး၊ ပစ်ခတ်မှုကြောင့် ဒဏ်ရာရသူ (၁၃) ဦး၊ သတ်ဖြတ်ခံရသူ (၁) ဦး ရှိသည်။

(၅) ၂၀၂၀ ခုနှစ်၊ မေလအတွင်း နှစ်ဖက်ပစ်ခတ်မှုကြောင့် ဒဏ်ရာရသူ (၁) ဦး၊ သေဆုံးသူ (၁) ဦး ရှိသည်။

(၆) ၂၀၂၀ ခုနှစ်၊ မေလအတွင်း မြန်မာအစိုးရစစ်တပ်မှ ပစ္စည်းဥစ္စာ သိမ်းဆည်းခံရသူ (၅) ဦး၊ မီးရှို့ခံရသည့် ကျေးရွာ (၃) ရွာ၊ မီးလောင်သည့် အိမ်ခြေ (၂၅၀) ကျော် ရှိသည်။

(၇) ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် ယန်ဟီးလီး၏ (၂၉.၀၄.၂၀) ရက်နေ့ ထုတ်ပြန်ချက်အား ငြင်းဆိုရာတွင် မြန်မာအစိုးရတပ်မတော်မှ အကြမ်းဖက် နှိမ်နင်းရေးလုပ်သည့် အချိန်တွင် မလွှဲမရှောင်သာ အရပ်သားများအား ထိခိုက်မှုရှိကြောင်း ဦးဇော်ထွေးမှ ဝန်ခံထားသည်။

(၈) ULA/AA နှင့် ဆက်စပ်သည်ဟု သံသယဖြင့် ကျောက်ဆိပ်ကျေးရွာမှ ဖမ်းဆီးထားသည့် အရပ်သား (၅) ဦးအား ပုဏ္ဏားကျွန်းမှုစစ်တွေသို့ ပို့ဆောင်စဉ် ဥပဒေမဲ့ ညှင်းပန်းနှိပ်စက်သူများအား တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ဗိုလ်မှူးချုပ် ဇော်မင်းထွန်းမှပြောသည်။

(၉) သတင်းရယူခွင့်နှင့် ပတ်သက်၍ အကြမ်းဖက်ဥပဒေကို သတင်းသမားများ သတိထားရမည်ဟု ဦးဇော်ထွေးမှပြောသည်။ ရခိုင်ပြည်တွင် အင်တာနက် ဖြတ်တောက်ထားမှု၊ နိုင်ငံတဝှမ်းတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ဆုံးရှုံးနေမှုနှင့် ပြည်တွင်းစစ်အကြောင်း ရေးသားသော သတင်းသမားများအား အကြမ်းဖက် တိုက်ဖျက်ရေး ဥပဒေ၊ ရာဇဝတ်မှုပုဒ်မများဖြင့် တရားစွဲဆိုနေခြင်းများအား အမြန်ဆုံးဖြေရှင်းပေးရန် သတင်းသမား (၁၈၀) မှ နိုင်ငံတော်သမ္မတထံသို့ အိပ်ဖွင့်ပေးစာ တစောင်ပေးပို့ခဲ့သည်။ NLD အစိုးရသက်တမ်း (၄) နှစ်တာ ကာလအတွင်း ရခိုင်ပြည်သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အချိုးဖောက်ခံရဆုံး

ဖြစ်ကြောင်း အသံအဖွဲ့မှပြောသည်။ မောင်တောတွင် အင်တာနက်ပြန်ဖွင့် ပေးခဲ့သော်လည်း ပလက်ဝတွင် ဖြတ်တောက်ထားဆဲဖြစ်သည်။

(၁၀) တိုက်ပွဲနှင့် မသက်ဆိုင်သည့် ဒဏ်ရာရအရပ်သားများအား သယ်ယူရန် ပုံစံဖြည့်၍ ပြည်နယ်ညွှန်မှူးနှင့် နယ်/လုံ ဝန်ကြီးတို့မှတဆင့် တိုင်းအထိတင်ပြ၍ အကြောင်းပြန်မှသာ သယ်ယူရမည်ဖြစ်ကြောင်း နယ်/လုံ ဝန်ကြီးမှပြောသည်။

(၁၁) ULA/AA နှင့် မြန်မာအစိုးရစစ်တပ်တို့အကြား တိုက်ပွဲကာလအတွင်း၌ လူ့အခွင့်အရေး ချိုးဖောက်မှုများအား ပြည်ထောင်စုလွှတ်တော်၌ အရေးကြီးအဆို အဖြစ်တင်ပြခဲ့သော်လည်း ဆွေးနွေးခွင့် မရခဲ့ကြောင်း အမျိုးသားလွှတ်တော် အမတ် ဒေါ်ထုမေမှပြောသည်။ ANP အမတ်တချို့မှ အစိုးရ ထိပ်တန်းခေါင်းဆောင် များအားတိုင်ကြားခဲ့သော်လည်း လျစ်လျူရှုခံရကြောင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဖေသန်းမှ ပြောသည်။

## ၃.၄. စစ်ဘေးရှောင်ဆိုင်ရာ တွေ့ရှိချက်များ

(၁) မြန်မာအစိုးရစစ်တပ်မှ လေကြောင်းမှ ဗုံးကြဲခြင်း၊ လူနေရပ်ကွက်နှင့် ကျေးရွာများသို့ လက်နက်ကြီးဖြင့် အကြောင်းမဲ့ ပစ်ခတ်ခြင်း၊ ဝင်ရောက်ဖမ်းဆီးခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းတို့ကြောင့် ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ၊ ဘူးသီးတောင်၊ ရသေ့တောင်နှင့် ပလက်ဝ မြို့နယ်များတွင် အိမ်ခြေ (၂၅၀) ကျော် မီးလောင်ပျက်စီးပြီး စစ်ဘေးရှောင် အနည်းဆုံး (၅၀၀၀) ကျော် တိုးပွါးခဲ့သည်။ ပုဏ္ဏားကျွန်းမြို့နယ်၊ ဒိုးတန်းရွာဟောင်းရှိ စျေးဆိုင်များကို မြန်မာအစိုးရ စစ်တပ်မှ ဖောက်ထွင်း လုယက်ခဲ့သည်။ အမ်းမြို့နယ်၊ ဂိတ်ချောင်းကျေးရွာနှင့် ရသေ့တောင်မြို့နယ်၊ ကျောက်တန်းကျေးရွာမှ စစ်ဘေးရှောင်များ၏ နေအိမ်များလည်း ဖောက်ထွင်းခံခဲ့ရသည်။

(၂) ရခိုင်ပြည်မြောက်ပိုင်းတွင် အစိုးရခွင့်ပြုချက်မရဘဲ စစ်ဘေးရှောင်စခန်းများ မဆောက်လုပ်ရန် အမိန့်ထုတ်ပြန်လိုက်သဖြင့် ရသေ့တောင်ရှိ စစ်ဘေးရှောင်စခန်းများတွင် ယာယီတဲများ ဆောက်လုပ်ခြင်းကို ရပ်ဆိုင်းထားရသည်။ မင်းပြားမြို့နယ်၊ အမ်းသားနှင့် သေကန်ကျေးရွာများတွင် စစ်ဘေးရှောင် (၁၆၀၀) ကျော် နေထိုင်ရေး အခက်အခဲရှိနေသည်။ မြေပုံမြို့နယ်၊ စညင်း စစ်ဘေးရှောင် စခန်းတွင် မိုးသက်၊ လေပြင်းဒဏ်ကြောင့် ရွက်ဖျင်တဲ (၆) လုံး ပျက်စီးခဲ့ပြီး လိုအပ်သည့် အဆောင်တဲများ ဆောက်လုပ်ရန်လည်း ငွေကြေး အခက်အခဲရှိနေသည်။ မြေပုံမြို့နယ် ကိုင်းကြီးစစ်ဘေးရှောင်စခန်းတွင် လေပြင်းတိုက်ခတ်မှုကြောင့် တဲ

အဆောင်များပျက်စီးသွား၍ စစ်ဘေးရှောင်များ မိုးရေထဲတွင် နေကြရသည်။ စာသင်ကျောင်းများတွင် ဖွင့်လှစ်ထားသော ကျောက်တော်မြို့ရှိ စစ်ဘေးရှောင် စခန်း (၇) ခုနှင့် မြေပုံမြို့နယ်ရှိ စစ်ဘေးရှောင်စခန်း (၂) ခုအား ရွှေ့ပြောင်းပေးရန် ပြည်နယ်အစိုးရက ညွှန်ကြားထားကြောင်းသိရသည်။

(၃) ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံနှင့် ဘူးသီးတောင်မြို့နယ်များရှိ စစ်ဘေးရှောင်စခန်းများတွင် အစိုးရအထောက်အပံ့ကို လစဉ်ပုံမှန် မရသည့်အတွက် စား၊ ဝတ်၊ နေရေး၊ သောက်သုံးရေရရှိရေးနှင့် ဆေးဝါးကုသရေး အခက်အခဲများ ကြုံတွေ့နေရသည်။ ဘူးသီးတောင်မြို့နယ်။ မြောင်းနား စစ်ဘေး ရှောင်စခန်း၌ သောက်သုံးရေအခက်အခဲကြောင့် ကျွဲ၊ နွားများ သောက်သုံး သည့်ကန်မှ ရေကိုသောက်ရသဖြင့် ဝမ်းရောဂါဖြစ်ပွါးမှုများရှိသည်။ မြောက်ဦး၊ ကျောက်တော်နှင့် မင်းပြား၊ မြို့နယ်ရှိ စစ်ဘေးရှောင် စခန်းများတွင် ဒေါက်တာစောမြအောင် ဖောင်ဒေးရှင်းမှ ရေကန် (၇) ကန် လှူဒါန်းခဲ့သည်။

(၄) မြောက်ဦးမြို့နယ်မြောက်ပိုင်းရှိ စခန်းများမှ ရိက္ခာပြတ်လတ်တော့မည့် အကြောင်း ကို လူ/ကယ်/ပြန် ဌာနသို့ အကြောင်းကြားထားသော်လည်း တုံ့ပြန်မှုမရခဲ့ပေ။ တချို့စခန်းများမှာ အစိုးရမှ တရားဝင်အသိအမှတ် ပြုထားခြင်းမဟုတ်၍ အကူ အညီ မရခြင်းဖြစ်သည်။ အမ်းမြို့နယ် စည်းစစ်ဘေးရှောင်စခန်းသို့ ICRC နှင့် WFP မှ ရိက္ခာထောက်ပံ့ရန် ပြည်နယ်အစိုးရထံ စာတင်ရာ စစ်ဘေးရှောင် စုရပ် မဟုတ်ဆိုသည့် အကြောင်းပြချက်ဖြင့် တားမြစ်ထားသည်။

(၅) စစ်ဘေးရှောင်စခန်းများသို့ ရိက္ခာပို့ဆောင်ရာတွင် ထွေ/အုပ် အဆင့်ဆင့်နှင့် နယ်/လုံဝန်ကြီး၏ ထောက်ခံချက်ပါမှသာ သွားလာခွင့်ပြုသည်။ ကျောက်တော် မြို့နယ်၊ ညောင်ချောင်း စစ်ဘေးရှောင်စခန်းသို့ WFP မှ ရိက္ခာလာပို့ရာ (၅၃၉) တပ်ရင်းမှ ခွင့်မပြုသောကြောင့် စစ်တွေသို့ ပြန်သွားရသည်။ ထိုသို့ တားဆီး ရခြင်းမှာ ULA/AA အဖွဲ့မှ စစ်ဘေးရှောင် အယောင်ဆောင်၍ ရိက္ခာများကို ထုတ်ယူ နေကြခြင်းကြောင့်ဟု မြန်မာအစိုးရစစ်တပ်မှ စွပ်စွဲသည်။ မြေပုံမြို့နယ်၊ ကိုင်းကြီး စစ်ဘေးရှောင် စခန်းအား ULA/AA နှင့် အဆက်အသွယ်ရှိသည်ဟု ယူဆ၍ စစ်တပ်မှ ရိက္ခာသယ်ယူခွင့် ပိတ်ပင်ထားသည်။

(၆) ပလက်ဝမြို့နယ်တွင်မူ ဒေသခံနှင့် စစ်ဘေးရှောင်များအတွက် WFP မှ ရိက္ခာများ ကို ကုန်းလမ်းမှအဆင်မပြေလျှင် ရေလမ်းမှ ပို့မည်ဟု ဦးဇော်ဌေးမှပြောသည်။ ပလက်မြို့နယ်မှ အိမ်ထောင်စု (၁၆၀၀) ကျော်၊ စစ်ဘေးဒုက္ခသည် (၉၀၀၀) ကျော်အတွက် မိုးမကျမီ နေစရာဆောက်လုပ်နိုင်ရန် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရ ပူးပေါင်း၍ ကျပ်သိန်း (၁၂၀၀) ကူညီမည်ဟု သိရသည်။ ပလက်ဝနှင့် စမီးမှ အိမ်ခြေ (၁၈၃၀)၊ လူဦးရေ (၈၀၅၁) အတွက် ရိက္ခာ ပို့ပေး

နိုင်ပြီဖြစ်သော်လည်း ပလက်ဝမြို့အနီးရှိ ကျေးရွာများတွင် လူဦးရေ (၂၀၀၀၀) ရှိကွာပြတ်လပ်နေကြောင်း RRCCI မှ ထုတ်ပြန်သည်။

(၇) ကျန်းမာရေးမြှင့်တင်ပြီး ရောဂါဘေးတားဆီးရန်အတွက် ပုဏ္ဏားကျွန်းမြို့နယ်၊ ရေဖြူကန် စစ်ဘေးရှောင်စခန်းနှင့် ကျောက်တော်မြို့နယ်၊ နေပူခံ စစ်ဘေးရှောင်စခန်းများသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ငွေကျပ် သိန်း (၁၀၀၀၀) တန်ဖိုးရှိ ကျန်းမာရေးနှင့် သက်ဆိုင်သည့်ပစ္စည်းများ၊ အသုံးအဆောင်များ လှူဒါန်းခဲ့သည်။ စစ်တွေ၊ ကျောက်ဖြူ၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ ရသေ့တောင်နှင့် မောင်တော မြို့နယ်များရှိ ဆေးရုံများနှင့် အလိုတော်ပြည့်ကျောင်းများ၌ ခိုလှုံနေသော စစ်ဘေးရှောင်များအား Covid-19 ကာကွယ်ရေးအတွက် အလိုတော်ပြည့် ဆရာတော်၏ တပည့်ဒကာများမှ သိန်း (၈၀) တန်ဖိုးရှိ ပစ္စည်းများအား လှူဒါန်းသွားမည်ဟု သိရသည်။

(၈) စစ်ဘေးရှောင်စခန်းတွင် အခက်အခဲအမျိုးမျိုးကြောင့် နေရပ်ပြန်လိုကြသော်လည်း ရွာတွင်းသို့ စစ်တပ်မှ ဝင်ရောက်ဖမ်းဆီးမည်၊ ရွာပတ်ဝန်းကျင်တွင် တိုက်ပွဲပြန်လည်ဖြစ်ပွါးမည်ကို စိုးရိမ်နေကြသည်။

## ၃.၅. အထွေထွေ လူမှု-စီးပွါးရေးဆိုင်ရာ တွေ့ရှိချက်များ

(၁) မင်းပြားမြို့နယ်ရှိ ကျေးရွာတချို့တွင် သောက်သုံးရေ ပြတ်လပ်ခြင်း၊ တိုက်ပွဲကြောင့် ရေသယ်ယူရန် အခက်အခဲဖြစ်နေခြင်းများရှိသည်။

(၂) Covid-19 ကာကွယ်ရေးတွင် ပူးပေါင်းဆောင်ရွက်ရန် ULA/AA အား ကချင်ပြည်နယ် အခြေစိုက် ငြိမ်းချမ်းရေး အကျိုးဆောင်အဖွဲ့ (PCG) မှတဆင့် ဖိတ်ခေါ်ခဲ့သော်လည်း မြန်မာအစိုးရစစ်တပ်မှ ထိုးစစ်ဆင်နေသည့်အတွက် ပူးပေါင်းဆောင်ရွက်ရန် အခက်အခဲရှိကြောင်း သက်ဆိုင်ရာအဖွဲ့မှ ပြောသည်။ ရခိုင်ပြည်တွင် သံတွဲမြို့နယ်တွင် မလေးရှားသို့ ခရီးသွားရာဇဝင်ရှိခဲ့သူ အမျိုးသား (၁) ဦး၊ တောင်ကုတ်မြို့နယ်တွင် မလေးရှားမှ ပြန်လာသူ အမျိုးသား (၁) ဦး၊ စုစုပေါင်း (၂) ဦးတွင် Covid-19 ရောဂါပိုး တွေ့ရှိကြောင်း ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသော်လည်း ပလက်ဝအပါအဝင် မြို့နယ် (၈) မြို့နယ်တွင် အင်တာနက်ဖြတ်တောက်ထား၍ သတင်းအချက်အလက်များ မရရှိနိုင်ပေ။ Covid-19 ကာလအတွင်း ရခိုင်ပြည်၌ အင်တာနက် ဖြတ်တောက်မှုနှင့် မလေးရှားမှပြန်လာသူများအား ရန်ကုန်တွင် Quarantine မပြုလုပ်ဘဲ ရခိုင်သို့ တိုက်ရိုက်ကားဖြင့် ပို့ခဲ့သည့်အတွက် ရခိုင်ကျောင်းသား အဖွဲ့အစည်း (၂) ခုမှ ကန့်ကွက်ချက် ထုတ်ပြန်ခဲ့သည်။ (၂၅.၀၅.၂၀) ရက်နေ့

အထိ မိုင်းလားနှင့် မူဆယ်လမ်းကြောင်းဖြင့် ရခိုင်ပြည်သို့ တရုတ်မှ ပြန်လာသူ (၃၅၀၀) ကျော်ရှိကြောင်း ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး ဦးစီးဌာန မှပြောသည်။ ရန်ကုန်၊ ပုသိမ်နှင့် ပဲခူးတိုင်းမှ ရခိုင်ပြည်၊ သံတွဲမြို့နယ်သို့ (၂၁) ရက် Quarantine စောင့်ကြည့်မခံဘဲ ခရီးသွားမှတ်တမ်းများအား လိမ်လည်ဝင်ရောက်နေကြသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့စ်ဘဇားရှိ မြန်မာနိုင်ငံမှ ထွက်ပြေးလာသော မူဆလင် ဒုက္ခသည်စခန်းများထဲတွင် Covid-19 ရောဂါပိုး တွေ့ရှိသူ စုစုပေါင်း (၁၀) ဦး ရှိပြီဖြစ်ကြောင်းသိရသည်။ ရခိုင်ပြည်၊ စစ်တွေမြို့တွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA) မှ သုံးစွဲရန်မသင့်ကြောင်း ထုတ်ပြန်ထားသည့် နှာခေါင်းစည်းများအား အင်တာနက် ဖြတ်တောက် ထားမှုကြောင့် မသိရှိဘဲ ရောင်းချမှုရှိနေသည်။ Covid-19 ကာကွယ်ရေး ပစ္စည်းများအား ကွဲပြားခြားနားမှုနှင့် အမျိုးသားရေး သဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ (CDNH) မှ တောင်ပိုင်းမြို့နယ်များတွင် လှူဒါန်းပြီးဖြစ်သော်လည်း မြောက်ပိုင်းရှိ ပေါက်တော၊ မြေပုံနှင့် ရသေ့တောင်မြို့နယ်များသို့ တိုက်ပွဲကြောင့် သွားလာရခက်ခဲနေသည်။ စာသင်ကျောင်းများ၌ Quaranine ဝင်နေသူများအား (၁၅.၀၆.၂၀) ရက်နေ့ နောက်ဆုံးထား၍ ရွှေ့ပြောင်းပေးရန် ပြည်နယ်အစိုးရမှ ညွှန်ကြားထားသည်။

(၃) အမ်ဖန် ဆိုင်ကလုန်းကြောင့် ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင် လျှပ်စစ်ကြိုးများ ပြတ်တောက်နေသည်။ အမ်းမြို့နယ်နှင့် ပုဏ္ဏားကျွန်း မြို့နယ်ကြားရှိ အမှတ် (၄၄၆)နှင့် (၄၄၇) ကြား၌ရှိသည့် ဓာတ်အားလိုင်း တာဝါတိုင်အား လက်နက်ကြီးကျည်ဆန်ထိမှန်သည်ကို (၃၁.၀၅.၂၀) ရက်နေ့တွင် ပြုပြင်မည်ဖြစ်သောကြောင့် ပြည်နယ်တွင်းရှိ ခရိုင် (၃) ခုတွင် (၇) နာရီမှ (၁၂) လျှပ်စစ်မီး ပြတ်တောက်မည်ဖြစ်သည်။

(၄) ရခိုင်ပြည်၊ စစ်တွေမြို့နယ်ရှိ မြို့မဈေးကြီးမှ ပုံကျဈေးသည်များအား Covid-19 ကာကွယ်ရေးအတွက် ဖောင်တော်ကြီးအနီးရှိ တိုးချဲ့မြေဖို့နေရာတွင် ပြောင်းရွှေ့နေရာချထားရာ အမိုးအကာမရှိ၍ နေပူပြင်ထဲတွင် ရောင်းချနေရသည်။ Covid-19 နှင့် တိုက်ပွဲများကြောင့် မိုးရာသီတွင် စိုက်ပျိုးရေးလုပ်ငန်းများ အချိန်နှင့်တပြေးညီ မလုပ်ဆောင်နိုင်လျှင် စားနပ်ရိက္ခာအခက်အခဲရှိလာနိုင်သည်ဟု မြေပုံမြို့နယ်မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဝင်းမှ ပြောသည်။ Covid-19 ကြောင့် တပိုင်တနိုင် ရေလုပ်ငန်း လုပ်ကိုင်နေသည့် ရေလုပ်သားများ စား၊ ဝတ်၊ နေရေး ကြပ်တည်းပြီး လုပ်ငန်းရှင်ကြီးများအနေဖြင့်လည်း ရန်ကုန်သို့ တင်ပို့ခွင့် မရကြောင်း သိရသည်။

(၅) Covid-19 ကြောင့် မြောက်ဦးဒေသအား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် (UNESCO) တွင် စာရင်းသွင်းနိုင်ရန် ကွင်းဆင်းစစ်ဆေးမည့်အဖွဲ့ မလာရောက်နိုင်သေးကြောင်း သိရသည်။

## ၄။ သုံးသပ်ချက်များ

### ၄.၁. နိုင်ငံရေးဆိုင်ရာ သုံးသပ်ချက်များ

(၁) ရခိုင်ပြည်တောင်ပိုင်းတွင် မြန်မာအစိုးရစစ်တပ်နှင့် NLD အစိုးရ/ပါတီတို့ ပူးပေါင်း၍ ANP ပါတီဝင်များနှင့် အမျိုးသားရေး အင်အားစုများအား ဖမ်းဆီးသည့် သဘော၊ ULA/AA မှ NLD ပါတီဝင်များအား ပြန်လည် လက်စားချေ ဖမ်းဆီးသည့်သဘော ဖြစ်နေသည်။ ULA/AA နှင့် ဆက်စပ်သည်ဟု စွပ်စွဲဖမ်းဆီးမှုများ၌ NLD အစိုးရ/ပါတီ အနေဖြင့် သမာသမတ်ကျကျ ရပ်တည်ခြင်းမရှိပါက ဗမာမဟုတ်သော တိုင်းရင်းသားပြည်သူလူထုမှ NLD ပါတီ/အစိုးရကို အယုံအကြည်ပျက်ပြီး၊ ANP အပါအဝင် အခြား ရခိုင်အမျိုးသားပါတီများနှင့် ရန်ဖက်သဘော ဆောင်လာပြီး ရေရှည်တွင် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး၊ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးကိုပါ ထိခိုက်စေနိုင်သည်။ ရေတိုတွင် နှစ်ဖက် အပြန်အလှန် လက်စားချေ ဖမ်းဆီးမှုများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျယ်ပြန့်လာနိုင်သည်ဟု သုံးသပ်ရသည်။

(၂) ဒေါက်တာအေးမောင်အား လာမည့်ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိတော့ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ကြေငြာခြင်းသည် NLD အစိုးရ/ပါတီအနေဖြင့် ရခိုင်အမျိုးသားရေး အင်အားစုများအား နိုင်ငံရေးအယူအဆ မတူညီ၍ ဖိနှိပ်ခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်သူလူထုအပေါ်တွင် ထားရှိသည့် NLD အစိုးရ/ပါတီနှင့် မြန်မာအစိုးရစစ်တပ်၏ သဘောထားမှာ တထပ်တည်းဖြစ်ကြောင်း ရခိုင်ပြည်သူလူထုကြားတွင် ထင်မြင်ယူဆ စရာဖြစ်လာသည်။ NLD အနေဖြင့် ဒီမိုကရေစီထွန်းကားရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ကြိုးပမ်းနေသော တိုင်းရင်းသားပါတီများနှင့် အလှမ်းဝေးသထက်ဝေးလာနိုင်ပြီး မြန်မာအစိုးရစစ်တပ်၏ နိုင်ငံရေး၊ စစ်ရေးအရ အမြတ်ထုတ်အသုံးချခံအဖြစ်သို့ ရောက်မှန်းမသိ ရောက်သွားနိုင်သည်။ တဖက်တွင်လည်း လွှတ်တော်တွင်းမှ (၂၀၀၈) ဖွဲ့စည်းပုံအား ပြုပြင်ပြောင်းလဲရေးဆိုသည့် ၎င်းတို့၏ ကြိုးပမ်းမှုမှာ အင်အားယုတ်လျော့လာနိုင်သည်။

(၃) ULA/AA သည် ကောင်းခါး ပြည်သူ့စစ်ထုတ် မူးယစ်ဆေးဝါးများအား ရခိုင်ပြည်မှ တဆင့် နိုင်ငံခြားသို့ တင်ပို့နေကြောင်း Jane's Defense Weekly တွင် ဖော်ပြထားသည့်အတွက် နိုင်ငံတကာ မူးယစ်ဆေးဝါး နှိမ်နင်းရေး အဖွဲ့အစည်းများမှ အာရုံစိုက်လာနိုင်ပြီး မြန်မာအစိုးရစစ်တပ်မှလည်း ဤကိစ္စကို နိုင်ငံရေးအရ အမြတ်ထုတ်အသုံးချလာနိုင်သည်။

(၄) UWSA ဌာနချုပ်တွင် ULA/AA ဌာနချုပ်အား အခြေစိုက်ထားခြင်းမရှိကြောင်း UWSA မှ လားရှိုးဆက်ဆံရေး တာဝန်ခံ ဦးညီရန်းမှပြောကြားခြင်းမှာ ULA/AA အား လက်ခံမထားရန် မြန်မာအစိုးရစစ်တပ်မှ ဖိအားပေးခြင်းကြောင့် ဖြစ်နိုင်သည်။

(၅) မဏိပူရပြည်နယ်နှင့် အာသံပြည်နယ်မှ အိန္ဒိယဗဟိုအစိုးရအား ဆန့်ကျင်သူ (၂၂) ဦးကို မြန်မာနိုင်ငံမှ လွှဲပြောင်းပေးခဲ့ခြင်းသည် နှစ်ဖက် လက်နက်ကိုင် ပုန်ကန်သူများအား ပူးပေါင်းနှိမ်နင်းရန် သဘောတူညီချက် ရှိထားခြင်းကြောင့် ဖြစ်နိုင်သည်။ ULA/AA အဖွဲ့ဝင်များအားလည်း အိန္ဒိယအစိုးရမှ ဖမ်းဆီး၍ မြန်မာဖက်သို့ လွှဲပြောင်းပေးခြင်းများရှိလာနိုင်သည်။

(၆) ယန်ဟီးလီး ထုတ်ပြန်ချက်အပေါ်တွင် တဖက်သတ်ပြောဆို ရေးသားချက်ဟု နိုင်ငံတော်သမ္မတရုံးမှ ငြင်းချက်ထုတ်ခြင်း၊ ARSA မှ သိုဝှက်ထားသည့် ပစ္စည်းများတွင် WFP မှ ထောက်ပံ့သည့် ရိက္ခာနှင့် UNHCR မှ ထုတ်ပေးသည့် ကတ်ကို တွေ့ရှိရသည်ဟု မြန်မာအစိုးရစစ်တပ်မှ ထုတ်ပြန်ခြင်းမှာ နိုင်ငံတကာအဖွဲ့အစည်းများသည် မြန်မာနိုင်ငံအရေးတွင် ဖျက်လိုဖျက်ဆီးဖြင့် ဝင်ရောက်စွက်ဖက်နေသည်ဟု စွပ်စွဲလိုသည့် သဘောသက်ရောက်ကြောင်း ယူဆရသည်။

(၇) Covid-19 ကပ်ရောဂါနှင့် ရင်ဆိုင်နေရချိန်တွင် ရခိုင်ပြည်တွင်း၌ လက်နက်ကိုင်ပဋိပက္ခအရှိန်မြင့်နေခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများ ပိုမိုများပြားလာခြင်း၊ အင်တာနက် ဖြတ်တောက်ထားခြင်း၊ သတင်းသမားများအား တရားစွဲဆိုခြင်းကြောင့် နိုင်ငံတကာ အသိုင်းအဝိုင်းမှ စိုးရိမ်ပူပန်မှုနှင့် တနိုင်ငံလုံး လွှမ်းခြုံသည့် အပစ်အခတ်ရပ်စဲရေးကို ချက်ချင်းအကောင်အထည်ဖော်ရန် တောင်းဆိုမှုများရှိသော်လည်း ကုလသမဂ္ဂလုံခြုံရေး ကောင်စီအတွင်း ဗီတိုအာဏာကျင့်သုံး နိုင်သည့် မြန်မာအစိုးရအား ထောက်ခံအားပေးသော နိုင်ငံများကြောင့် ထိရောက်သည့် အရေးယူဆောင်ရွက်မှုများကို ပြုလုပ်နိုင်ခြင်း မရှိသည့်အပေါ် မြန်မာအစိုးရစစ်တပ်မှလည်း နိုင်ငံတကာ၏ ဖိအားကို ဂရုမစိုက်ဘဲ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအား အရှိန်အဟုန်မြှင့် တိုက်ခိုက်ခြင်းနှင့် ပြည်သူလူထုအပေါ် လူ့အခွင့်အရေး ချိုးဖောက်ခြင်းများကို ပိုမိုရဲတင်းစွာ ပြုလုပ်လာနိုင်သည်။

## ၄.၂. စစ်ရေးဆိုင်ရာ သုံးသပ်ချက်များ

(၁) ULA/AA ခြေကုတ်စခန်းများ၊ ခိုအောင်းနိုင်သော နေရာများအား မြန်မာအစိုးရ စစ်တပ်မှ ထိုးစစ်ဆင်နေချိန်တွင် ULA/AA မှလည်း အင်အား၊ လေ့ကျင့်မှုနှင့် တိုက်ပွဲအတွေ့အကြုံ နည်းသော ရဲတပ်ဖွဲ့များအား တိုက်ခိုက်ခြင်း၊ မိုင်းထောင်ခြင်း၊ ပို့ဆောင်ဆက်သွယ်ရေး လမ်းကြောင်းများတွင် ဖြတ်တောက် တိုက်ခိုက်ခြင်းများကို ဆက်လက်ဆောင်ရွက်နေနိုင်ပြီး နစ်ဖက်ရှုပ်ထွေးနေ သည်ကို အခွင့်ကောင်းယူ၍ ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင် ARSA မှလည်း ကြိုကြားကြိုကြား တိုက်ပွဲများ ဖော်လာနိုင်သည်။

(၂) နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သည့် WHO နှင့် WFP ယာဉ်တန်းများအား ပစ်ခတ်တိုက်ခိုက်ခြင်းသည် NLD အစိုးရအတွက် မျက်နှာပျက်၊ သိက္ခာကျဖွယ် ဖြစ်သည်။ ကျူးလွန်သည့် တပ်ဖွဲ့အနေဖြင့်လည်း စစ်ဖက်ဆိုင်ရာ ကျင့်ဝတ်စည်းကမ်းကို ချိုးဖောက်ရာရောက်သည်။ သို့ရာတွင် တဖက် အဖွဲ့အစည်းအား ဂုဏ်သိက္ခာကျဆင်းစေလိုသည့် ရည်ရွယ်ချက်ဖြင့် နိုင်ငံ၏သိက္ခာ၊ ပြည်သူလူထု၏ မျက်နှာကို မထောက်ထားဘဲ ပြုမူဆောင်ရွက်နေသည့် သဘောဖြစ်သည်။ ရေရှည်တွင် စစ်ဘေးရှောင်များ၏ စား၊ ဝတ်၊ နေရေး၊ လူထု၏ ကျန်းမာရေးကိုပါ ကျယ်ပြန့်စွာ ထိခိုက်လာနိုင်သည်။

(၃) စစ်ဘေးရှောင်များအား ကူညီကယ်ဆယ်ရေးလုပ်နေသော နိုင်ငံတကာအဖွဲ့အစည်းများအား ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်ခြင်းနှင့် ကျေးရွာများအား မီးရှို့ခြင်းကို တဖက်အဖွဲ့အစည်းအား နိုင်ငံရေးအရ သိက္ခာချရန် ရည်ရွယ်ချက်ဖြင့် အပြန်အလှန် ကျူးလွန်မှုများရှိလာနိုင်သည်။

(၄) ULA/AA အား အကြမ်းဖက် အဖွဲ့အဖြစ်သတ်မှတ်၍ နိုင်ငံရေးဆွေးနွေးပွဲဖြစ်စဉ်မှ ဖယ်ချန်ထားခြင်း၊ ULA/AA မှလည်း ရခိုင်ပြည်ရှိ မြန်မာအစိုးရ ယန္တရားနှင့် လက်နက်ကိုင်အဖွဲ့များအား လူထုနှင့်လက်တွဲ၍ မောင်းထုတ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခြင်း၊ မြန်မာအစိုးရစစ်တပ်မှ ရှမ်းပြည်၊ ရခိုင်ပြည်နှင့် ပလက်ဝမြို့နယ်များတွင် အသုံးပြုရန် ပြည်ထောင်စုလွှတ်တော်အတွင်း ဘဏ္ဍာငွေတောင်းခံခြင်းများကို ထောက်ရှု၍ နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး အဖြေရှာနိုင်မည့် အခင်းအကျင်းမှာ အလှမ်းဝေးသထက်ဝေးလာပြီး ရခိုင်ပြည်တွင်း လက်နက်ကိုင် ပဋိပက္ခ ပိုမိုပြင်းထန်လာနိုင်သည်ဟု သုံးသပ်ရသည်။

## ၄.၃. လူ့အခွင့်အရေးဆိုင်ရာ သုံးသပ်ချက်များ

(၁) မြန်မာအစိုးရစစ်တပ်မှ အရပ်ဖက်ပစ်မှတ်များအား ထိခိုက်မည်ကို အလေးမထားဘဲ ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဥပဒေမဲ့ ဖမ်းဆီးညှင်းပန်းမှုများရှိကြောင်းကို ယန်ဟီးလီး၏ ထုတ်ပြန်ချက်အား ဦးဇော်ဌေးမှ ငြင်းဆိုရာတွင် လည်းကောင်း၊ ကျောက်ဆိပ်ရွာမှ အရပ်သား (၅) ဦးအား ပုဏ္ဏားကျွန်းမှ စစ်တွေသို့ ပို့ဆောင်စဉ် ရေယာဉ်ပေါ်တွင် လူမဆန်စွာ နှိပ်စက်ခဲ့သည်မှာ မှန်ကန်ကြောင်းကို ထိုဗီဒီယိုထွက်ပေါ်လာပြီး နောက်ပိုင်း မြန်မာအစိုးရစစ်တပ်မှ ဝန်ခံခဲ့ခြင်းဖြင့်လည်းကောင်း ပေါ်လွင်ထင်ရှား စေသည်။

(၂) ULA/AA မှဟုယူဆရသော စွန့်လွှတ်မိုင်းများ၊ မြန်မာအစိုးရစစ်တပ်၏ လက်နက်ကြီးဖြင့် အကြောင်းမဲ့ပစ်ခတ်ခြင်း၊ အရပ်ပစ်မှတ်များအား ထိခိုက်မည်ကို ဂရုမစိုက်ဘဲ လေကြောင်းမှ ပုံးကြဲတိုက်ခိုက်မှုများကြောင့် အရပ်သားပြည်သူ ထိခိုက်မှုများ ဆက်လက်ရှိနေနိုင်သည်။

(၃) အရပ်သားများအား မြန်မာအစိုးရစစ်တပ်မှ လေကြောင်းမှ ပုံးကြဲခြင်း၊ လူနေ ရပ်ကွက်နှင့် ကျေးရွာများသို့ လက်နက်ကြီးဖြင့် အကြောင်းမဲ့ ပစ်ခတ်ခြင်း၊ ဝင်ရောက်ဖမ်းဆီးခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ ဖောက်ထွင်း လုယက်ခြင်းတို့အပြင် လွတ်လပ်စွာ ထုတ်ဖော်ရေးသားခွင့်အား အကြမ်းဖက် တိုက်ဖျက်ရေး ဥပဒေသုံး၍ ပိတ်ပင်ထားခြင်း၊ ရခိုင်ပြည်မြောက်ပိုင်းတွင် အင်တာနက်ပိတ်ဆို့၍ သတင်းအမှောင်ချထားခြင်းများကို နိုင်ငံတကာ အသိုင်း အဝိုင်းမှ ထိရောက်စွာ ဖိအားမပေးနိုင်သည့်အပြင် NLD အစိုးရ/ပါတီ ကိုယ်တိုင်မှ လည်း နှုတ်ဆိတ်နေခြင်းကြောင့် မြန်မာအစိုးရစစ်တပ်မှ လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် စစ်ရာဇဝတ်မှုများကို ပို၍ ပြောင်ပြောင်တင်းတင်း ကျူးလွန်လာ နိုင်သည်။

(၄) ရခိုင်ပြည်မြောက်ပိုင်းအား အင်တာနက်ဖြတ်တောက်ခြင်း၊ သတင်းသမားများအား အကြမ်းဖက် တိုက်ဖျက်ရေး ဥပဒေဖြင့် ခြိမ်းခြောက်၍ သတင်းအမှောင်ချထား ခြင်းမှာ မြန်မာအစိုးရစစ်တပ်အတွက် စစ်ဖက်ဆိုင်ရာ သတင်းလုံခြုံရေးအား ကာကွယ်ရန်အတွက်သာမက ၎င်းတို့၏ စစ်ရာဇဝတ်မှုနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများအား မပေါက်ကြားရအောင် ဖုံးဖိထားနိုင်ရန်အတွက်ဟု ယူဆရ သည်။

(၅) တိုက်ပွဲနှင့် မသက်ဆိုင်သည့် ဒဏ်ရာရအရပ်သားများအား သယ်ယူရန် ပုံစံဖြည့်၍ ပြည်နယ်ညွှန်မှူးနှင့် နယ်/လုံ ဝန်ကြီးတို့မှတဆင့် တိုင်းအထိတင်ပြ၍ အကြောင်းပြန်မှသာ သယ်ယူရမည်ဖြစ်ကြောင်း နယ်/လုံ ဝန်ကြီးမှပြောဆိုချက်မှာ တိုက်ပွဲတွင် ဒဏ်ရာရရှိသည့် ရန်သူကိုပင် ဆေးဝါးကုသပေးရမည့်ဆိုသည့် နိုင်ငံတကာစစ်ဖက်ဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများနှင့် ဆန့်ကျင်နေသည်သာမက လူတဦးချင်းစီ၏ အသက်ရှင်ရပ်တည်ရေးကိုပါ ထည့်သွင်းစဉ်းစားမှုမရှိကြောင်း ပေါ်လွင်ထင်ရှားစေသည်။

(၆) ULA/AA နှင့် မြန်မာအစိုးရစစ်တပ်တို့အကြား တိုက်ပွဲကာလအတွင်း၌ လူ့အခွင့်အရေးချိုးဖောက်မှုများအား ရခိုင်ပါတီ အမတ်များမှ လွှတ်တော်တွင်း၌ ဆွေးနွေးခွင့်အား ပိတ်ပင်ထားခြင်း၊ ANP အမတ်တချို့မှ အစိုးရ ထိပ်တန်းခေါင်းဆောင်များအား တိုင်ကြားခဲ့သော်လည်း လျစ်လျူရှုခံရခြင်းကြောင့် NLD ပါတီ/အစိုးရနှင့် လွှတ်တော်တွင်း နိုင်ငံရေးကို အယုံအကြည်ပျက်စရာ ဖြစ်စေသည်။ အကျိုးဆက်အနေဖြင့် လက်နက်ကိုင် ပဋိပက္ခနှင့် အပြန်အလှန် လက်စားချေမှုများ ပိုမိုကြီးထွားလာနိုင်သည်။

## ၄.၄. စစ်ဘေးရှောင်ဆိုင်ရာ သုံးသပ်ချက်များ

(၁) တိုက်ပွဲများ၊ ရမ်းသန်းပစ်ခတ်မှုများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် စစ်ဘေးရှောင်ဦးရေ ပိုမိုများပြားလာနိုင်ပြီး စခန်းတည်ဆောက်ခွင့်၊ ရိက္ခာပို့ဆောင်ခွင့်စသည်များကို ကန့်သတ်ထားသောကြောင့် ရခိုင်ပြည်တွင်းမှ တခြားနေရာများ၊ နိုင်ငံများသို့ ထွက်ခွါမှုများ ပိုမိုများပြားလာပြီး မိသားစုတကွဲတပြား နေထိုင်ရသူများပြားလာနိုင်သည်။

(၂) စစ်ဘေးရှောင်စခန်းများတွင် အစိုးရမှ ကျန်းမာရေးထောက်ပံ့မှု မလုံလောက်ခြင်းနှင့် သောက်သုံးရေသန့်ရရှိရန် အခက်အခဲကြောင့် မိုးရာသီတွင် ငှက်ဖျား၊ တုပ်ကွေးနှင့် ဝမ်းရောဂါများ ဖြစ်ပွါးလာနိုင်သည်။

(၃) ULA/AA အဖွဲ့မှ စစ်ဘေးရှောင်စခန်းများ အနီးတဝိုက်တွင် မိုင်းထောင်ခြင်း၊ လှုပ်ရှားခြင်း၊ ရိက္ခာဆက်ကြေး ကောက်ခံခြင်းများရှိနေမည်ဆိုပါက မြန်မာအစိုးရစစ်တပ်မှ ရိက္ခာဖြတ်တောက်ပိတ်ဆို့ခြင်းကြောင့် စစ်ဘေးရှောင်များအတွက်လည်း အကြပ်အတည်း ပိုမိုကြီးမားလာနိုင်သည်။

(၄) ရခိုင်ပြည်ရှိ တခြားမြို့နယ်များတွင် စစ်ဘေးရှောင်စခန်းများသို့ WFP မှ ပေးပို့သည့် ရိက္ခာကိုပင် ကန့်သတ်ထားပြီး ပလက်ဝရှိ ဒေသခံနှင့် စစ်ဘေးရှောင်များအတွက်

WFP မှ ရိက္ခာများကို ကုန်းလမ်းမှ အဆင်မပြေလျင် ရေလမ်းမှပို့ဆောင်ရန် စီစဉ်နေခြင်း၊ မိုးရာသီမတိုင်မီ အရေးပေါ် နေစရာပေးရန်အတွက် ပလက်ဝရှိ စစ်ဘေးရှောင်များကိုသာ ငွေကြေးကူညီရန် စီစဉ်နေခြင်းမှာ လူမျိုးရေးအရ ခွဲခြား ဆက်ဆံ စည်းရုံးသည့် သဘောဖြစ်နေသည်။

(၅) အစိုးရခွင့်ပြုချက်မရဘဲ စစ်ဘေးရှောင်စခန်းများ မဆောက်လုပ်ရန် အမိန့်ထုတ်ပြန်ခြင်း၊ စစ်ဘေးရှောင်စခန်းများအား တရားဝင်-တရားမဝင် ခွဲခြား၍ အထောက်အပံ့ကန့်သတ်ထားခြင်း၊ စာသင်ကျောင်းများရှိ စစ်ဘေးရှောင်စခန်းများအား စနစ်တကျ ပြန်လည်နေရာချထားခြင်းမရှိဘဲ ရွှေ့ပြောင်းပေးရန် ပြည်နယ်အစိုးရမှ ညွှန်ကြားချက်ထုတ်ပြန်ခြင်း၊ ရိက္ခာပို့ဆောင်ရာတွင် နယ်/လုံ ဝန်ကြီး၏ ထောက်ခံချက် ရှိမှသာ သွားလာခွင့်ပြုခြင်း၊ ULA/AA နှင့် အဆက်အသွယ်ရှိသည်ဟု ယူဆရုံသက်သက်ဖြင့် မြန်မာအစိုးရစစ်တပ်မှ ရိက္ခာဖြတ်တောက်ထားခြင်း အစရှိသည့် လုပ်ရပ်များမှာ လူတယောက်ချင်းစီ၏ အသက်ရှင်ရပ်တည်မှုကို အစိုးရနှင့် စစ်တပ်က အာမခံပေးရမည့်အစား ရည်ရွယ်ချက်ရှိရှိ ငြင်းပယ်သကဲ့သို့ ဖြစ်နေပေသည်။

(၆) စစ်ဘေးရှောင်စခန်းတွင် အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ရခြင်း၊ မြန်မာအစိုးရစစ်တပ်မှ မကြာခဏ ဝင်ရောက်စစ်ဆေးခြင်းကြောင့် လုံခြုံမှုမရှိဟု ခံစားရသဖြင့် နေရပ်ပြန်လိုကြသော်လည်း ရွာတွင်းသို့ စစ်တပ်မှ ဝင်ရောက်ဖမ်းဆီးမည်၊ ရွာပတ်ဝန်းကျင်တွင် တိုက်ပွဲပြန်လည်ဖြစ်ပွါးမည်ကို စိုးရိမ်နေကြရသည့် အပေါ်တွင် NLD အစိုးရ/ပါတီ အနေဖြင့် တစုံတရာ ဖြေရှင်းမပေးနိုင်သည်မှာ စစ်တပ်အပေါ်တွင် ဩဇာလွှမ်းမိုးနိုင်ခြင်းမရှိကြောင်း ထင်ရှားနေပေသည်။ သာမန်ရခိုင်ပြည်သူလူထုအတွက်မူကား NLD ပါတီ/အစိုးရသည် တာဝန်ယူမှု၊ တာဝန်ခံမှု ကင်းမဲ့သော၊ မြန်မာအစိုးရစစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် စစ်ရာဇဝတ်မှုများကို တားဆီးရန် ပျက်ကွက်သော အစိုးရတရပ်အဖြစ်သာ အမြင်ရောက်စေသည်။

## ၄.၅. အထွေထွေ လူမှု-စီးပွါးရေးဆိုင်ရာ သုံးသပ်ချက်များ

(၁) ULA/AA မှဟုယူဆရသော စွန့်လွှတ်မိုင်းများ၊ မြန်မာအစိုးရစစ်တပ်၏ လက်နက်ကြီးဖြင့် အကြောင်းမဲ့ပစ်ခတ်ခြင်း၊ အရပ်ပစ်မှတ်များအား ထိခိုက်မည်ကို ဂရုမစိုက်ဘဲ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများကြောင့် အရပ်သားပြည်သူ ထိခိုက်မှုများ ဆက်လက်ရှိနေနိုင်ပြီး ကျေးလက်နေပြည်သူများ၏ လုပ်ရှားသွားလာရေး၊ ရှာဖွေစားသောက်ရေး ပိုမိုကြပ်တည်း လာနိုင်သည်။

(၂) တိုက်ပွဲနှင့် Covid-19 ကြောင့် ပို့ဆောင်ဆက်သွယ်ရေး လမ်းကြောင်းများ ပြတ်တောက်ခြင်း၊ အခြေခံအဆောက်အအုံများ ပျက်စီးခြင်းများဖြစ်ပေါ်ကာ စီးပွါးရေးနှင့် ကူးသန်းရောင်းဝယ်ရေးကို ထိခိုက်လာနိုင်သည်။ ဆန်စပါး ကောင်းစွာ မစိုက်ပျိုးရခြင်း၊ မရိတ်သိမ်းရခြင်း၊ နေရပ်စွန့်ခွါထွက်ပြေးရ၍ ပစ္စည်းဥစ္စာဆုံးရှုံးခြင်း၊ ရေလုပ်ငန်းမှ ထွက်ကုန်ပစ္စည်းများအား ရခိုင်ပြည်ပြင်ပသို့ တင်ပို့ရောင်းချခြင်း မရခြင်းတို့ကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် ရေလုပ်ငန်းကို အဓိကထားနေရသော ရခိုင်ပြည်၏ စီးပွါးရေးမှာ ယိမ်းယိုင်လာ နိုင်သည်။

(၃) ရခိုင်ပြည်မြောက်ပိုင်းတွင် အင်တာနက်ဖြတ်တောက်ထား၍ Covid-19 ဆိုင်ရာ သတင်းအချက်အလက်များ မရရှိခြင်း၊ တိုက်ပွဲများကြောင့် သွားလာရန်ခက်ခဲ၍ Covid-19 ပစ္စည်းများအား ရခိုင်ပြည်အနှံ့ လှည့်လည် လှူဒါန်းရန်ခက်ခဲခြင်း၊ ပြည်ပမှ အစုလိုက်အပြုံလိုက် ပြန်လာသူများအား စနစ်တကျ Quarantine မပြုလုပ်ခြင်း၊ စာသင်ကျောင်းများ၌ Quaranine ဝင်နေသူများအား အစိုးရမှ စနစ်တကျ နေရာချထားပေးရန် မစီစဉ်ဘဲ (၁၅.၀၆.၂၀) ရက်နေ့ နောက်ဆုံးထား၍ ရွှေ့ပြောင်းခိုင်းခြင်း၊ ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်းများမှ ပြန်လည် ဝင်ရောက်လာသူများထံမှ ရောဂါပြန့်ပွါးနိုင်ခြင်း၊ ဆေးရုံဆေးခန်းများ၌ ခေတ်မီ ကာကွယ်ကုသရေး ပစ္စည်းကိရိယာများ မပြည့်စုံခြင်းတို့ကြောင့် ရခိုင်ပြည်တွင် Covid-19 ပြန့်ပွါးလာပါက ထိန်းချုပ်ရန် ခက်ခဲနိုင်သည်။

## ၅။ အကြံပြုချက်များ

### ၅.၁. နိုင်ငံရေးဆိုင်ရာ အကြံပြုချက်များ

(၁) NLD အစိုးရ/ပါတီ အနေဖြင့် မြန်မာအစိုးရစစ်တပ်၏ လူမျိုးရေးဆန်သည့် ဖိနှိပ်မှုများကြားတွင် ရပ်တည်ချက်နှင့် လုပ်နည်းလုပ်ဟန် မှားယွင်းလျင် ဗမာမဟုတ်သော တခြားတိုင်းရင်းသားများ၏ အယုံအကြည်ပျက်ခြင်း၊ ရခိုင်အမျိုးသားပါတီများနှင့် မိတ်ဖက်သဘောမှ ရန်ဖက်သဘောဆောင်ပြီး ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တိုက်ပွဲဝင်နေသော ပါတီအဖြစ်မှ လူမျိုးရေးဖိနှိပ်မှုတွင် စစ်အုပ်စု၏ ကိုယ်ပွါးပါတီ တခုအဖြစ်သို့ ရောက်မှန်းမသိ ရောက်သွားမည်ကို သတိပြုသင့်သည်။

(၂) NLD အစိုးရ/ပါတီ အနေဖြင့် ဒေါက်တာအေးမောင်အား လာမည့်ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိတော့ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ကြေငြာခြင်းသည် ရခိုင်အမျိုးသားရေး အင်အားစုများအား တမင်တကာဖိနှိပ်ခြင်းဖြစ်သည်ဟု ပြည်သူလူထုမှ အမြင်ရှိနေသည့်အပေါ်တွင် ဒီမိုကရေစီ ထွန်းကားရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေးကို လိုလားသည်ဆိုသော သဘောထားကြီးကြီး ထား၍ ပြန်လည်သုံးသပ်သင့်သည်။

(၃) NLD အစိုးရ/ပါတီ အနေဖြင့် ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်၊ WFP နှင့် UNHCR တို့ အပေါ်တွင် အပြုသဘောမဆောင်သည့် ပြစ်တင်စွပ်စွဲမှုများကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းကြားတွင် မိမိနိုင်ငံ၏ ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းစေနိုင်ကြောင်း သတိပြုသင့်သည်။

(၄) NLD အစိုးရ/ပါတီ နှင့် မြန်မာအစိုးရစစ်တပ်တို့ အနေဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်း၍ အဖြေရှာနိုင်မှသာ လက်နက်ကိုင်ပဋိပက္ခကို ချုပ်ငြိမ်းစေနိုင်မည် ဖြစ်သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအား နိုင်ငံရေးဆွေးနွေးပွဲများတွင် အသွင်အမျိုးမျိုးဖြင့် ခွဲခြားဆက်ဆံခြင်း၊ ဖယ်ချန်ထားခြင်းမပြုဘဲ တန်းတူရေးအခြေခံဖြင့် ပါဝင်သင့်၊ ပါဝင်ထိုက်သူအားလုံး ပါဝင်လာနိုင်စေရန် လမ်းဖွင့်ပေးသင့်သည်။

(၅) ULA/AA အနေဖြင့် မူးယစ်ဆေးဝါးရောင်းဝယ်ရေးနှင့် ပတ်သက်မိပါက ရေရှည်တွင် နိုင်ငံတကာ အသိုင်းအဝိုင်းမှ ထောက်ခံအားပေးမှု လျော့နည်းကျဆင်း လာမည်ကိုလည်းကောင်း၊ မိမိ၏ မဟာမိတ်အဖွဲ့အစည်းများအား မြန်မာအစိုးရစစ်တပ်မှ ဖိအားပေးမှုများကိုလည်းကောင်း၊ မြန်မာအစိုးရနှင့် အိမ်နီးချင်းနိုင်ငံအစိုးရများ ပူးပေါင်း၍ နှိမ်နင်းလာနိုင်သည်ကိုလည်းကောင်း သတိပြုသင့်သည်။

(၆) ပြည်တွင်း/ပြည်ပမှ ဖက်ဒရယ်ဒီမိုကရေစီအရေး လှုပ်ရှားတက်ကြွသူများအနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာအစိုးရစစ်တပ်ဖက်မှ ရပ်တည်ကျားကန်ပေးနေသော တချို့နိုင်ငံများကြောင့် မြန်မာအစိုးရစစ်တပ်အား ထိရောက်စွာ ဒဏ်ခတ်အရေးယူရန် မဖြစ်နိုင်သလောက် ရှိနေသည်ကို ကျော်လွှားနိုင်မည့် နည်းလမ်းများရှာဖွေသင့်သည်။ မိမိတို့အား စာနာနားလည် သဘောင်ရှိသော တချို့အိမ်နီးချင်း နိုင်ငံများသည် ၎င်းတို့၏အကျိုးစီးပွါးအတွက် အလွှာစုံ ဆက်ဆံရေးဖြင့် မြန်မာအစိုးရစစ်တပ် အာဏာတည်မြဲစေရန် အားပေးကာကွယ်နေသူများ ဖြစ်ကြောင်းကို နားလည်သင့်သည်။

## ၅.၂. စစ်ရေးဆိုင်ရာ အကြံပြုချက်များ

(၁) နစ်ဖက်တပ်ဖွဲ့များ အနေဖြင့် လူနေရပ်ကွက်နှင့် ကျေးရွာများအတွင်း၌ သော်လည်းကောင်း၊ အနီးပတ်ဝန်းကျင်၌သော်လည်းကောင်း စခန်းချခြင်း၊ ခိုအောင်းနေထိုင်ခြင်း၊ တိုက်ပွဲဖော်ထုတ်ခြင်း၊ အများပြည်သူ အသုံးပြုနေသည့် ပို့ဆောင်ဆက်သွယ်ရေး လမ်းကြောင်းများ၌ မိုင်းထောင်ခြင်း စသည်တို့ကို ရှောင်ရှားသင့်သည်။

(၂) နစ်ဖက်တပ်ဖွဲ့များ အနေဖြင့် ပြည်သူလူထု၏ စား၊ ဝတ်၊ နေရေးနှင့် ကျန်းမာရေး အတွက် အကူအညီအထောက်အပံ့ပေးနေသော WHO နှင့် WFP ဝန်ထမ်းများ၊ ယာဉ်တန်းများအား နိုင်ငံရေးအမြတ်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် ဂုဏ်သရေမဲ့စွာ တိုက်ခိုက်ခြင်း၊ ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်းများကို (လုံးဝ) ရှောင်ရှားသင့်ပြီး NLD အစိုးရ/ပါတီ အနေဖြင့်လည်း အဆိုပါ စစ်ရာဇဝတ်မှုများအတွက် အမှုမှန်ပေါ်ပေါက်စေရန် နိုင်ငံတကာမှဂုဏ်သရေရှိ ပုဂ္ဂိုလ်များဖြင့် သီးခြားလွတ်လပ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့အား ဖွဲ့စည်း၍ ဖော်ထုတ်ခွင့်ပေးသင့်သည်။

(၃) မြန်မာအစိုးရစစ်တပ်အနေဖြင့် နစ်ပေါင်း (၇၀) ကျော် လက်နက်ကိုင်လမ်းစဉ်ဖြင့် ပြည်ထောင်စု တည်ဆောက်ရန် ကြိုးပမ်း၍ မအောင်မြင်ခဲ့သည်ကို သတိသံဝေဂရသင့်သည်။ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးနိုင်သည့် အခွင့်အရေးများအား အာမခံချက်ရှိသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအား တည်ဆောက်နိုင်မှသာ ပြည်တွင်းစစ်ချုပ်ငြိမ်းမည်ဖြစ်ပြီး၊ ထိုအခါမှသာ နစ်စဉ် မလိုအပ်ဘဲ သုံးစွဲနေရသည့် သန်းပေါင်းများစွာသော စစ်သုံးစရိတ်များကို နိုင်ငံတည်ဆောက်ရေးတွင် အသုံးပြုကာ ဖွံ့ဖြိုးမှုနောက်အကျဆုံးနိုင်ငံအဖြစ်မှ ရုန်းထွက်နိုင်မည်ကို ထည့်သွင်းစဉ်းစားသင့်သည်။

## ၅.၃. လူ့အခွင့်အရေးဆိုင်ရာ အကြံပြုချက်များ

(၁) NLD အစိုးရ/ပါတီ အနေဖြင့် မြန်မာအစိုးရစစ်တပ်မှ လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် စစ်ရာဇဝတ်မှုများ မကျူးလွန်စေရန် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး အခြေခံဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရှိ အာမခံချက် ပေးသင့်သည်။ အရပ်ဖက် အစိုးရ၏ အုပ်ချုပ်မှုကိုမနာခံသော စစ်တပ်၏ ကျင့်ဝတ်သိက္ခာမဲ့လုပ်ရပ်များအား အကာအကွယ်

ပေးနေခြင်းဖြင့် ပြည်သူလူထု၏ အကျိုးကိုဆောင်ရာမရောက်ဘဲ လက်တဆုပ်စာ စစ်အာဏာရှင်များ၏ အကျိုးစီးပွါးအား ကာကွယ်နေရာ ရောက်ကြောင်းကို ဆင်ခြင်သင့်သည်။

(၂) အသွင်အမျိုးမျိုးဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ဘက်လိုက်မှုကင်းကင်းဖြင့် လွတ်လပ်စွာ ကြားနာစစ်ဆေးမှုများ ပြုလုပ်ပေးသင့်သည်။ နစ်နာဆုံးရှုံးသူများ၏ ပြောဆိုချက်များ၊ တိုင်ကြားချက်များကို စနစ်တကျ မှတ်တမ်းယူ၍ ထိရောက်စွာ စုံစမ်းစစ်ဆေးမှု ပြုသင့်သည်။

(၃) အရပ်ဖက်ပြည်သူလူထုအပေါ်တွင် စစ်ရာဇဝတ်မှုကျူးလွန်သော လက်နက်ကိုင် တပ်ဖွဲ့ဝင် များအား စစ်ခုံရုံးဖြင့် တရားစီရင်ရာတွင် ပွင့်လင်းမြင်သာမှုရှိသင့်ပြီး အရပ်ဖက်တရားရုံးများ၌လည်း တရားစွဲဆို စီရင်ခွင့်ရှိသင့်သည်။

(၄) ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ရန်နှင့် အသွင်အမျိုးမျိုးဖြင့် လူ့အခွင့် အရေး ချိုးဖောက်မှုများအား ဖော်ထုတ်နိုင်ရန် လွတ်လပ်စွာပြောဆိုရေးသားခွင့်မှာ မရှိမဖြစ်လိုအပ်သဖြင့် သတင်းမှန်ကို ထုတ်ဖော်ပြောဆို ရေးသားသူများ၊ သတင်း ဌာနများအား မတရားသင်း ဆက်သွယ်မှု ဥပဒေ၊ အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေများဖြင့် စွပ်စွဲရုံးတင်ခြင်း၊ အင်တာနက်ဖြတ်တောက်၍ သတင်းအမှောင် ချထားခြင်းများကို အမြန်ဆုံးရုတ်သိမ်းသင့်သည်။

(၅) အရေးပေါ်လူနာအား ပို့ဆောင်ရန် ပြည်နယ်ညွှန်မှူးနှင့် နယ်/လုံ ဝန်ကြီးတို့မှ တဆင့် တိုင်းအထိတင်ပြ၍ အကြောင်းပြန်မှသာ သယ်ယူရမည် ဆိုသည့် သတ် မှတ်ချက်မှာ တိုက်ပွဲတွင် ဒဏ်ရာရရှိသည့် ရန်သူကိုပင် ဆေးဝါးကုသပေးရမည့် ဆိုသည့် နိုင်ငံတကာ စစ်ဖက်ဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများနှင့် ဆန့်ကျင် နေသည်သာမက လူတဦးချင်းစီ၏ အသက်ရှင်ရပ်တည်ရေးကိုပါ ထည့်သွင်း စဉ်းစား မှုမရှိရာ ရောက်သဖြင့် ထိုသတ်မှတ်ချက်အား (လုံးဝ) ပယ်ဖျက်သင့်သည်။ အစိုးရအား ဆန့်ကျင်သည့် လက်နက်ကိုင် အဖွဲ့အစည်းတခုခုနှင့် ပတ်သက်နေ စေကာမူ ဒဏ်ရာရသူတိုင်း ဆေးဝါးကုသ ခံပိုင်ခွင့်ရှိသည်။

(၆) NLD အစိုးရ/ပါတီ အနေဖြင့် ရခိုင်ပြည်တွင်း လူ့အခွင့်အရေး ချိုးဖောက်မှု များနှင့် ပတ်သတ်၍ လွှတ်တော်တွင်း၌ ဆွေးနွေးခွင့်အား ပိတ်ပင်ထားခြင်း၊ တိုင်ကြား ချက်များအား လျစ်လျူရှုထားခြင်းသည် မိမိတို့ တည်ဆောက်လိုသည့် ဒီမိုကရေစီ စနစ်ကို မိမိတို့ဘာသာ ဖျက်ဆီးရာရောက်နေသဖြင့် လုပ်နည်းလုပ်ဟန် ပြုပြင်ပြောင်းလဲရန် လိုအပ်သည်။

## ၅.၄. စစ်ဘေးရှောင်ဆိုင်ရာ အကြံပြုချက်များ

(၁) NLD အစိုးရ/ပါတီ အနေဖြင့် စစ်ဘေးရှောင်များ ခိုလှုံရန် လိုအပ်သော စခန်းများအား ဆောက်လုပ်ခွင့်မပေးပါက၊ စစ်ဘေးရှောင်များအား စာသင်ကျောင်းများတွင် ဆက်လက်လက်ခံထားရန် မဖြစ်နိုင်တော့ပါက တခြားဘေးကင်းလုံခြုံသော နေရာများ၌ ပြန်လည်နေရာချထားရေးကို စနစ်တကျ ပြုလုပ်ပေးသင့်သည်။ စစ်ဘေးရှောင်စခန်းများအတွင်းရှိ စား၊ ဝတ်၊ နေရေး၊ ပညာကျေး၊ ကျန်းမာရေးနှင့် လုံခြုံရေး ပြဿနာများအား တာဝန်ယူမှု၊ တာဝန်ခံမှုရှိရှိဖြင့် ပြေလည်အောင် ဖြေရှင်းပေးသင့်သည်။ စစ်ဘေးရှောင်စခန်းများအား တရားဝင်-တရားမဝင် ခွဲခြားခြင်း၊ ကွက်ကျား ထောက်ပံ့ခြင်းများကို ရှောင်ရှားသင့်သည်။ စစ်ဘေးရှောင် စခန်းများသို့ အခြေခံ စားနပ်ရိက္ခာနှင့် အသုံးအဆောင်များ ပို့ဆောင်ခွင့်ကို လွတ်လပ်စွာ ခွင့်ပြုပေးသင့်ပြီး ULA/AA မှ စစ်ဘေးရှောင် အယောင်ဆောင်၍ ရိက္ခာထုတ်ယူသည်ဆိုခြင်းမှာ သီးခြားဖြေရှင်းရမည့်ကိစ္စဖြစ်သည်။ ဂုဏ်သိက္ခာရှိစွာနှင့် စိတ်ချလုံခြုံစွာ နေရပ်ပြန်နိုင်ရေးအတွက် စစ်ဘေးရှောင်များအား လိုအပ်သည့် ပံပိုးကူညီမှုများ ပြုလုပ်ပေးသင့်သည်။

(၂) မြန်မာအစိုးရ လက်နက်ကိုင်တပ်ဖွဲ့များကြောင့် ပြည်သူလူထု၏ နစ်နာဆုံးရှုံးမှုများအတွက် ထိုက်သင့်သည့် လျော်ကြေးကို အမြန်ဆုံးပေးရန်နှင့် ထိုသို့ပေးရာတွင် လာဘ်စားခြစားမှု၊ အဂတိလိုက်စားမှု ကင်းရှင်းစေရန် သီးခြားလွတ်လပ်သော စောင့်ကြည့်ရေးစနစ်ကိုလည်း ခွင့်ပြုပေးသင့်သည်။

(၃) နစ်ဖက် လက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် အရပ်သားများအား လူသားဒိုင်းကာပြု၍ စစ်ဘေးရှောင်စခန်းများတွင် ခိုအောင်းနေထိုင်ခြင်း၊ စခန်းအနီးတဝိုက်တွင် လှုပ်ရှားခြင်း၊ မိုင်းထောင်ခြင်း၊ တိုက်ပွဲဖော်ခြင်း၊ ရိက္ခာဆက်ကြေး ကောက်ခံခြင်း၊ စစ်ဘေးရှောင်စခန်းသို့ ပေးပို့သည့် ရိက္ခာများအား ဖြတ်တောက်ပိတ်ဆို့ခြင်း အစရှိသော စစ်ဖက်ဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများနှင့် မကိုက်ညီသော အပြုအမူများကို ရှောင်ရှားသင့်သည်။


## ၅.၅. အထွေထွေ လူမှု-စီးပွါးရေးဆိုင်ရာ အကြံပြုချက်များ

(၁) နစ်ဖက် လက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် စွန့်လွှတ်မိုင်းထောင်ခြင်း၊ အရပ်ဖက်ပစ်မှတ်များအား ရမ်းသမ်းပစ်ခတ် တိုက်ခိုက်ခြင်း အစရှိသည်များကို (လုံး၀) ရှောင်ကြဉ်သင့်သည်။ အများပြည်သူသွားလာသည့် ပို့ဆောင်ဆက်သွယ်ရေး


လမ်းကြောင်းများတွင် တိုက်ပွဲဖော်ထုတ်ခြင်း၊ လူထုအားကိုးအားထား ပြုနေရသည့် အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးစေခြင်း အစရှိသည်များကို အတတ်နိုင်ဆုံး ဆင်ခြင်သင့်သည်။ လယ်ယာစိုက်ပျိုးရေးနှင့် ရေလုပ်ငန်းကို ကောင်းမွန်စွာ မလုပ်ကိုင်နိုင်ပါက အခြေခံလူတန်းစားများ အနေဖြင့် စား၊ ဝတ်၊ နေရေး ကြပ်တည်းမည်သာမက ပို့ဆောင်ဆက်သွယ်ရေး အခက်အခဲကြောင့် လုပ်ငန်းရှင် များ အနေဖြင့် ကူးသန်းရောင်းဝယ်ရေး အခွင့်အလမ်းများ ဆုံးပါးမည်ကိုပါ ထည့်သွင်း စဉ်းစားသင့်သည်။

(၂) Covid-19 ကပ်ရောဂါ ဆိုက်ကပ်နေသည့်အချိန်တွင် နှစ်ဖက်တပ်ဖွဲ့များအနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွါးကို ထောက်ထားငဲ့ညှာသောအားဖြင့် ယာယီဖြစ်စေ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲ၍ သက်ဆိုင်ရာ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား ကာကွယ်ကုသရေး လုပ်ငန်းများကို လွတ်လပ်စွာ ဆောင်ရွက်ခွင့် ပေးသင့်သည်။ NLD အစိုးရ/ပါတီအနေဖြင့်လည်း ကပ်ရောဂါ ကြိုတင်ကာကွယ်ရေးကိစ္စများကို စီမံချက်ရှိရှိဖြင့် စနစ်တကျ ဆောင်ရွက်ပေးသင့်သည်။

## ၄. Infographics




## ၂၀၂၀ ခုနှစ်၊ မေလအတွင်း မြို့နယ်အလိုက် ဖမ်းဆီး၊ ဒဏ်ရာရ၊ သေဆုံး၊ ပျောက်ဆုံး စာရင်း





AASYC

## ၂၀၂၀ ခုနှစ်၊ မေလအတွင်း မြို့နယ်အလိုက် လူ့အခွင့်အရေး ချိုးဖောက်မှုစာရင်း





AASYC

## ၂၀၂၀ ခုနှစ်၊ မေလအတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုစာရင်း




AASYC

## ၂၀၂၀ ခုနှစ်၊ မေလအတွင်း အစိုးရတပ်မတော်နှင့် ULA/AA တို့ တိုက်ပွဲ ဖြစ်ပွားမှု အရေအတွက်




AASYC

သုတေသနနှင့် မှတ်တမ်းဌာန

ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC)

Email: aasyc.ghq@gmail.com

www.aasyc.info

ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC) သုတေသနနှင့် မှတ်တမ်းဌာန မှ ထုတ်ဝေသည်။